ကြေးမုံ
The Mirror Daily
Established in 1957
၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်၊ စနေနေ့။ Saturday 21 December 2019 ၉၈၇၀

**အမြဲတည်ခြင်းသည် မရှိချေ**

**အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သော သဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သော သဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ)**

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

# လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ တတိယအကြိမ် အစည်းအဝေး ကျင်းပ

# ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြား





ဒုတိယသမ္မတ ဦးမြင့်ဆွေ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ တတိယအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၀**

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ တတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အမျိုးသားကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်အောင်သူ၊ ဦးတင်မြင့်၊ ဦးဝင်းမော်ထွန်းနှင့် ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**လုပ်ငန်းတာဝန် (၁၁)ရပ်ချမှတ်**

ရှေးဦးစွာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက **မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့် မဟာဗျူဟာစီမံချက်**ပါ လုပ်ငန်းအစီအစဉ်များနှင့် တိုးချဲ့ဆောင်ရွက်ရန်ရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **"လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီ"** ကို ဒုတိယသမ္မတ ဦးဆောင်၍ ၁၂ ဦးဖြင့် လုပ်ငန်းတာဝန် ၁၁ ရပ်ချမှတ်ကာ ဖွဲ့စည်းခဲ့ပါကြောင်း။

လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **"လုပ်ငန်းကော်မတီ"**၊ **"နည်းပညာအထောက်အကူပြုကော်မတီ"** နှင့် **"စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်းကော်မတီ"** တို့ကို ဖွဲ့စည်းပြီး လုပ်ငန်းများ ဆောင်ရွက်နေသည့်အပြင် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

# လာမည့်နှစ်တွင် ရင်းနှီးမြှုပ်နှံမှု ပမာဏကြီးမားသည့် သတ္တုတူးဖော်ရေးလုပ်ငန်းများ ခွင့်ပြုပေးရန်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

လာမည့်နှစ်တွင် ရင်းနှီးမြှုပ်နှံမှု ပမာဏကြီးမားသည့် သတ္တုတူးဖော်ရေးလုပ်ငန်းများ ခွင့်ပြုပေးရန်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှု ပမာဏကြီးမားသော သတ္တုတူးဖော်ရေးလုပ်ငန်းများသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်က ကျန်ခဲ့သည့် လုပ်ငန်းအမျိုးအစားများဖြစ်ပြီး ယင်းလုပ်ငန်းများကို ခွင့်ပြုပေးရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းသည့် လုပ်ငန်းမျိုးဖြစ်စေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ စနစ်တကျ စိစစ်နေခြင်းဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

"လာမယ့်နှစ်ထဲမှာတော့ ပြီးခဲ့တဲ့ နှစ်က ကျန်နေတဲ့ လုပ်ငန်းမျိုးတွေ လာမယ်လို့ မျှော်လင့်ပါတယ်၊ ဒါဘာလဲဆိုရင် နှစ်ကုန်မှာ ကျွန်တော်ပြောခဲ့တယ်၊ မိုင်းနဲ့ပတ်သက်တဲ့လုပ်ငန်းတွေ လာလိမ့်မယ်၊ ဒီဟာတွေနဲ့ပတ်သက်လို့လည်း နိုင်ငံတော်က သက်ဆိုင်ရာဝန်ကြီးဌာနတွေက အသေးစိတ် **စာမျက်နှာ ၇ ကော်လံ ၁ သို့ ○**

ကြေးမုံ ယနေ့ ဖတ်စရာ

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး စာမျက်နှာ » ၄

အပြည်ပြည်ဆိုင်ရာတရားရုံး ICJ ကြားနာမှုဆိုင်ရာ အတွေ့အကြုံများ စကားဝိုင်းကျင်းပ စာမျက်နှာ » ၁၀



ကြေးမုံ

# ရပ်ရွာငြိမ်းချမ်းမှ တိုင်းပြည်ငြိမ်းချမ်းမည်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒီဇင်ဘာ ၁၉ ရက်နေ့က ရခိုင်ပြည်နယ် မာန်အောင်မြို့ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ် ရခိုင်ပြည်နယ်သို့ လာရောက်ရခြင်းအကြောင်းကို ပြောကြားခဲ့သည်။

ဒေသခံပြည်သူများအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားရာ၌ မိမိတို့နိုင်ငံတစ်နိုင်ငံလုံးသည် မိမိတို့၏ ပြည်ထောင်စုဖြစ်ကြောင်း၊ အေးချမ်းနေသည့် နေရာများ၊ မအေးချမ်းသည့် နေရာများသည်လည်း မိမိတို့၏ ပြည်ထောင်စုဖြစ်ကြောင်း၊ မအေးချမ်းသည့်နေရာများကို မိမိတို့ပို၍ ဂရုစိုက်ဖို့လိုကြောင်း ပြောကြားခဲ့သည်။ ဆက်လက်၍ ပြည်ပက ဘာလုပ်လုပ်၊ ဘာလုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ မိမိတို့၏ နိုင်ငံအတွင်းမှာ ပြဿနာဖြစ်လျှင် မိမိတို့ကိုယ်တိုင်ဖြေရှင်းဖို့ တာဝန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုကဲ့သို့ပင် နိုင်ငံတစ်နိုင်ငံ၏ တစ်စိတ်တစ်ပိုင်း အဆင်မပြေလျှင် တစ်နိုင်ငံလုံးကိုထိပါးပြီး ထိုသို့ထိသည်ဆိုသည့် စိတ်ဓာတ်လည်းထားရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ထိုစိတ်ဓာတ်မျိုးကို ရခိုင်ပြည်နယ်ကဲ့သို့ တည်ငြိမ်မှုရှိသင့်သလောက် မရှိသည့်နေရာများတွင် ပြည်သူလူထုတစ်ယောက်ချင်းတစ်ယောက်ချင်းက ထိုစိတ်ဓာတ်မျိုးထားရန် အသိပေးခဲ့သည်။ "ငါ့ထိမှ ထိတာမဟုတ်ဘူး။ အခြားသူတွေထိရင်လည်း ငါ့ကိုထိတယ်။ ငါတို့မြေပေါ်မှာနေတဲ့ အေးအတူပူအမျှ တစ်လှေတည်းစီးတဲ့သူတွေထဲက တစ်ယောက်ထိရင် ငါတို့အားလုံးကို ထိတယ်" ဟူသည့် စိတ်ဓာတ်များထားရှိဖို့လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မှာကြားခဲ့သည်။

ရခိုင်ပြည်နယ်သည် ပဋိပက္ခပြဿနာများကြောင့် ဆယ်စုနှစ်ပေါင်းများစွာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့သည်။ ထိုသို့နောက်ကျ ကျန်ခဲ့သောကြောင့် နိုင်ငံတော်အစိုးရက အထူးဂရုစိုက်ဆောင်ရွက်ပေးနေသည်။ ပြည်သူ့အစိုးရအနေဖြင့် ရခိုင်ပြည်နယ်တွင် လက်နက်ကိုင်ပဋိပက္ခဖြစ်မှ ကြည့်ရှုခြင်းမဟုတ်ဘဲ ၂၀၁၆ ခုနှစ် နိုင်ငံ့တာဝန်ယူစဉ်ကတည်းက ရခိုင်ပြည်နယ် ပြဿနာများကို ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ဆောင်ရွက်ပေးသည်ကို မလိုလားမရှုဆိတ်သောကြောင့် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တွင် အကြမ်းဖက်သမားများက ဝင်ရောက်တိုက်ခိုက်ပြီး မြန်မာနိုင်ငံကို ဖိအားပေးအောင်၊ အမြင်စောင်းအောင် ပြုလုပ်ခဲ့ကြသည်။

ထို့နောက် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပေါ်လာရာ ရခိုင်ပြည်နယ်ဒေသအချို့တည်ငြိမ်မှုပျက်ပြားခဲ့ရသည်။ တည်ငြိမ်အေးချမ်းမှုအားနည်းသော ရခိုင်ပြည်နယ်ကို အစိုးရက အထူးဂရုစိုက်အလေးပေးပြီး ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို လုပ်ဆောင်ပေးနေသည်။ ဒေသတစ်ခု မတည်ငြိမ်လျှင် တစ်နိုင်ငံလုံး မတည်ငြိမ်သကဲ့သို့၊ ဒေသတစ်ခု မငြိမ်းချမ်းလျှင် တစ်နိုင်ငံလုံး မငြိမ်းချမ်းသကဲ့သို့၊ ဒေသတစ်ခု မဖွံ့ဖြိုးလျှင် တစ်နိုင်ငံလုံး မဖွံ့ဖြိုးသကဲ့သို့ စိတ်ထားပြီး ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နေရာ မိမိတို့ဒေသထိခိုက်မည့် အရေးကိစ္စမှန်သမျှ ထိခိုက်မှုမရှိအောင် ရှောင်ရှားကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။ ရခိုင်ပြည်နယ်ကို နိုင်ငံတော်အစိုးရက အထူးအလေးပေးပြီး ဒေသဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ဒေသတစ်ခုဖွံ့ဖြိုးမှ တိုင်းပြည်တစ်ခုလုံးဖွံ့ဖြိုးမည်ဖြစ်ရာ မိမိတိုင်းပြည်ကို အမှန်တကယ် ချစ်မြတ်နိုးလျှင် မိမိရေ၊ မြေကို ချစ်မြတ်နိုးလျှင် ဒီရေ၊ ဒီမြေ၊ ဒီနိုင်ငံအား ထိပါးမည့် မည်သည့်ကိစ္စကိုမဆို ရှောင်ရှားပြီး တစ်တိုင်းပြည်လုံး တည်ငြိမ်အေးချမ်းရေးအတွက် မိမိဒေသ တည်ငြိမ်အေးချမ်းရေးတွင် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၀

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီ အစည်းအဝေးကို ကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဦးဆောင်၍ ယနေ့မွန်းတည့် ၁၂ နာရီတွင် အမျိုးသားလွှတ်တော်ရေးရာဆောင် (I-20) ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ(၁) ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ အတွင်းရေးမှူး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်နှင့် အဖွဲ့ဝင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်တို့ တက်ရောက်ခဲ့ကြသည်။



အဆိုပါ အစည်းအဝေးတွင် ကော်မတီအဖွဲ့ဝင်များသည် ကော်မတီမှ ရေးသားပြုစုထားသည့် အစီရင်ခံစာမူကြမ်းကို တည်းဖြတ်ပြင်ဆင်ခဲ့ကြသည်။

သတင်းစဉ်

# ဒိုင်ရ်လူမျိုးနွယ်စုတို့၏ ရိုးရာယဉ်ကျေးမှုပွဲတော် ကျင်းပ




ကန်ပက်လက် ဒီဇင်ဘာ ၂၀

ချင်းပြည်နယ်တောင်ပိုင်း ကန်ပက်လက်မြို့နယ်တွင် ဒိုင်ရ်လူမျိုးနွယ်စုတို့၏ ရိုးရာယဉ်ကျေးမှုပွဲတော် (Daai Music Concert) ကို ဒီဇင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် အဆိုပါမြို့ အထကဘောလုံးကွင်း၌ ကျင်းပသည်။

ပွဲတော်အခမ်းအနားသို့ ချင်းပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးဖွေအား တက်ရောက်ခဲ့ပြီး ဒိုင်ရ်လူမျိုးနွယ်စုမှ တေးသံရှင်များက ခေတ်ပေါ်သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ နှာခေါင်းဖြင့် ပလွေမှုတ်ခြင်း၊ ဒိုင်ရ်မျိုးနွယ်စု၏ အဖွဲ့လိုက်အကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ဒိုင်ရ်ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်ကပြခြင်းဖြင့် နောင်မျိုးဆက်သစ်လူငယ်များ မိမိတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို မပျောက်ပျက်အောင် လက်ဆင့်ကမ်း ထိန်းသိမ်းတတ်စေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

ဝေမင်းသူ(ကြေးမုံ)

# ညောင်တုန်းမြို့၌ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲနှင့် စာအုပ်ပြပွဲကျင်းပ

ညောင်တုန်း ဒီဇင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုဟောပြောပွဲနှင့် စာအုပ်ပြပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်လှိုင်က (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲနှင့် စာအုပ်ပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းမှ ဦးမြင့်ဟန်က လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် လွတ်လပ်ရေးနေ့အကြောင်း သိကောင်းစရာများကို ဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲနှင့် စာအုပ်ပြပွဲကို အမက တောရကျောင်းမှ ကျောင်းသား ကျောင်းသူ ၅၀ တက်ရောက်ခဲ့ပြီး ခင်းကျင်းပြသထားသည့် စာအုပ်များအား စိတ်ဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

ဝဠာနိုင်(ညောင်တုန်း)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၀-၁၂-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၅၀၀ | ၆၄၂ | ၇,၂၉၉,၅၀၀ |
| MTSH | ၃,၈၀၀ | ၃,၈၅၀ | ၇၆၄ | ၂,၉၀၄,၆၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၅ | ၄၁,၀၀၀ |
| FPB | ၂၂,၅၀၀ | ၂၃,၀၀၀ | ၅၀၁ | ၁၁,၂၇၃,၀၀၀ |
| TMH | ၂,၉၀၀ | ၂,၈၅၀ | ၄၅ | ၁၂၈,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၂၀

ရန်ကုန်(ရွှေဈေး) ၁၁၈၁၅၀၀ မန္တလေး(ရွှေဈေး) ၁၁၈၁၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၆၅ ကျပ် | ၉၆၀/၉၈၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၅၀/၉၈၀ ကျပ် | ၁၀၃၀/၁၀၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၄၀/၈၈၅ ကျပ် | ၉၂၅/၉၃၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၀/၉၈၀ ကျပ် | ၉၇၅/၉၉၅ ကျပ် |

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၈၇၃/၈၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၈၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၇၄/၇၈၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၉၉.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၆၈.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၃.၉၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၉.၆၉၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၂.၀၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၀၇၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၇၁.၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၉.၄၃ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၄.၃ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၀၆.၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



## ပြည်ထောင်စုဆိုတာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံဖြစ်

**ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုပါ။ ပြည်ထောင်စုဆိုတာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ဖွဲ့စည်းထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကျွန်မတို့ ဘာလုပ်ငန်းလုပ်လုပ် ပြည်ထောင်စုကြီး အကျိုးအတွက် ဘယ်တော့မှ မမေ့ဘဲနဲ့ လုပ်စေချင်ပါတယ်။ ကျွန်မတို့ ပြည်ထောင်စုသူ၊ ပြည်ထောင်စုသားအားလုံးအတွက် အကျိုးရှိအောင် စဉ်းစားပြီး လုပ်စေချင်ပါတယ်။ ပြီးတော့ ပြည်ထောင်စုသူ၊ ပြည်ထောင်စုသားအားလုံး ပိုမိုပြီးတော့ နီးစပ်လာအောင်၊ ညီညွတ်လာအောင် ၊ ပိုမိုပြီးတော့ စည်းလုံးလာအောင် လုပ်ပေးမယ့်ပုံစံမျိုးလည်း ဖြစ်စေချင်ပါတယ်။**

*[နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၃-၈-၂၀၁၈ ရက်နေ့တွင် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ(၁/၂၀၁၈) အစည်းအဝေးတွင် ပြောကြားသည့် အဖွင့်အမှာစကားမှ ကောက်နုတ်ချက်]*

**✻ ရှေ့ဖုံးမှ**

လုပ်ငန်းအမျိုးအစားအလိုက် လိုအပ်သည့် ဆပ်ကော်မတီများကိုလည်း ဖွဲ့စည်းသွားနိုင်ရေး ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါကြောင်း။

“လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီ”၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၈ ခုနှစ် ဇွန် ၁၅ ရက်တွင်လည်းကောင်း၊ ဒုတိယအကြိမ် အစည်းအဝေးကို ၂၀၁၉ ခုနှစ် မတ် ၁ ရက်တွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေး ဆုံးဖြတ်ချက်ပေါင်း (၂၄)ချက်တွင် ဆောင်ရွက်ပြီး (၉)ချက်နှင့် ဆောင်ရွက်ဆဲ (၁၅)ချက်ရှိသည်ကို တွေ့ရပါကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် ပြည်သူလူထုအတွက် အကျိုးရှိသည့်လုပ်ငန်းများဖြစ်သည့်အတွက် ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်း အချိန်ကာလသတ်မှတ်ကာ အမြန်ပြီးစီးရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

### အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်အစိုးရအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် **“မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့် မဟာဗျူဟာစီမံချက်”** နှင့် **“မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်မှုကဏ္ဍစီမံကိန်း ကာလလတ် (၂၀၁၈–၂၀၂၃)”** တို့ကို ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်က စတင်ခဲ့သည့် “လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ” တွင် အထူးသဖြင့် **“လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်”** များသည် “အကျိုးခံစားခွင့်ရှိသူ အရေအတွက်” နှင့် “အကောင်အထည်ဖော်သည့် နေရာဒေသ” နှစ်ခုစလုံး မြန်မြန်ဆန်ဆန် ကြီးမားကျယ်ပြန့်လာသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ပြင် “အထောက်အပံ့ပြုရသည့်ငွေကြေးပမာဏ” သည်လည်း များပြားလာသည်ကို တွေ့ရပြီး လာမည့်နှစ်အနည်းငယ်အတွင်းတွင်လည်း ယခုထက်ကြီးမားကျယ်ပြန့်လာမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် “လုပ်ငန်းအကောင်အထည်ဖော်မှုနှင့် စီမံခန့်ခွဲမှုအပိုင်း”၊ “စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်းအပိုင်း”နှင့် “တိုင်ကြားမှုများအား လက်ခံဖြေရှင်းဆောင်ရွက်ခြင်းအပိုင်း” များတွင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် နည်းပညာကို အသုံးပြုထားသည့်စနစ်တစ်ရပ် ထူထောင်အသုံးပြုသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

### နိုင်ငံတော်၏ ရန်ပုံငွေဖြင့် အကောင်အထည်ဖော်နေ

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် “ရေရှည်ရန်ပုံငွေရရှိရေး” သည် အရေးကြီးသည့်အချက်ဖြစ်ပါကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးသည့် အစီအစဉ်များ၏ ရန်ပုံငွေအရင်းအမြစ်များကိုကြည့်ပါက ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်ကစပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် သက်ကြီးရွယ်အိုများအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကြေးအထောက်အပံ့ပေးသည့် “လူမှုရေးပင်စင်အစီအစဉ်”၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် အကောင်အထည်ဖော်နေသည့် “ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသောအသက်(၂)နှစ်အောက်ကလေးသူငယ်များအားငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ် (Maternal and Child Cash Transfer Program – MCCT)” နှင့် “လူမှုအားမာန် (Integrated Self–help Group – ISHG)” အစီအစဉ်တို့ကို နိုင်ငံတော်၏ ရန်ပုံငွေဖြင့် အကောင်အထည်ဖော်နေခြင်းဖြစ်ပါကြောင်း။

ချင်းပြည်နယ်တွင် အကောင်အထည်ဖော်သည့် MCCT အစီအစဉ်သည် ကနဦး (၂)နှစ် နှင့် (၄)လအတွက် “အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာ ဖူလုံရေး ရန်ပုံငွေအဖွဲ့ (Livelihood and Food Security Trust Fund – LIFT)” ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ လက်ရှိဘဏ္ဍာရေးနှစ်ကစပြီး “ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး” တို့တွင် အကောင်အထည်ဖော်မည့် MCCT အစီအစဉ်သည် “နိုင်ငံတော်အစိုးရ၏ ရန်ပုံငွေနှင့် ကမ္ဘာ့ဘဏ်၏ အတိုးနှုန်းသက်သာသည့်ချေးငွေ” တို့ ပေါင်းစပ်ထားသည့် Co–financing နည်းလမ်းဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထောက်ပံ့ငွေများ၊ ချေးငွေများဖြင့် ပေါင်းစပ်အကောင်အထည်ဖော်ခြင်းသည် နည်းလမ်းတစ်ခုဖြစ်သော်လည်း ရေရှည်တွင် နိုင်ငံတော်ရန်ပုံငွေဖြင့်သာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

“လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန” ၏ ဘတ်ဂျက်ရရှိမှုပမာဏသည် နည်းပါးသဖြင့် နှစ်စဉ်တိုးချဲ့သွားမည့် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းအစီအစဉ်များ ဆောင်ရွက်ရန် ရန်ပုံငွေ အခက်အခဲရှိနိုင်သည့်အတွက် ဘတ်ဂျက်လျာထားချက်တွင် ထည့်သွင်းစဉ်းစား စီမံဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် “စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန” နှင့် “လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန” တို့အကြား လိုအပ်သည်များ ကြိုတင်ညှိနှိုင်း ဆောင်ရွက်ထားကြရန် ပြောကြားလိုပါကြောင်း။

**လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ပြီး ပြည်သူလူထုထံကို တိုက်ရိုက်အကျိုးဖြစ်စေသော လုပ်ငန်းဖြစ်သည့်အတွက် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး၊ ပေါင်းစပ်ညှိနှိုင်းရေးနှင့် ရန်ပုံငွေရရှိရေးကိစ္စများတွင် “ဝန်ကြီးဌာနများအချင်းချင်းအကြား”၊ “ဝန်ကြီးဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား” ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလို**

### မဖြစ်မနေ ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် သာမန်အားဖြင့်ကြည့်ပါက ငွေကြေးအကုန်အကျများသည်ဟု ထင်ရသော်လည်း နိုင်ငံသူ၊ နိုင်ငံသားများ၏ “လူမှုစီးပွားထိခိုက်လွယ်မှု အခြေအနေများကို လျှော့ချပေးရန်”၊ “လူသားအရင်းအနှီး ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်” နှင့် “အခြေခံဝင်ငွေအထောက်အပံ့ဖြစ်စေရန်” အတွက် မဖြစ်မနေ ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်သည့်အတွက် အဆိုပါလုပ်ငန်းများကို နိုင်ငံတကာတွင်လည်း လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက ဆောင်ရွက်နေကြပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ရေရှည်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းကာ လိုအပ်သည်များကို ကြိုတင်စီမံ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ထို့ပြင် ယခုဘဏ္ဍာရေးနှစ်ကစပြီး လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအတွက် ငွေကြေးအထောက်အပံ့ပေးသည့် အစီအစဉ်များကို နည်းပညာအသုံးပြုပြီး ဆောင်ရွက်သွားမည်ဟု သိရှိရသည့်အတွက် အဆိုပါနည်းပညာအသုံးပြုပြီး ငွေကြေးထောက်ပံ့သည့်အခါတွင် စာရင်းအစစ်ဆေးခံနိုင်ရေးအတွက်လည်း ကြိုတင်ပြင်ဆင်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် နိုင်ငံတော်၏ အဓိကမဟာဗျူဟာမြောက် အစီအစဉ်ဖြစ်သည့် **“မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP)”** တွင် ပါဝင်သည့် မဟာဗျူဟာမြောက်လုပ်ငန်းတစ်ခုလည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် နိုင်ငံတော်၏ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ပြီး ပြည်သူလူထုထံကို တိုက်ရိုက်အကျိုးဖြစ်စေသော လုပ်ငန်းဖြစ်သည့်အတွက် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး၊ ပေါင်းစပ်ညှိနှိုင်းရေးနှင့် ရန်ပုံငွေရရှိရေးကိစ္စများတွင် “ဝန်ကြီးဌာနများအချင်းချင်းအကြား”၊ “ဝန်ကြီးဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား” ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်းနှင့် ယနေ့အစည်းအဝေးကို တက်ရောက်လာသည့် တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ လိုအပ်သည့်အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက “အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများ”နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်စန်းစန်းအေးက “ကျင်းပပြီးစီးခဲ့သည့် အစည်းအဝေးများ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ” နှင့် “ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး” တို့တွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် “ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ် (Maternal and Child Cash Transfer Program – MCCT)” တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လင်းထင်က လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး “လူမှုဆိုင်ရာစီမံခန့်ခွဲမှု သတင်းအချက်အလက်နည်းပညာ (Social Management Information System – SMIS)” ၊ “စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်း (Monitoring and Evaluation)” နှင့် “အီလက်ထရွန်နစ်စနစ်ဖြင့် ငွေကြေးထောက်ပံ့ခြင်း (Electronic Cash Transfer– ECT)” တို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဝင် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်အောင်သူ၊ ဦးဝင်းမော်ထွန်း၊ ဦးတင်မြင့်နှင့် ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန်များဖြစ်ကြသည့် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် ဒေါ်နိုင်သက်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဒေါ်ရင်ရင်အုန်းနှင့် ဒေါ်သိင်္ဂီဦးတို့က ဝန်ကြီးဌာနများအလိုက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးဆုံးဖြတ်ချက် (၇)ချက် ချမှတ်ကာ အတည်ပြုချက်ရယူသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## ၁၃၈၁ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲ ဖိတ်စာထုတ်ယူရန် နှိုးဆော်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကြီးမှူးကျင်းပမည့် ၁၃၈၁ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲကို ဒီဇင်ဘာလ ၂၈ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

သက်ကြီးစာပေပညာရှင်များနှင့် မြို့နယ်စာရေးဆရာအသင်းများ တက်ရောက်နိုင်ရေးအတွက် မြို့နယ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများသည် ဒီဇင်ဘာလ ၂၃ ရက်မှစ၍ အမှတ် (၁၇၃/၁၇၅)၊ (၇)လွှာ၊ ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ်ရှိ မြန်မာနိုင်ငံစာရေးဆရာအသင်းရုံးတွင် ဖိတ်စာများထုတ်ယူရန် နှိုးဆော်အပ်ပါသည်။

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုပြီးဖြစ်သည့် **ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို** လွှတ်တော်နှစ်ရပ် သဘောတူညီသည့် ဥပဒေကြမ်းများအဖြစ် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားပါကြောင်း၊ အဆိုပါဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်နိုင်ရန်အတွက် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ပေးပို့ထားပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၁ အရ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူ၍ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော **သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ဥပဒေကြမ်း၏အပိုဒ် (၇)ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ဥပဒေကြမ်း၏ အပိုဒ် ၅ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၆ အပိုဒ်ခွဲ(င)၊ အပိုဒ် ၁၄ နှင့် အပိုဒ် ၄၈ တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့် အညီ ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြရာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးစိုးသိန်း (ခေါ်) ဦးမောင်စိုးက ဆွေးနွေးခဲ့ပြီး ပြည်ထောင်စုလွှတ်တော် နာယက က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဥပဒေကြမ်း ပူးပေါင်းကော်မတီတို့၏ သဘောထားမေးမြန်း၍လည်းကောင်း၊ ဥပဒေကြမ်း၏ အပိုဒ် ၁၂၊ အပိုဒ် ၃၄ ခြေဆင်း၊ အပိုဒ် ၃၈ နှင့် အပိုဒ် ၅၅ တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြချက်ကိုလည်းကောင်း လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကက သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို လွှတ်တော်ကဆုံးဖြတ်ထားသည့်အတိုင်း ပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၉ နှင့်အညီ နိုင်ငံတော်သမ္မတထံသို့ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း အသိပေးကြေညာသည်။

ထို့နောက် **လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်းက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြရာ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး ပြည်ထောင်စုလွှတ်တော်နာယက က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဥပဒေကြမ်း ပူးပေါင်းကော်မတီတို့၏ သဘောထားမေးမြန်း၍ လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုခဲ့သည့် အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်နှစ်ရပ် အတည်ပြုချက်အတိုင်းလည်းကောင်း၊ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အတိုင်းလည်းကောင်း ပြန်လည်ပြင်ဆင်၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ **လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးနေမျိုးထွန်းက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့ပြင် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင်က ယင်းဥပဒေကြမ်း၏ အပိုဒ်(၄) အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ်(၃) ကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်း၏ အတည်ပြုချက်အတိုင်း အတည်ပြုပေးနိုင်ပါရန် အဆိုပြုချက်နှင့် အပိုဒ် ၁၅ အပိုဒ်ခွဲ(ဂ)ကို ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုပေးနိုင်ပါရန် အဆိုပြုချက်တို့ကို တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခေါ်) ဦးမောင်စိုးက ဆွေးနွေးရာ ပြည်ထောင်စုလွှတ်တော်နာယက က စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီတို့၏ သဘောထားမေးမြန်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုခဲ့သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုခဲ့သည့် အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်နှစ်ရပ် အတည်ပြုချက်အတိုင်းလည်းကောင်း၊ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်များအတိုင်းလည်းကောင်း၊ ပြန်လည်ပြင်ဆင်၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက **ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလ နိဂုံးချုပ်အမှာစကား**ပြောကြားရာတွင် အစည်းအဝေးကာလတစ်လျှောက်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ လွှတ်တော်ဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုကို အထောက်အကူဖြစ်စေမည့် ၂၀၂၀ ပြည့်နှစ်အတွက် လွှတ်တော်ပုံမှန်အစည်းအဝေးများ ကျင်းပပြုလုပ်မည့် ရက်ကာလလျာထားချက်ကိုလည်း ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ အဆိုပါလျာထားချက်အပေါ်မူတည်၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့အလိုက်ဖြစ်စေ လုပ်ဆောင်ရန်ရှိသည့် လွှတ်တော်ဆိုင်ရာလုပ်ငန်းများအတွက် ကြိုတင်စီမံပြီး အကျိုးရှိရှိအသုံးပြုနိုင်ရန် မျှော်လင့်ပါကြောင်း၊ အလားတူ လွှတ်တော်ပူးပေါင်းကော်မတီများအနေဖြင့်လည်း ဆက်လက်လုပ်ဆောင်ကြရမည့် လုပ်ငန်းစဉ်များကို ဦးစားပေးအလိုက် စနစ်တကျနှင့် အောင်မြင်ပြီးစီးအောင် စီမံပြင်ဆင်ကြရန် မှာကြားလိုပါကြောင်း။



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်



ဥပဒေကြမ်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး



တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၀)မှ ဦးစိုးသိန်း (ခေါ်)ဦးမောင်စိုး



ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင် ဦးနေမျိုးထွန်း

### ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ခွင့်အဆိုပြုချက်များမှာ ယနေ့အထိ ၄၉ မြို့နယ်သာ ရောက်ရှိထား

၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ခွင့်အဆိုပြုချက်များမှာ ယနေ့အထိ ၄၉ မြို့နယ်သာ ရောက်ရှိထားပါကြောင်း၊ ကျန်ရှိသည့် မြို့နယ်များအနေဖြင့် အချိန်မီပေးပို့ကြရန် မှာကြားလိုပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုအဖြစ် တည်ဆောက်နိုင်ရန် ကြိုးစားဆောင်ရွက်နေကြသည့် ယခုကာလတွင် လွှတ်တော်ကိုယ်စားလှယ်များအားလုံး နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် မှန်ကန်သည့် စေတနာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါစေ။ ပြည်သူများအတွက် အမြဲတမ်းတာဝန်ရှိသည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည်နှင့်အညီ ပြည့်စုံခိုင်မာသည့် ဥပဒေများထွက်ပေါ်လာရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်မြေဒေသအလိုက် အခြေခံလိုအပ်ချက်များ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးတို့အတွက် ကြိုးစားဆောင်ရွက်ပေးနိုင်ကြပါစေ။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအားလုံး ၂၀၂၀ ပြည့်နှစ် နှစ်သစ်တွင် ကျန်းမာရွှင်လန်းစွာဖြင့် ပြန်လည်တွေ့ဆုံနိုင်ကြပါစေကြောင်း ဆုမွန်တောင်းရင်း နှုတ်ဆက်လိုက်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ ကျင်းပပြီးစီးပြီဖြစ်ပါကြောင်းနှင့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ပြီးမြောက်ပြီဖြစ်ကြောင်း ကြေညာသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

---

## ၂၀၂၀ ပညာသင်နှစ်တွင် တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်များ၌ ကျောင်းအပ်နှံကြမည့် အစီအစဉ်နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနက အသိပေးကြေညာချက်ထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ကျောင်းအပ်နှံကြမည့် အစီအစဉ်နှင့်စပ်လျဉ်း၍ အဝေးသင်သင်တန်း ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် မိဘပြည်သူများသို့ ပညာရေးဝန်ကြီးဌာနက အသိပေးကြေညာချက်တစ်ရပ် ထုတ်ပြန်ထားသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး အဝေးသင်သင်တန်း ပထမနှစ်ဝင်ခွင့်ရ ကျောင်းသား ကျောင်းသူများသည် မိမိတို့မူလဝင်ခွင့်ရရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ဒီဇင်ဘာ ၂၃ ရက်မှစတင်၍ ကိုယ်တိုင် ကျောင်းအပ်နှံရန်နှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထားပြီး ကျောင်းအပ်နှံကြရန်ဖြစ်ကြောင်း။

အလားတူ ၂၀၁၉ ခုနှစ်မတိုင်မီ တက္ကသိုလ်ဝင်စာမေးပွဲအောင်ပြီး ပထမနှစ် တက်ရောက်မည့် ကျောင်းသားများနှင့် ပထမနှစ် ကျရှုံးကျောင်းသားများသည်လည်း ၂၀၂၀ ပြည့်နှစ် မတ် ၃၁ ရက် နောက်ဆုံးထားပြီး မပျက်မကွက် ကျောင်းအပ်နှံကြရန်ဖြစ်ကြောင်း။

ကျောင်းအပ်နှံခြင်း၊ ကျောင်းပြောင်းရွှေ့ခြင်း၊ ကျောင်းရပ်နားခြင်း၊ ကျောင်းမှနုတ်ထွက်ခြင်းစသည့် သင်တန်းရေးရာနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအား ကျောင်းသား ကျောင်းသူကိုယ်တိုင် သက်ဆိုင်ရာကျောင်းများသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ကြရန်နှင့် အဆိုပါကိစ္စများအား ဆောင်ရွက်ရာတွင် ပေးသွင်းရမည့် သတ်မှတ်ငွေကြေးမှအပ အခြားငွေကြေးများ တစ်စုံတစ်ရာပေးရန် မလိုအပ်ကြောင်း။

ကျောင်းသား ကျောင်းသူများအနေဖြင့် အဝေးသင်သင်တန်းများ၏ သတ်မှတ်ချက်ဖြစ်သော Assignment များကို သက်ဆိုင်ရာကျောင်းတွင် မပျက်မကွက်အချိန်မီတင်သွင်းကြရန်နှင့် သိပ္ပံလက်တွေ့တန်း၊ နည်းပြတန်းနှင့် ဝိဇ္ဇာအနီးကပ်သင်တန်းများကို အချိန်ပြည့် တက်ရောက်ကြရန်ဖြစ်ကြောင်း။

တက္ကသိုလ်များ၏ဖွံ့ဖြိုးတိုးတက်မှု၊ ပညာရပ်ဆိုင်ရာ၊ စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကြံပြုစာများပေးပို့လိုပါက ဒုတိယအမြဲတမ်းအတွင်းဝန် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအမှတ်(၁၃) (email : dpsoffice@moe.edu.mm) သို့မဟုတ် အဆင့်မြင့်ပညာဦးစီးဌာန နေပြည်တော် (email : suggestbox. studentaffairs. dhe@gmail. com) သို့ ဆက်သွယ်ပေးပို့ရန်ဖြစ်ကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗီယက်နမ်နိုင်ငံ Ha Long Bay အတွင်း ကြည့်ရှုလေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံ Quang Ninh ပြည်နယ် Cam Pha မြို့ရှိ Ha Long Bay (ဟလောင်းပင်လယ်အော်) အတွင်း အပျော်စီးရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**ကြည့်ရှုလေ့လာ**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်အောင်ဇေယျနှင့် တာဝန်ရှိသူများနှင့်အတူ Ha Long Bay အတွင်း အပျော်စီးရေယာဉ်ဖြင့် လှည့်လည်၍ သဘာဝအတိုင်းဖြစ်တည်နေသော ထုံးကျောက်တောင်များ၊ လိုဏ်ဂူများ၊ ပုံသဏ္ဌာန်မျိုးစုံရှိသော ကျွန်းများနှင့် သာယာလှပသော သဘာဝရှုခင်းများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



# ဂျပန်ရုပ်ရှင်ပွဲတော် နေပြည်တော်တွင် စတင်ဖွင့်လှစ်ပြသ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ဂျပန်ရုပ်ရှင်ပွဲတော်ဖွင့်ပွဲနှင့် စတင်ပြသခြင်းအခမ်းအနားကို ယနေ့ညနေ ၄ နာရီခွဲက နေပြည်တော်ရှိ အောင်သပြေရုပ်ရှင်ရုံ၌ ကျင်းပသည်။

**ရုံပြည့်အားပေးကြည့်ရှု**

ရုပ်ရှင်ပွဲတော်တွင် ဂျပန်ဒါရိုက်တာ Akio Fujimoto ၏ ၂၀၁၄ ခုနှစ်က ရိုက်ကူးခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ ရုံတင်ပြသခဲ့သည့် “Passage of Life”ရုပ်ရှင်ဇာတ်ကားကိုပြသရာ ပရိသတ်များ ရုံပြည့်တက်ရောက်အားပေး ကြည့်ရှုကြသည်။ ယင်းဇာတ်လမ်းအကျဉ်းမှာ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဗီဇာမပါဘဲ ရွှေ့ပြောင်းနေထိုင်သည့် မြန်မာမိသားစု၏ ၂၀၁၀ ပြည့်နှစ်ဝန်းကျင်မှ ဖြစ်ရပ်မှန်ကို အခြေခံရိုက်ကူးထားခြင်းဖြစ်သည်။ ဇာတ်လမ်းတွင် မြန်မာမိသားစုသည် အမိနိုင်ငံ ပြန်ရမည့်နေ့ရက်ကို မျှော်မှန်းရင်း ရုန်းကန်လှုပ်ရှားနေရပုံ၊ မိမိတို့ ဘယ်နိုင်ငံနှင့် သက်ဆိုင်သလဲဟု ဝေခွဲရခက်နေပုံများကို ဖော်ကျူးထားသည်။

ရုပ်ရှင်ပွဲတော်ဖွင့်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ကိုယ်စား) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် တက်ရောက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ ဒုတိယအကြီးအကဲ Mr. MAEDA Toru က အမှာစကား ပြောကြားသည်။



ဂျပန်ရုပ်ရှင်ပွဲတော်ကို နေပြည်တော်ရှိ အောင်သပြေရုပ်ရှင်ရုံ၌ ဒီဇင်ဘာ ၂၁ ရက်တွင် ရုံဝင်ကြေးအခမဲ့ဖြင့် ဆက်လက်ပြသမည်ဖြစ်ရာ မွန်းလွဲ ၁ နာရီခွဲတွင် ဒါရိုက်တာ Inudo Isshin ၏ ၂၀၁၉ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ ရုံတင်ပြသခဲ့သော “Samurai Shifters”ကို ပြသမည်ဖြစ်သည်။ ၎င်းဇာတ်လမ်းအကျဉ်းမှာ ရှေးခေတ်ဂျပန်နိုင်ငံမှ နယ်စားကြီးတစ်ဦးကို နယ်ခြားသို့ ပြောင်းရွှေ့မိန့်ထုတ်ပြန်ခဲ့ပုံနှင့် ၎င်းပြောင်းရွှေ့ရေးကိစ္စကို စာကြမ်းပိုးအဖြစ် ထင်ရှားသည့် စာကြည့်တိုက်မှူးက တာဝန်ယူဆောင်ရွက်ရပုံကိုအခြေခံပြီး ရိုက်ကူးတင်ဆက်ထားသည်။

ထို့နောက် ညနေ ၄ နာရီခွဲတွင် ဒါရိုက်တာ Suzuki Masayuki ရိုက်ကူးပြီး ၂၀၁၉ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ ရုံတင်ပြသခဲ့သော “Masquerade Hotel” ဇာတ်ကားကို ပြသမည်ဖြစ်သည်။ ထိုဇာတ်လမ်းအကျဉ်းမှာ လျှို့ဝှက်ဆန်းကြယ်ဇာတ်လမ်းတွဲ၏ ပထမတွဲဖြစ်ပြီး စုံထောက်တစ်ဦးက ဟိုတယ်ဝန်ထမ်းအယောင်ဆောင်ကာ လူသတ်မှုကွင်းဆက် စုံစမ်းဖော်ထုတ်ပုံကို တင်ဆက်ထားသည်။

**နှစ်စဉ်ကျင်းပ**

ဂျပန်ရုပ်ရှင်ပွဲတော်ကို မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ် ကမ္ဘာတစ်ဝန်းတွင် မကြာမီက ရုံတင်ပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကား ၁၁ ကားကို အခမဲ့ပြသမည်ဖြစ်ပြီး နေပြည်တော်ရှိ အောင်သပြေရုပ်ရှင်ရုံ၌ ဒီဇင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ရုပ်ရှင်ဇာတ်ကားသုံးကား၊ ရန်ကုန်မြို့ရှိ နေပြည်တော်၊ JCGV(Junction City) နှင့် မင်္ဂလာ(တာမွေ) ရုပ်ရှင်ရုံတို့တွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၀ ရက်မှ ၁၉ ရက်အထိ ရုပ်ရှင်ဇာတ်ကား ၁၀ ကား၊ မန္တလေးမြို့ရှိ ဝင်းလိုက်ရုပ်ရှင်ရုံတွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ရုပ်ရှင်ဇာတ်ကား ခြောက်ကားပြသမည်ဖြစ်၍ ပရိသတ်များ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**ဟန်လင်းအောင်(FDC)**

# Outcomes– Based Education Framework Workshop ကျင်းပ

**သန်လျင် ဒီဇင်ဘာ ၂၀**

သမဝါယမတက္ကသိုလ်(သန်လျင်)၏ အရည်အသွေးစီမံခန့်ခွဲမှုဦးစီးကော်မတီနှင့် AUN– QA တို့ပူးပေါင်း၍ “Applied Approach to Designing and Implementing Outcomes– Based Education Framework Workshop” အလုပ်ရုံဆွေးနွေးပွဲကို သမဝါယမတက္ကသိုလ်(သန်လျင်) ဥတ္တရဆောင်ခန်းမတွင် ဒီဇင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ လေးရက်ကြာ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် AUN–QA နှင့် သမဝါယမတက္ကသိုလ်များ၊ သမဝါယမကောလိပ်များ၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်နှင့် ယွန်းပညာကောလိပ်(ပုဂံ)မှ ဆရာ ဆရာမ ၃၆ ဦးနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြပြီး Mr. Johnson Ong (AUN – QA Expert & Founder and Principal of Education Quality Intentional) နှင့် Dr. Jenny Nguyen Thi Ngoc (Accreditor in Viet–Nam and AUN–QA Assessor)တို့က ဦးဆောင်ဆွေးနွေးခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများရေးဆွဲရာ၌ Stakeholder များ၏ လိုအပ်ချက်များကို စစ်တမ်းများကောက်ယူရန် လိုအပ်ကြောင်း၊ ရလဒ်အခြေပြုပညာရေး၏ အခြေခံအတွေးအခေါ်များနှင့် Bloom's Taxonomy နှင့်စပ်လျဉ်းသည့် ဆောင်ရွက်ရန် အချက်များကို စာတွေ့၊ လက်တွေ့ အပြန်အလှန် လေ့လာဆွေးနွေးခဲ့ကြသည်။ သဘောသဘာဝမတူညီသော တက္ကသိုလ်/ကောလိပ်များမှ ဆရာ ဆရာမ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့သည့်အတွက် OBE နှင့်ပတ်သက်သည့် မတူကွဲပြားသော အယူအဆများကို အမြင်ချင်းဖလှယ်နိုင်ခြင်း၊ လက်ရှိသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများအပေါ် အကဲဖြတ်သုံးသပ်၍ AUN– QA စံနှုန်းများအတိုင်း အရည်အသွေးပြည့်စေရန် ညှိနှိုင်းအဖြေရှာခဲ့ကြသည်။ သက်ဆိုင်ရာ တက္ကသိုလ်/ ကောလိပ်များတွင် Outcomes– Based Education ကို အခြေခံ၍ ASEAN University Network Quality Assurance စံနှုန်းများနှင့်အညီ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများ ပြုပြင်ရေးဆွဲနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြသည်။

ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ သမဝါယမတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးပေးကြသူများနှင့် AUN– QA Expert များကို ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ ထို့နောက် တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမ ၃၆ ဦးအား ပါမောက္ခချုပ် နှင့် Mr. Johnson Ong တို့က AUN– QA အသိအမှတ်ပြုသင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **သတင်းစဉ်**



# စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသိပညာပေးသင်တန်းဆင်း

**ကဝ ဒီဇင်ဘာ ၂၀**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသိပညာပေးသင်တန်းဆင်းပွဲကို ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ခမေကြီးကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဒီဇင်ဘာ ၁၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဇင်ဦးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာကျော်ဇာနည်အောင်က ယခုသင်တန်းဖွင့်လှစ်ခြင်းကြောင့် ရရှိမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ သင်တန်းဆင်းပွဲသို့ သင်တန်းသား ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချစ်နှင်းသုန်(ပြန်/ဆက်)**







## သတင်းထုတ်ပြန်ချက်

# နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့စ်ဘဇားရှိ နေရပ်စွန့်ခွာသွားသူများနှင့် တွေ့ဆုံခဲ့

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေး ဦးဆောင်သောအဖွဲ့ဝင် (၉)ဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် AHA Centre မှ ကိုယ်စားလှယ်များပါဝင်သည့် ASEAN-ERAT အဖွဲ့ဝင်များနှင့်အတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့စ်ဘဇားစခန်းသို့ ၁၈-၁၂-၂၀၁၉ ရက်နေ့မှ ၁၉-၁၂-၂၀၁၉ ရက်နေ့အထိ သွားရောက်ခဲ့သည်။


မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ASEAN-ERAT အဖွဲ့ဝင်များ ကော့စ်ဘဇားရှိ တိုးချဲ့စခန်းအမှတ်(၄)တွင် နေရပ်စွန့်ခွာသူများနှင့်တွေ့ဆုံ၍ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပတ်သက်သည့် မြန်မာအစိုးရမှ ဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားစဉ်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ASEAN-ERAT အဖွဲ့ဝင်များနှင့်အတူ ၁၈-၁၂-၂၀၁၉ ရက်၊ နံနက်ပိုင်းတွင် ဒါကာမြို့မှ ကော့စ်ဘဇားသို့လေကြောင်းခရီးဖြင့် သွားရောက်ခဲ့ပြီး၊ ကော့စ်ဘဇားရှိ တိုးချဲ့စခန်းအမှတ်(၄) စခန်းရုံး၌ စခန်းအသီးသီးမှ နေရပ်စွန့်ခွာသူ(၅၀)ဦးခန့်နှင့် တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ကျော်မိုး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆိုင်ရာဌာန (Myanmar Wing) ညွှန်ကြားရေးမှူး Mr. Md Alauddin Vuian နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဒုက္ခသည်များ ကယ်ဆယ်ရေးနှင့် နေရပ်သို့ပြန်လည်စေလွှတ်ရေးဆိုင်ရာ မဟာမင်းကြီး (Refugee Relief and Repatriation Commissioner, RRRC) Mr. Md Mahbub Alam Talukder နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။


မြန်မာကိုယ်စားလှယ်အဖွဲ့ ကော့စ်ဘဇားရှိ တိုးချဲ့စခန်းအမှတ်(၄)တွင် နေရပ်စွန့်ခွာသူ ဟိန္ဒူဘာသာဝင်များနှင့် တွေ့ဆုံ၍ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပတ်သက်သည့် မြန်မာအစိုးရမှ ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားစဉ်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပတ်သက်သည့် မြန်မာအစိုးရမှဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များကို PowerPoint ဖြင့် အကျဉ်းချုပ်ရှင်းလင်းပြောကြားခဲ့သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ဥပဒေနှင့်အညီ နိုင်ငံသားလျှောက်ထားမှုလုပ်ငန်းစဉ်ကို လျင်လျင်မြန်မြန် ဆောင်ရွက်ပေးမှု၊ ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းအားလုံးအတွက် လုံခြုံရေးအစီအမံများအပါအဝင် တရားစီရင်ရေးနှင့် တာဝန်ယူမှုတာဝန်ခံမှုရှိစေရေး မြန်မာအစိုးရ၏ အားထုတ်မှု၊ NVC ကိုင်ဆောင်ခြင်း၏ အကျိုးကျေးဇူးများ၊ UNHCR နှင့် UNDP တို့က QIP စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အသိုက်အဝန်းများအကြား ပိုမိုကောင်းမွန်သည့်ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အတူတကွနေထိုင်နိုင်ရေး ဆောင်ရွက်ပေးနေမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ASEAN-ERAT အဖွဲ့ဝင်များကလည်း ၎င်းတို့၏လုပ်ပိုင်ခွင့်အတွင်းမှ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အပေါ် ကူညီပံ့ပိုးပေးနေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ၁၉-၁၂-၂၀၁၉ ရက်၊ နံနက်ပိုင်းတွင် ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ASEAN-ERAT Team တို့သည် တိုးချဲ့စခန်းအမှတ်(၄)သို့ ထပ်မံသွားရောက်ခဲ့ကာ နေရပ်စွန့်ခွာသွားသူများအား တွေ့ဆုံခဲ့ပြီး ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေ၏ သဘောသဘာဝ၊ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့်အညီ တိုင်းရင်းသားအုပ်စုများ သတ်မှတ်ထားမှု၊ ရခိုင်ပြည်နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးမှု၊ သက်သေခံကတ်ပြားတစ်စုံတစ်ရာ ကိုင်ဆောင်ထားခြင်းမရှိသူများအနေဖြင့် NVC ကိုင်ဆောင်ရန်လိုအပ်မှုအနေအထားများကို အသေးစိတ်ထပ်မံရှင်းလင်းပြောကြားခဲ့သည်။ ထို့ပြင် နေရပ်စွန့်ခွာသူများ၏စခန်းများ ပိတ်သိမ်းရေးမဟာဗျူဟာတစ်ရပ်အား မကြာခင်က ချမှတ်ခဲ့ကြောင်းကိုလည်း အသိပေးပြောကြားခဲ့သည်။

ယင်းနေ့မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကော့စ်ဘဇားရှိစခန်းများ၌ လက်ရှိနေထိုင်လျက်ရှိသော နေရပ်စွန့်ခွာဟိန္ဒူဘာသာဝင်များနှင့် သီးခြားတွေ့ဆုံခဲ့သည်။ ၎င်းတို့ကို စိစစ်ရေးနှင့် ဆောလျင်စွာ ပြန်လည်လွှဲပြောင်းရေးတို့နှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒါကာမြို့မှ မထွက်ခွာမီ ASEAN-ERAT Team လိုက်ပါလျက် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ၁၉-၁၂-၂၀၁၉ ရက်နေ့ ညနေပိုင်းတွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဧည့်ရိပ်သာ၌ တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ်က နေရပ်စွန့်ခွာသွားသူကိုယ်စားလှယ်များ၊ ဟိန္ဒူဘာသာဝင်များနှင့် တွေ့ဆုံခဲ့မှုနှင့်ပတ်သက်၍ အသိပေးပြောကြားခဲ့သည်။ ထို့ပြင် နေရပ်စွန့်ခွာသွားသူများပြန်လည်လက်ခံရေး လုပ်ငန်းစဉ်တွင်တွေ့ကြုံရသည့်စိန်ခေါ်မှုများနှင့်ပတ်သက်၍ အလွတ်သဘောအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယခုခရီးစဉ်သည် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် ကော့စ်ဘဇားသို့သွားရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်၏နောက်ဆက်တွဲခရီးစဉ်ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလနှင့် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတို့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကော့စ်ဘဇားသို့သွားရောက်၍ နေရပ်စွန့်ခွာသွားသူများနှင့်တွေ့ဆုံခဲ့ပြီးဖြစ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်။**

# အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန်  ဒီဇင်ဘာ ၂၀**

နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၄၃/ ၂၀၁၉) သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်) ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့် တက်ရောက်ကာ သင်တန်းဆင်းအမှာစကားပြောကြားပြီး အငြိမ်းစား သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သင်တန်းနည်းပြများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

သင်တန်းဆင်းပွဲသို့ အငြိမ်းစား သံအမတ်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ သင်တန်းနည်းပြ ဆရာကြီး ဆရာမကြီးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းတွင် သံတမန်ရေးရာနှင့် သက်ဆိုင်သည့် အခြေခံဘာသာရပ်များ၊ စေ့စပ်ညှိနှိုင်းမှုပညာ၊ နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်များ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေဘာသာရပ်၊ အပြည်ပြည်ဆိုင်ရာ ညီလာခံများကျင်းပခြင်း၊ မျက်မှောက်ခေတ် နိုင်ငံတကာရေးရာများ၊ စီးပွားရေးဆိုင်ရာ ဘာသာရပ်များ စသည်တို့ကို စာတွေ့၊ လက်တွေ့ ပို့ချခဲ့သည်။ သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ် ကြာမြင့်ခဲ့ကာ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀၀ တက်ရောက်ခဲ့ကြသည်။

နိုင်ငံခြားရေး ဝန်ကြီးဌာနက သံတမန်ရေးရာနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များအား စိတ်ပါဝင်စားသူများအတွက် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းများကို ၂၀၀၀ ပြည့်နှစ်မှစတင်၍ ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၅၀၀ အထိ တက်ရောက်ခဲ့ပြီးဖြစ်သည်။ **သတင်းစဉ်**



# မြစိမ်းရောင်ကျေးရွာစီမံကိန်း ပြည်ထောင်စုအဆင့်သုံးသပ်ဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၀**

မြစိမ်းရောင်ကျေးရွာစီမံကိန်း ပြည်ထောင်စုအဆင့်သုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရုံးအမှတ် ၃၆ ၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ၂၀၁၇ ခုနှစ် မြန်မာနေထိုင်မှုအခြေအနေစစ်တမ်းအရ နိုင်ငံလူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင်နေထိုင်ကြပြီး ကျေးလက်လူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်မှာ ဆင်းရဲနွမ်းပါးသူများဖြစ်ကြောင်း သိရှိရမှုအပေါ် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုးစေရန် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဘက်စုံပြုပြင်ပြောင်းလဲမှုမူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်လည်း ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံချက်၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်ပါ လုပ်ငန်းစဉ်များနှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

**ကြီးမားသည့်အခက်အခဲတစ်ခု**

တောင်သူအများစုမှာ လုပ်ကွက်ငယ်တောင်သူများဖြစ်၍ သွင်းအားစုနှင့် နည်းပညာရင်းနှီးမြှုပ်နှံနိုင်ရန် ငွေကြေးလိုအပ်နေခြင်းက ကြီးမားသည့်အခက်အခဲတစ်ခုဖြစ်စေလျက်ရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယင်းလိုအပ်ချက် ငွေကြေးအရင်းအနှီးကို ဖြည့်ဆည်းပေးနိုင်ရန် စိုက်ပျိုးစရိတ်ချေးငွေကို နိုင်ငံတော်အစိုးရက ပံ့ပိုးပေးနေသကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းမှလည်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကတစ်ဆင့် ချေးငွေရရှိရေးကို များစွာအထောက်အကူပြုပေးလျက်ရှိပါကြောင်း။

စီမံကိန်းတာဝန်ရှိသူများအနေဖြင့် စီမံကိန်းကျေးရွာများရွေးချယ်ရာတွင် လက်စွဲစာစောင်ပါအခြေခံမူများနှင့်အညီ စိစစ်ရွေးချယ်ကြရန်၊ ရန်ပုံငွေများဆုံးရှုံးမှုမရှိစေရေး အလေးထားဆောင်ရွက်ရန်နှင့် ကျေးရွာသူ ကျေးရွာသားများ စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်လာစေရေးအတွက် ပညာပေးစည်းရုံးရေးလုပ်ငန်းများ အလေးထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

**စုပေါင်းစွမ်းအား၏အကျိုးသက်္တိ**

စီမံကိန်းဆောင်ရွက်ရာတွင် ဌာနဆိုင်ရာဝန်ထမ်းများ၏ အားတစ်ခုတည်းသာမက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများကပါ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး စုပေါင်းစွမ်းအား၏အကျိုးသက်္တိ Collective Strength ကို ဖော်ဆောင်နိုင်ခဲ့သည့်အတွက် ဂုဏ်ပြုအပ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း၊ Centre for Good Governance (CGG) အဖွဲ့မှ တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း စစ်တမ်းကောက်ယူတွေ့ရှိချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း စံပြကျေးရွာဆုရရှိသည့် ကျေးရွာများအား ဂုဏ်ပြုဆုချီးမြှင့်ရာ ဆုရကျေးရွာ ၁၇ ရွာမှ ကိုယ်စားလှယ်များက ဂုဏ်ပြုဆုများအား လက်ခံရယူကြသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်း ပြည်ထောင်စုအဆင့် သုံးသပ်ဆွေးနွေးပွဲအခမ်းအနား ဒုတိယပိုင်းတွင် စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေးအသင်း(Eco.Dev)က မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျား/မရေးရာဆိုင်ရာလေ့လာဆန်းစစ်ခြင်း စစ်တမ်းကောက်ယူတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ AERDTC မှ တာဝန်ရှိသူက ကျေးရွာခေါင်းဆောင်မှုသင်တန်း အကဲဖြတ်သုံးသပ်ချက်များအား ရှင်းလင်းတင်ပြခြင်းကိုလည်းကောင်း ဆောင်ရွက်ခဲ့ကြပြီး မွန်းလွဲပိုင်းတွင် အဖွဲ့လိုက်ဆွေးနွေးမှုများ၊ ဆွေးနွေးချက်ရလဒ်များအား ပြန်လည်ဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

**အောင်မြင်သည့် စီမံကိန်းတစ်ခုဖြစ်**

ကျေးရွာများတွင် စဉ်ဆက်မပြတ် ဘဏ္ဍာရေးအရင်းအမြစ်ရရှိစေရန်၊ ကျေးလက်နေပြည်သူများ ဒီမိုကရေစီနည်းလမ်းကျကျ စုပေါင်းညှိနှိုင်းတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်တို့ကိုရည်မှန်း၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်ဆောင်ရွက်ခဲ့ရာ ယနေ့အထိ မြို့နယ် ၂၈၉ မြို့နယ်ရှိ ကျေးရွာပေါင်း ၁၁၆၆၅ ရွာ၌ နိုင်ငံတော်ခွင့်ပြုရန်ပုံငွေကျပ် ၂၈၆ ဒသမ ၇၁ ဘီလီယံဖြင့် ဆောင်ရွက်ပေးလျက်ရှိသည့် စီမံကိန်းကြီးတစ်ခု၊ စီမံကိန်းကာလခြောက်နှစ်တာအတွင်း ကျေးလက်အိမ်ထောင်စု ၁ ဒသမ ၁ သန်း၊ ကျေးလက်လူဦးရေ ၇ ဒသမ ၄ သန်းကို အကျိုးပြုစေခဲ့ပြီး ငွေကျပ် ၁၃၆ ဒသမ ၉၂ ဘီလီယံ တိုးပွားလာခဲ့ကာ တိုးပွားလာသည့်ငွေများအနက်မှ ငွေကျပ် ၆ ဒသမ ၆ ဘီလီယံနှင့် ပြည်သူများ၏ ထပ်မံထည့်ဝင်ငွေ ၃ ဒသမ ၆ ဘီလီယံဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းပေါင်း ၁၁၃၉ ခုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။ စီမံကိန်း ငွေကြေးလည်ပတ်မှုနှုန်းအနေဖြင့် ၉၉ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး အတိုးအရင်းပြန်လည်ပေးဆပ်ရန် ပျက်ကွက်မှုနှုန်းသုည ဒသမ ၅ ရာခိုင်နှုန်းသာရှိသဖြင့် အောင်မြင်သည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

**○ လာမည့်နှစ်တွင် ရင်းနှီးမြှုပ်နှံမှုမှ**

စနစ်တကျ စိစစ်နေတဲ့ Process ရှိပါတယ်၊ Process က တွက်ကြည့်မယ်ဆိုရင် နှစ်လကျော်လောက် ကြာနေတယ်၊ အဲဒီတော့ Process တွေ အောင်မြင်ပြီးတော့မှ ဒီ Process တွေ တက်လာမယ်လို့ ယူဆပါတယ်၊ ဘာကြောင့် ဒါကို ပြောလည်းဆိုတော့ မိုင်းလုပ်ငန်းက ခွင့်ပြုလိုက်တာတော့ ကုမ္ပဏီတစ်ခုပဲ၊ ဒါပေမယ့် ရင်းနှီးမြှုပ်နှံမှုပမာဏက ကြီးပါတယ်။ ဒါကြောင့်လည်း ဒီလုပ်ငန်းတွေတိုးတက်လာမယ်လို့ ယူဆထားပါတယ်" ဟု ဦးသန့်စင်လွင်က ပြောသည်။

**ချထားပေးရန်ရှိ**

လက်ရှိ အစိုးရအနေဖြင့် လျှပ်စစ်ကဏ္ဍကို အားပေးနေခြင်းကြောင့် မကြာမီကာလတွင်လည်း လျှပ်စစ်ထုတ်လုပ်ရန်အတွက် သဘာဝဓာတ်ငွေ့နှင့်ပတ်သက်သည့် လုပ်ကွက်များကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ချထားပေးရန်ရှိကြောင်း ဦးသန့်စင်လွင်က ဆက်ပြောသည်။

**ဝင်ရောက်ထား**

လက်ရှိ သတ္တုတူးဖော်ရေးကဏ္ဍတွင် ၁၉၈၈ ခုနှစ်မှ ယခု ဘဏ္ဍာနှစ်အထိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၆ ခုမှ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၇၄ ဘီလီယံ ဝင်ရောက်ထားကြောင်း၊ လျှပ်စစ်ကဏ္ဍတွင်လည်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၂၁ ခုမှ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံကျော် ဝင်ရောက်ထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရ သိရသည်။

**ငြိမ်းငြိမ်း**

---

# မြန်မာနိုင်ငံ သားဖွားစွမ်းအားစုဆိုင်ရာမူဝါဒ အတည်ပြုရေးဆွဲခြင်း အစည်းအဝေးကျင်းပ





**နေပြည်တော် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံ သားဖွားစွမ်းအားစုဆိုင်ရာမူဝါဒအတည်ပြုရေးဆွဲခြင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Royal Nay Pyi Taw Hotel ၌ ကျင်းပသည်။

**အရေးကြီး**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အရည်အသွေးပြည့်ဝပြီး ကျင့်ဝတ်နှင့်ညီသော သားဖွားဆရာမများ မွေးထုတ်ရေး၊ သားဖွားဆရာမများအတွက် သင်ကြားသင်ယူမှုစနစ်များ ကောင်းမွန်ရေး၊ လုပ်ငန်းတက်လမ်းတိုးတက်ကောင်းမွန်ရေးအပါအဝင် သားဖွားဆရာမများ၏အခန်းကဏ္ဍ မြင့်မားရေးနှင့် လုပ်ငန်းခွင်အဆင်ပြေ ချောမွေ့ရေးအတွက် မြန်မာနိုင်ငံသားဖွားစွမ်းအားစုဆိုင်ရာ မူဝါဒပေါ်ထွက်လာရန် အရေးကြီးကြောင်း၊ သားဖွားဆရာမများ၏ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များ ပိုမိုမြင့်မားလာခြင်းဖြင့် မိခင်နှင့်ကလေးကျန်းမာရေးလုပ်ငန်းများ၊ ကာကွယ်ဆေးထိုးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်ကာ မိခင်သေဆုံးမှု၊ ကလေးသေဆုံးမှုနှင့် ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သောရောဂါများ ဖြစ်ပွားမှုတို့ ပိုမိုလျော့နည်းကျဆင်းလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ သားဖွားစွမ်းအားစုဆိုင်ရာ မူဝါဒကို အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁)၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်မဟာဗျူဟာ (၂၀၁၈ - ၂၀၂၁)တို့နှင့် ချိတ်ဆက်မှုရှိသည့်အပြင် နိုင်ငံတကာ လမ်းညွှန်စံသတ်မှတ်ချက်များ၊ ကျင့်ဝတ်များ၊ သားဖွားနှင့် အမျိုးသမီးများ၏ အခြေခံရပိုင်ခွင့်များကို ထည့်သွင်း ရေးဆွဲထားပါကြောင်း၊ ကောင်းမွန်သည့် မြန်မာနိုင်ငံသားဖွားစွမ်းအားစုဆိုင်ရာမူဝါဒ ပေါ်ပေါက်လာခြင်းဖြင့် ပြည်သူများ၏မျိုးဆက်ပွားကျန်းမာရေး၊ မိခင်၊ မွေးကင်းစကလေး၊ ကလေးသူငယ်နှင့် ဆယ်ကျော်သက်တို့၏ ကျန်းမာရေးရလဒ်များ ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေ (United Nations Population Fund – UNFPA) အဖွဲ့မှ ဌာနေကိုယ်စားလှယ် Mr. Ramanathan Balakrishnan နှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး(သူနာပြု) ဒေါ်ငွေငွေလှိုင်တို့က မူဝါဒရေးဆွဲဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားကြသည်။

**သတင်းစဉ်**

---

## သတိပေးနှိုးဆော်ချက်

၁။ (၇၂)နှစ်ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၃ နာရီခွဲအချိန်မှစ၍ မြို့တော်ခန်းမရှေ့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အခမ်းအနားကျင်းပစဉ် နံနက် ၃ နာရီခွဲအချိန်မှစ၍ အခမ်းအနားပြီးဆုံးချိန်အထိ အောက်ဖော်ပြပါအတိုင်း လမ်းပိတ်/ လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း၊

(ခ) ဘဏ်လမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း၊

(ဂ) ကုန်သည်လမ်းအား ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်းအထိလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်သဖြင့် မဟာဗန္ဓုလလမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ဆူးလေဘုရားလမ်း၊ ကမ်းနားလမ်း၊ ပန်းဆိုးတန်းလမ်းမှလည်းကောင်း၊ ကုန်သည်လမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ပန်းဆိုးတန်းလမ်း၊ ကမ်းနားလမ်း၊ ဆူးလေဘုရားလမ်း၊ ကုန်သည်လမ်းအတိုင်း မောင်းနှင်ကြပါရန်၊

(ဃ) အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များ၏ မော်တော်ယာဉ်များအား ပန်းဆိုးတန်းလမ်းနှင့် ဆူးလေဘုရားလမ်းကြားရှိ ကုန်သည်လမ်းပေါ်တွင်လည်းကောင်း၊ ဘဏ်လမ်းပေါ်တွင်လည်းကောင်း၊ ပန်းဆိုးတန်းလမ်းပေါ်ရှိ ယာဉ်ပါကင်များတွင်လည်းကောင်း ရပ်နားနိုင်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

---

## နောက် နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနေမည်။

**မိုး/ဇလ**

# ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတည်ထောင်သည့် ၇၈ နှစ်မြောက် အထိမ်းအမှတ် ဆရာကြီး ဦးဖေမောင်တင်ရုပ်တုဖွင့်ပွဲ ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၀**

ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ်နှင့် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန တည်ထောင်သည့် ၇၈ နှစ်မြောက်အထိမ်းအမှတ်အဖြစ် ရန်ကုန်တက္ကသိုလ်၏ ပထမဆုံး မြန်မာလူမျိုး ကျောင်းအုပ်ကြီး၊ မြန်မာစာဌာန တည်ထောင်သူ ဆရာကြီး ဦးဖေမောင်တင်ရုပ်တုဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန တောင်ငူဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးထင်ကျော်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမှာစကား ပြောကြားပြီး ဆရာကြီး ဦးဖေမောင်တင်၏ သမီး ဒေါ်တင်တင်မြိုင်နှင့် ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)တို့က အမှတ်တရစကား ပြောကြားကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဆရာကြီး မောင်ခင်မင်(ဓနုဖြူ) တို့က ဆရာကြီး ဦးဖေမောင်တင်ရုပ်တုကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၏ မြန်မာစာ မြန်မာမှုပြတိုက် အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန တည်ထောင်သည့် ၇၈ နှစ်မြောက် အထိမ်းအမှတ်အဖြစ် မောင်ခင်မင်(ဓနုဖြူ)၊ မောင်သာချို၊ ရွှေဒါးမောင်လေးရည်၊ သုလင်းဝေနှင့် မိုးဆင့်သူ (မြန်မာစာ)တို့က အမှတ်တရစကား ပြောကြားခြင်း၊ ကဗျာရွတ်ဆိုခြင်းတို့ဖြင့် ဂုဏ်ပြုကြသည်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ(ငြိမ်း)ဦးထင်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဆရာကြီး မောင်ခင်မင် (ဓနုဖြူ)တို့က ဆရာကြီး ဦးဖေမောင်တင် ရုပ်တုကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။



နိုင်ငံတော်သမ္မတ(ငြိမ်း)ဦးထင်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၊ မြန်မာစာ မြန်မာမှုပြတိုက်အတွင်း လှည့်လည်ကြည့်ရှုကြစဉ်။

## ရန်ကုန်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ်နှင့် မြန်မာစာဌာနတည်ထောင်သည့် ၇၈ နှစ်မြောက်အထိမ်းအမှတ် ဆရာကြီးဦးဖေမောင်တင်၏ ရုပ်တုဖွင့်ပွဲမှ ဆရာကြီး ဆရာမကြီးများ၏ ရင်တွင်းစကားသံများ

**ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ်နှင့် မြန်မာစာဌာန တည်ထောင်သည့် ၇၈ နှစ်မြောက်အထိမ်းအမှတ် ဆရာကြီးဦးဖေမောင်တင်၏ ရုပ်တုဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် တောင်ငူဆောင် မြန်မာစာခန်းမ၌ ကျင်းပသည်။**

အဆိုပါအခမ်းအနားသို့တက်ရောက်လာကြသည့် ဆရာကြီး ဆရာမကြီး များ၏ ရင်တွင်းစကားသံများကို မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည် -

**ဒေါက်တာခင်အေး**
**(မောင်ခင်မင်-ဓနုဖြူ)**
**မြန်မာစာအဖွဲ့အချိန်ပြည့်အဖွဲ့ဝင်**

ဆရာကြီးဦးဖေမောင်တင်ကို ဆရာတို့အနေနဲ့ လူပုဂ္ဂိုလ်အရ သားတပည့် အဆင့်အနေနဲ့ မီလိုက်ပါတယ်။ ဂုဏ်ထူးတန်းတက်တဲ့ ကျောင်းသားဘဝမှာ မြန်မာစာဌာနမှာ ဆရာကြီးက အသက် ၇၀ ကျော်နေပြီ။ ဂုဏ်ထူးတန်းတက်တုန်းက ဆရာကြီးဦးဖေမောင်တင်က စာပို့ချခဲ့ဖူးတယ်။ ဆရာကြီးနဲ့ ပညာရေးအရရော၊ လူပုဂ္ဂိုလ်အရ ပါထိတွေ့တဲ့ အခွင့်အရေးရခဲ့တယ်။ ဆရာကြီးရဲ့ နောက်ဆုံးကွယ်လွန်ချိန်အထိ ဆရာတို့ မီခဲ့ပါတယ်။ ဆရာကြီး ဦးဖေမောင်တင်က မြန်မာစာဌာနကို



ဒေါက်တာခင်အေး

စတင်တည်ထောင်တဲ့ပုဂ္ဂိုလ်၊ အရှေ့တိုင်းပညာဌာနကနေ ခွဲထွက်ပြီးတော့ မြန်မာစာဌာနကို တည်ထောင်ခဲ့တယ်။ ကိုလိုနီခေတ် မျက်နှာငယ်နေရတဲ့ အချိန်မှာ မြန်မာစာကို အဆင့်မီမီ၊ အဆင့်မြင့်မြင့် သင်ကြားနိုင်အောင်၊



ဒေါက်တာသန်းဦး

ဂုဏ်သိက္ခာရှိရှိဖြစ်အောင် ဆရာကြီး နည်းအမျိုးမျိုးနဲ့ ကြိုးပမ်းခဲ့တဲ့အတွက် မြန်မာစာဂုဏ်မြင့်လာလို့၊ အမျိုးသားတစ်ရပ်လုံး ဂုဏ်မြင့်လာပြီး မြန်မာစာအတွက်ရော၊ မြန်မာနိုင်ငံအတွက်ရော ကျေးဇူးကြီးတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။



ဒေါ်မာလေး

ဆရာကြီးဦးဖေမောင်တင်ကို စံနမူနာယူစရာတွေ အများကြီးရှိပါတယ်။ ဆရာကြီးက ခရစ်ယာန်ဘာသာဝင် ဖြစ်တယ်။ ဒါပေမယ့် ဗုဒ္ဓဘာသာကောင်းကျိုးကို အများကြီးဆောင်ရွက်သွားတယ်။ ဗုဒ္ဓစာပေအကြောင်းကို



ဒေါ်တင်တင်မြိုင်

ရေးသွားတယ်။ ဆရာကြီးကို ခရစ်ယာန်ဘာသာဝင်တွေကရော၊ ဗုဒ္ဓဘာသာဝင်တွေကရော အားလုံးကကြည်ညို လေးစားကြတယ်။ သဘောထားအမြင် အင်မတန်ကျယ်ပြန့်ပြီး မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။



ဒေါက်တာအောင်မြင့်ဦး

**ဒေါက်တာသန်းဦး**
**မြန်မာစာအဖွဲ့အချိန်ပြည့်အဖွဲ့ဝင်**

ဆရာကြီးက ပါဠိပါမောက္ခ၊ အဲဒီတုန်းက ရန်ကုန်တက္ကသိုလ်မှာ အရှေ့တိုင်းပညာဌာနပဲရှိတယ်။ မြန်မာစာဌာန မရှိသေးဘူး။ **စာမျက်နှာ ၉ သို့** ❒

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အယ်လ်တူးမိန်းဂေါင်ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

❒ စာမျက်နှာ ၈ မှ

အဲဒီမှာမြန်မာစာကို ဌာနတစ်ခုအနေနဲ့ပေါ်အောင်ကြိုးစားခဲ့တယ်။ အဲဒီတုန်းက တက္ကသိုလ်က လူတွေကပြောတယ်၊ မြန်မာစာဌာနလို့ခေါ်ရအောင် မြန်မာစာဖတ်စာအုပ်ရှိလားလို့ အဲဒီလိုအမေးခံရတယ်။ အဲဒီအခါမှာ မြန်မာနိုင်ငံသုတေသနအသင်းက ၁၉၁၀ ပြည့်နှစ်မှာ ထုတ်တဲ့သံဝရပျို့တို့၊ ကျည်းကန်ရှင်တို့ အပါအဝင်စာအုပ်တွေကို ပြုစုတယ်။ မြန်မာစာဌာနကိုရအောင် တည်ထောင်တယ်၊ ဒါကြောင့်မို့မြန်မာစာဌာနပေါ်လာအောင်ဖော်တာ ဒီပုဂ္ဂိုလ်ပဲ။ ဒါကိုအလေးအနက်ထားပြီးတော့ ဂုဏ်ပြုရမယ်။ ရန်ကုန်တက္ကသိုလ်ရဲ့ကျောင်းအုပ်ကြီးကလည်း ဆရာကြီး ဦးဖေမောင်တင်ပဲ။ ဆရာကြီးရဲ့ကျေးဇူးကို မေ့လို့မရဘူး။

ဆရာကြီးက မြန်မာစာကို အလွန်ကျွမ်းကျင်တယ်၊ မြန်မာဖတ်စာအုပ်တွေကိုလည်း ရေးသွားတယ်။ ယနေ့ထက်ထိ အဲဒီစာအုပ်တွေက တန်ဖိုးရှိမြဲပါ။ အဲဒီစာအုပ်တွေထဲမှာ စဉ်းစားဉာဏ်၊ တွေးခေါ်ဉာဏ်၊ ဖန်တီးတဲ့ဉာဏ်တွေ အမြဲပါတယ်။ ဆရာကြီး တစ်ခုမှာခဲ့တာရှိတယ်၊ “တပည့်ဟာ ဆရာထက်တော်နေတာမျိုးဖြစ်နေရမယ်”တဲ့။ အင်မတန်အရေးကြီးတဲ့စကားပါ။ တပည့်က ဆရာကိုမီတယ်ဆိုရင် သာမန်ပဲ၊ ကိုယ့်တပည့်က ဆရာကိုမမီဘူးဆိုရင် ဆရာညံ့လို့ပဲ၊ ကိုယ့်တပည့်က ဆရာထက်တော်ရမယ်ဆိုတဲ့ သဘောတရားကို သေချာမှာကြားခဲ့တယ်။

**ဒေါ်မာလေး (တက္ကသိုလ်ဝင့်မာ)**

ဒီဌာနမှာ ပါရဂူဦးစီးကော်မတီအဖွဲ့ဝင်ပါ။ မြန်မာစာကိုချစ်လို့ ယူလာတဲ့သူတစ်ယောက်အနေနဲ့ ဆရာကြီးရဲ့ ဝါကျဖွဲ့ထုံးကိုသင်ခဲ့ရတယ်။ ဆရာကြီးရဲ့ကျေးဇူးတရားကတော့ အံ့ဖွယ်ပါပဲ။ တကယ့်တကယ်ပြောရရင် မြန်မာစာကိုချစ်ပြီးတော့ အထူးသဖြင့် ဝိသုဒ္ဓိမဂ်ကို အင်္ဂလိပ်လိုဘာသာပြန်ခဲ့တယ်၊ ခရစ်ယာန်ဘာသာ ကိုးကွယ်သူဖြစ်တယ်။ တကယ့်တကယ်ပြောရရင် ဆရာကြီးလိုလူမျိုးရှိခဲ့လို့သာ မြန်မာစာဌာနဆိုတာ ပေါ်လာတယ်။ မြန်မာစာပေပြန့်ပွားလာတယ်၊ လက်ဆင့်ကမ်းအနေနဲ့ နောက်ပိုင်း လူငယ်မျိုးဆက်သစ်တွေကလည်း ဒီလိုမျိုးဂုဏ်ဒြပ်နဲ့ သားကောင်းရတနာတွေဖြစ်ဖို့၊ ဆရာကောင်းတပည့်ပီသဖို့လိုပါတယ်လို့ ဆရာကြီးရဲ့ ဂုဏ်ကျေးဇူးကို အောက်မေ့ပြီးတော့ ပြောချင်ပါတယ်။

**ဒေါ်တင်တင်မြိုင်**

**(ဆရာကြီး ဦးဖေမောင်တင်၏ သမီးထွေး)**

အဖေက ခရစ်ယာန်ဘာသာဖြစ်ပေမယ့် သူ့စိတ်ထဲမှာ ဗုဒ္ဓတရားတွေရှိတဲ့အတွက် ဂုဏ်ပကာသနတွေကို စိတ်မဝင်စားဘူး။ ရိုးရိုးအေးအေးပဲနေတယ်၊ လူတိုင်းကို မြန်မာဆန်စေချင်တယ်၊ ကလေးတိုင်းကိုလည်း ကျောင်းတက်စေချင်တယ်။ အဖေ့ကို ဒီလိုရုပ်တုထားတယ်ဆိုတာ ကျွန်မတို့အတွက်မဟုတ်ဘူး။ နောင်လာနောက်သားလူငယ်တွေသိအောင်အတွက်ပါ။ ဒီလိုသိဖို့ ကြိုးစားရင်ဖြစ်တယ်။ အဖေက စာဖတ်တယ်၊ ပြီးရင် နားလည်အောင်လုပ်တယ်။ ဗဟုသုတရအောင်လေ့လာတယ်။ အဖေ့ရုပ်တုကို အခုလို လုပ်ပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာအောင်မြင့်ဦး (မြန်မာစာဌာန၊ ပါမောက္ခဌာနမှူး)**

ဆရာကြီးက ရန်ကုန်တက္ကသိုလ် မပေါ်ပေါက်ခင်ကတည်းက ရန်ကုန်တက္ကသိုလ် ထူထောင်ဖို့အတွက် အင်္ဂလိပ်အစိုးရဆီကနေပြီး မြန်မာလူမျိုးတစ်ယောက်အနေနဲ့ ပါဝင်ခွင့်ရခဲ့တယ်။ အဲဒီကျေးဇူးကြောင့်လည်း ရန်ကုန်တက္ကသိုလ်က ၁၉၂၀ ပြည့်နှစ်မှာ စတင်ပေါ်ပေါက်လာတယ်။ ဆရာကြီးကို ဒီတက္ကသိုလ်မှာ ပါမောက္ခအနေနဲ့ အရှေ့တိုင်းပညာဌာန ပါဋိသင်တဲ့ဌာနမှာ ခန့်အပ်ခဲ့တယ်။

အင်္ဂလန်မှာ ဘီလစ်ဘွဲ့ကိုရခဲ့ပေမယ့် စပြီးကြိုးစားတာက မြန်မာစာပေဖွံ့ဖြိုးတိုးတက်ဖို့ပဲ။ ဆရာကြီးက ရန်ကုန်တက္ကသိုလ်မှာ မြန်မာစာသင်ဖို့အတွက် ကြိုးစားခဲ့တယ်။ မြန်မာသဒ္ဒါ၊ မြန်မာစာပေသမိုင်းပြုစုခဲ့တယ်။ မြန်မာစာပေဟာ အစဉ်အလာရှိတယ်ဆိုတဲ့ အထောက်အထားတွေပြပြီး မြန်မာစာပေသင်ဖို့ပြောတဲ့အခါမှာ အင်္ဂလိပ်က လက်ခံပြီး မြန်မာစာသင်ကြားရေးကို လက်ခံခဲ့တယ်။

ရန်ကုန်တက္ကသိုလ်မှာ မြန်မာ့သမိုင်းသင်ကြားဖို့အတွက်လည်း သမိုင်းပညာရှင်တွေနဲ့ ဆွေးနွေးတိုင်ပင်ပြီးတော့ သင်ကြားရေးဖြစ်ထွန်းလာဖို့အတွက် ကြိုးပမ်းခဲ့တယ်။ သိပ္ပံဘာသာကိုလည်း မြန်မာလိုသင်ယူနိုင်ဖို့ ဘာသာပြန်ခဲ့တယ်။ အဲဒါကြောင့်မို့လည်း ကမ္ဘာ့အလယ်မှာ မြန်မာစာပေ၊ မြန်မာလူမျိုးအကြောင်းကို ကမ္ဘာက သိလာတယ်။

ရန်ကုန်တက္ကသိုလ်က နှစ် ၁၀၀ ပြည့် ကျင်းပတော့မှာဖြစ်တဲ့အတွက် ရန်ကုန်တက္ကသိုလ်အကြောင်းပြောရင် ဆရာကြီး ဦးဖေမောင်တင်ကိုလည်း ချန်ထားလို့မရပါဘူး။ ဆရာကြီးရဲ့ကျေးဇူးက အင်မတန်ကြီးမားလှပါတယ်။ ဒီလိုအချိန်အခါမျိုးမှာ ဆရာကြီးအတွက် ဒီလိုပြန်ပြီးဖော်ထုတ်ခွင့်ရတာ မြန်မာစာဌာနအတွက် အင်မတန်ကြီးကျယ်မြင့်မြတ်တဲ့ အခွင့်အရေးတစ်ခုလို့လည်း ယူဆလို့ရပါတယ်။

ဆရာကြီး ဦးဖေမောင်တင်ကို ၁၈၈၈ ခုနှစ် ဧပြီ ၂၄ ရက်တွင် အဖဦးဖေ၊ မိခင် ဒေါ်မြိုင်တို့က အင်းစိန်မြို့ ပေါက်တောရပ်၌ မွေးဖွားခဲ့ပြီး ၁၉၇၃ ခုနှစ် မတ် ၂၂ ရက်တွင် ကွယ်လွန်ခဲ့သည်။ မြန်မာလူမျိုးထဲတွင် ပထမဦးဆုံး ပါမောက္ခ၊ ပထမဦးဆုံး ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ မြန်မာစာဌာနကို တည်ထောင်ခဲ့သူ၊ ဝိသုဒ္ဓိမဂ်ကျမ်းကို အင်္ဂလိပ်ဘာသာပြန်ဆိုခဲ့သူ၊ မြန်မာစာပေ သမိုင်းနှင့်မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကြိုးပမ်းဆောင်ရွက်ခဲ့သူလည်း ဖြစ်သည်။

**တွေ့ဆုံမေးမြန်း – ရီရီမြင့်၊ ဓာတ်ပုံ – လှမိုး**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အလုပ်သမားရေးရာဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်



**နေပြည်တော် ဒီဇင်ဘာ ၂၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အလုပ်သမားရေးရာဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက တိုင်းဒေသကြီး/ပြည်နယ်များ၌ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးများ ခန့်အပ်ပြီး မိမိတို့ဌာန၏ လုပ်ငန်းများ ပိုမိုထိရောက်အောင် ကြပ်မတ်ကွပ်ကဲဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အရေးကိစ္စများသည် အရေးကြီးသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဝန်ကြီးတစ်ပါးစီ ခန့်အပ်တာဝန်ပေးထားသဖြင့် မိမိတို့လုပ်ဆောင်နေသည့် လုပ်ငန်းများကို တင်ပြလျက် လိုအပ်သော အကူအညီများ ရယူသွားကြရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖြစ်ပေါ်လာသည့် အလုပ်သမားဆိုင်ရာ အရေးကိစ္စများကို ဌာန၏ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဆောင်ရွက်ချက်များသည် ဥပဒေနှင့်အညီ ဖြစ်စေရေး၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ဝန်ကြီးဌာနအနေအဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဦးစားပေးလုပ်ငန်းများ၊ ညွှန်ကြားချက်များကို သိရှိအောင်ပြုလုပ်၍ လုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဌာန၏ လုပ်ငန်းများ အောင်မြင်ရန်အတွက် ဝန်ထမ်းများ၏ အရည်အချင်းနှင့် အရည်အသွေးများ တိုးတက်ရန် လိုအပ်ပြီး အစီရင်ခံစာများတင်ပြခြင်း၊ လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်ခြင်းဖြင့် ၎င်းတို့၏ အရည်အချင်းများ ပေါ်လွင်လာစေမည် ဖြစ်ကြောင်း၊ စီမံချက်များ အောင်မြင်ရေးသည် ဝန်ထမ်းများ၏ အရည်အသွေးအပေါ်တွင်သာ မူတည်ပါကြောင်း၊ ဝန်ထမ်းအင်အားလိုအပ်ချက်များ တိုးတက်အောင်လည်း ဆောင်ရွက်လျက်ရှိပြီး အဆိုပါဝန်ထမ်း၏ အရည်အချင်းများ တိုးတက်မြင့်မားလာအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့၏ အခက်အခဲ၊ လိုအပ်ချက်၊ အကြံဉာဏ်များအား ပွင့်ပွင့်လင်းလင်း တင်ပြဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများက တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆောင်ရွက်ပြီးစီးမှုများနှင့် လုပ်ငန်းလိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး ဦးစန်းဝင်းနှင့်အဖွဲ့ (၈)ကြိမ်မြောက် UNCAC စာချုပ်ဝင်နိုင်ငံများအစည်းအဝေးသို့ တက်ရောက်




**နေပြည်တော် ဒီဇင်ဘာ ၂၀**

United Nations Convention Against Corruption (UNCAC) စာချုပ်ဝင်နိုင်ငံများ၏ (၈)ကြိမ်မြောက် အစည်းအဝေးကို ဒီဇင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ အာရပ်စော်ဘွားများ ပြည်ထောင်စု အဘူဒါဘီမြို့ Abu Dhabi National Exhibition Center (ADNEC) တွင် ကျင်းပခဲ့ရာ ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCAC) စာချုပ်ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်းနှင့်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ကော်မရှင်အတွင်းရေးမှူးဦးစန်းဝင်းက မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေမူဘောင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကော်မရှင်၏ လုပ်ငန်းများဖြစ်သည့် တားဆီးကာကွယ်ရေး၊ အသိပညာပေးရေးနှင့် စုံစမ်းစစ်ဆေးရေးဆိုင်ရာ ဆောင်ရွက်မှုများ၊ အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူကို အကာအကွယ်ပေးရေး ဥပဒေကြမ်း ရေးဆွဲဆောင်ရွက်ထားရှိမှုအပါအဝင် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းအကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တင်ပြဆွေးနွေးသည်။

အစည်းအဝေးသို့ စာချုပ်ဝင်နိုင်ငံ ၁၅၆ နိုင်ငံမှ ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် ကမ္ဘာ့နိုင်ငံအသီးသီး၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ သဘောထားအမြင်များ၊ နိုင်ငံအလိုက်ကောင်းမွန်သည့် ကျင့်သုံးဆောင်ရွက်ချက်များနှင့် အတွေ့အကြုံများ ဆွေးနွေးဖလှယ်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သတင်းလမ်းညွှန်

### ကျောင်းတော်ရာစေတီတော်တွင် ရဟန်းခံရှင်ပြုမင်္ဂလာနှင့် ထီးတော်တင်လှူပူဇော်ခြင်း အခမ်းအနားများ ကျင်းပမည်

ရဟန်းနှင့် ရှင်သာမဏေ အပါး ၅၀၀၀ အား ရဟန်းခံရှင်ပြုမင်္ဂလာကို ဒီဇင်ဘာ ၂၃ ရက်နှင့် စေတီတော် ၁၂၆ ဆူတို့အား ထီးတော်တင်လှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက်တို့တွင် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပမည်

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံး(အမျိုးသား)ပြိုင်ပွဲ၊ ဖူဆယ်(အမျိုးသား)ပြိုင်ပွဲ၊ ဘော်လီဘော (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများကို ဒီဇင်ဘာ ၂၁ ရက်မှ ဇန်နဝါရီ ၃ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးအားကစားပြိုင်ပွဲများ ကျင်းပမည်

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးအားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၌ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ဖြစ်ပွားခဲ့တဲ့ကိစ္စဟာ ဥပဒေကြောင်းအရ Genocide လူမျိုးပြုန်းတီးစေမှုမဟုတ်ဘူးဆိုတာကို ထိရောက်စွာပြောခဲ့နိုင်ပါတယ်

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ

## အပြည်ပြည်ဆိုင်ရာတရားရုံး ICJ ကြားနာမှုဆိုင်ရာ အတွေ့အကြုံများ စကားဝိုင်းကျင်းပ

အပြည်ပြည်ဆိုင်ရာတရားရုံး(International Court of Justice – ICJ) ကြားနာမှုဆိုင်ရာ အတွေ့အကြုံများ စကားဝိုင်းကို ဦးဆောင်ဆွေးနွေးသူအဖြစ် ဦးကိုကို (စက်မှုတက္ကသိုလ်)က ဆောင်ရွက်ပြီး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ (ပူးတွဲကိုယ်စားလှယ်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါက်တာသီတာဦး(အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)၊ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ်ရှေ့နေကောင်စီ၏ အသိအမှတ်ပြုရှေ့နေ၊ နိုင်ငံတကာဥပဒေနှင့် နိုင်ငံတကာကုန်သွယ်ရေး ကျွမ်းကျင်သူ၊ ဥပဒေရေးရာအကြံပေးအဖွဲ့ဝင် ဦးသီဟန်မျိုးညွန့် (အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)နှင့် ဝါရှင်တန်ဒီစီ အခြေစိုက် Law Firm တွင် ရှေ့နေအဖြစ် လုပ်ကိုင်ခဲ့ဖူးသူ၊ ဥပဒေရေးရာအကြံပေးအဖွဲ့ဝင် ဦးကျော်တင်(အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါ စကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**ဦးကိုကို။** ။ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့မှာ ဒီဇင်ဘာလ ၁၀ ရက်မှ ၁၂ ရက်အထိ ပြုလုပ်ခဲ့တဲ့ ICJ ဆိုင်ရာကြားနာမှုကို ကိုယ်တိုင်ကိုယ်ကျသွားရောက်ခဲ့တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံများကို ပြန်လည်တင်ပြဖို့အတွက် ဒီစကားဝိုင်းကို စီစဉ်ရခြင်းဖြစ်ပါတယ်။

မင်္ဂလာပါခင်ဗျာ။ ကုလသမဂ္ဂရဲ့ အပြည်ပြည်ဆိုင်ရာတရားရုံးမှာ မြန်မာနိုင်ငံကိုယ်စားပြုပြီး သွားရောက်လျှောက်လဲခဲ့တာတွေရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရုပ်မြင်သံကြားမှာ တိုက်ရိုက်ထုတ်လွှင့်ကာ ဆိုရှယ်မီဒီယာတွေမှာလည်း ထုတ်လွှင့်တာတွေ ကြည့်တဲ့အခါ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အပါအဝင် ကျွန်တော်တို့ကို တာဝန်ခံပေးတဲ့ တကယ်ကျွမ်းကျင်တဲ့ ရှေ့နေကြီးတွေက မြန်မာနိုင်ငံဘက်က မားမားမတ်မတ် အချက်အလက်ပြည့်ပြည့်စုံစုံနဲ့လျှောက်လဲတင်ပြတာတွေ တွေ့ရတဲ့အတွက် ပြည်သူတွေကလည်း အထူးပဲ နှစ်ထောင်းအားရ ဖြစ်ကြရပါတယ်။

အဲဒီလိုဖြစ်ခြင်းနဲ့အတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်တဲ့ ဆရာတို့ဆရာမတို့ ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံကို ပြန်လာတဲ့အခါမှာလည်း အင်မတန်မှ ဝမ်းသာစရာမြင်ကွင်းပါ။ နေပြည်တော်လမ်းတစ်လျှောက်မှာ ပြည်သူတွေဟာ လှိုက်လှိုက်လှဲလှဲနဲ့ ထောက်ခံအားပေးကြိုဆိုခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ ထိုနည်းလည်းကောင်းပဲ ပြည်သူတွေက ပြန်လာတဲ့ကိုယ်စားလှယ်တွေအနေနဲ့ အတွေ့အကြုံ ဘယ်လိုများ မျှဝေပေးမလဲ၊ ဟိုမှာ ဘယ်လိုတွေ့ကြုံခဲ့ရသလဲ စသဖြင့် သိချင်နေကြပါတယ်။ အဲဒါကြောင့်လည်း ဒီနေ့စကားဝိုင်းကို စီစဉ်ရခြင်းဖြစ်ပါတယ်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးကို ပထမဦးဆုံး ဆွေးနွေးစေချင်တာကတော့ ပြည်ထောင်စုဝန်ကြီးက ပူးတွဲကိုယ်စားလှယ်အဖြစ် ပါဝင်ခဲ့တဲ့သူတစ်ဦးဖြစ်တဲ့အတွက် အဲဒီအပြည်ပြည်ဆိုင်ရာ တရားရုံးသွားရောက်ခဲ့တဲ့အတွေ့အကြုံကို မျှဝေပေးပါဦးခင်ဗျာ။

**ဦးကျော်တင့်ဆွေ။** ။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့အနေနဲ့ International Court of Justice–ICJ မှာ ကြားနာမှုများနဲ့ပတ်သက်ပြီး လုပ်ဆောင်မှုတွေကို အခုလိုမျှဝေခွင့်ရတဲ့အတွက် များစွာဝမ်းသာပါတယ်။ တိုတိုပြောရရင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်ခေါင်းဆောင်တဲ့အတွက်လည်း ထိရောက်အောင်မြင်မှု အများကြီးရခဲ့ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ဒီပြဿနာရဲ့ အရင်းအမြစ်က ARSA က ကျွန်တော်တို့ နိုင်ငံအတွင်းမှာ ရဲစခန်း ၃၀ နဲ့ ရခိုင်ပြည်နယ်မှာရှိတဲ့ စစ်ဌာနချုပ်တစ်ခုကို တစ်ပြိုင်နက် တိုက်ခိုက်မှုအပေါ် တပ်မတော်အနေနဲ့ ပြန်လည်ကာကွယ်တိုက်ခိုက်ရင်းနဲ့ ဒီကိစ္စတွေဖြစ်လာတယ်ဆိုတာကို ကမ္ဘာကသိအောင် ပြောနိုင်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဂမ်ဘီယာနိုင်ငံက ကျွန်တော်တို့ကို စွပ်စွဲတဲ့အချက်မှာရော၊ ကုလသမဂ္ဂ Report တွေမှာရော ဒီအချက်ကို လုံးဝထိမ်ချန်ထားခဲ့လို့ပဲ ဖြစ်ပါတယ်။




တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ဖြစ်ပွားခဲ့တဲ့ကိစ္စဟာ ဥပဒေကြောင်းအရ Genocide လူမျိုးပြုန်းတီးစေမှုမဟုတ်ဘူးဆိုတာကို ထိရောက်စွာပြောခဲ့နိုင်ပါတယ်။ ကျွန်တော်တို့ရှေ့နေတွေကလည်း ဒီကိစ္စဟာ ICJ ကို လုံးဝရောက်ရမယ့်ကိစ္စမဟုတ်ဘူး၊ Genocide မဟုတ်ဘူးဆိုတာကိုလည်း ထိထိရောက်ရောက်ပြောခဲ့နိုင်ပါတယ်။ ဒါကြောင့် ပြောရမယ်ဆိုရင် ဒီလုပ်ဆောင်ချက်တွေအပေါ်မူတည်ပြီး ပြည်သူလူထုကို အခုလိုသိစေချင်တယ်။ မျှဝေစေချင်ပါတယ်ဆိုတဲ့ အချက်ပါပဲ။

**ဦးကိုကို။** ။ ပြည်ထောင်စုဝန်ကြီးခင်ဗျာ။ အခုလို ရှင်းပြလို့လည်းသိရပါတယ်။ ကျွန်တော်တို့ ပထမအကြိမ်စကားဝိုင်းတုန်းကလည်း ပြောခဲ့ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီး ကိုယ်တိုင်သွားရောက်ခဲ့တယ်။ အဲဒီလို သွားရောက်ခဲ့တာဟာ စွန့်စားရာမကျဘူးလား။ သူ့မှာရော အန္တရာယ်တွေ မရှိနိုင်ဘူးလားဆိုပြီး တွေးတာလေးတွေလည်းရှိတယ်။ အဲဒီလို အသံတွေလည်းထွက်တော့ သွားရ၊ စွန့်စားရတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း ရှင်းပြပေးပါဦးခင်ဗျာ။

**ဦးကျော်တင့်ဆွေ။** ။ ဒါနဲ့ပတ်သက်ပြီး စွန့်စားရာကျတယ်ဆိုပြီးတော့ ပြောမယ်ဆိုရင်လည်း ပြောလို့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်တွင်း၊ ပြည်ပကရော၊ ရင်းနှီးတဲ့သူတွေကပါ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်မသွားပါနဲ့။ သွားတယ်ဆိုရင် နံပါတ် ၁ အနေနဲ့ လိုရာဆွဲပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကို ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုတွေ ပေါ်လာလိမ့်မယ်ဆိုပြီး အကြံပြုတာရှိပါတယ်။ နောက်တစ်ခုကလည်း ဥပဒေကြောင်းအရနိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှာ Superior Responsibility ဆိုတဲ့ ဒီကိစ္စကို ဘာကြောင့်မတားဆီးနိုင်ရသလဲဆိုပြီး စွပ်စွဲချက်တွေနဲ့ ရုံးတော်မှာရင်ဆိုင်ရအောင်လို့ ဆောင်ရွက်မယ့် အလားအလာတွေလည်း ရှိတယ်။

သို့သော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကတော့ သူ့ရဲ့ ဆုံးဖြတ်ချက်က ပြတ်ပါတယ်။ ဒီကိစ္စကို သွားရှင်းပြရာမှာ သူကိုယ်တိုင်ရှင်းပြတယ်ဆိုရင် ပိုပြီးသိရှိနားလည်မှု၊ လက်ခံမှုရှိလာမယ်ဆိုပြီး ယူဆတယ်။ ပြီးတော့ ဒီကိစ္စဟာ နိုင်ငံတော်ရဲ့ အရေးကိစ္စ၊ နိုင်ငံသူနိုင်ငံသားအားလုံးရဲ့ အရေးကိစ္စလည်းဖြစ်တယ်၊ ဒါကြောင့် သူ့မှာ တာဝန်ရှိတယ်။ အဲဒီလိုမသွားဘူးဆိုရင် သူနိုင်ငံတော်အပေါ်မှာ တာဝန်ကျေမှာမဟုတ်ဘူးလို့ ရပ်တည်ထားပြီး ဘာပဲဖြစ်ဖြစ်ဆိုပြီး သွားဖို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီဆုံးဖြတ်ချက်ကလည်း မှန်တယ်လို့ပဲ ယူဆပါတယ်။

**ဦးကိုကို။** ။ ဦးသီဟန်မျိုးညွန့်ခင်ဗျာ ဖြည့်စွက်ပြီးတော့ နည်းနည်းလေး ပြောပြပေးပါဦးခင်ဗျာ။

**ဦးသီဟန်မျိုးညွန့်။** ။ ကျွန်တော်ရှေ့နေရှုထောင့်ကနေ နည်းနည်း ထပ်ဖြည့်ပေးချင်ပါတယ်ခင်ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နယ်သာလန်နိုင်ငံကို သွားတဲ့အချိန်မှာ နည်းနည်းစွန့်စွန့်စားစားလေးကတော့ ရှိခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ဆိုတာ International Court of Justice– ICJ ရှိတဲ့မြို့တင်မကပါဘူး။ မြန်မာနိုင်ငံကို တရားစွဲဖို့ ကြိုးပမ်းနေတဲ့ International Criminal Court–ICC ရှိတဲ့ မြို့လည်းဖြစ်ပါတယ်။ ပြီးတော့ ဒီခရီးမစတင်ခင်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ Head of State Immunity အပြည့်အဝခံစားခွင့်ရမလား၊ မရဘူးလားဆိုတာကိုလည်း အဲဒီတုန်းက သေသေချာချာ မသိသေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ နယ်သာလန်နိုင်ငံက Universal of Dual–Station ဆိုတာကို လက်ခံထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်သလို ICC ကလည်း ဖမ်းဖို့ Arrest Warrant Issue လုပ်၊ မလုပ်ဆိုတာ ကျွန်တော်တို့ သေသေချာချာပြောလို့ မရသေးပါဘူး။ ခုန ဝန်ကြီးပြောသလိုပါပဲ။ စထွက်ထွက်ချင်းကတော့ ကျွန်တော်တို့ စွန့်စွန့်စားစားလေး ထွက်လာရပါတယ်။

**ဦးကိုကို။** ။ အဲဒီတော့ ခုန ပြည်ထောင်စုဝန်ကြီး ရှင်းပြသလို သိသိနဲ့ပဲ Risk ရှိတယ်။ အဲဒီ Risk ကို ယူပြီး ကျွန်တော်တို့နိုင်ငံရဲ့ အရှေ့ကနေ မားမားမတ်မတ်နဲ့ ပြောပေးတာ ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ လျှောက်လဲတာတွေကို ကြည့်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ပထမဦးဆုံးလျှောက်လဲချက်တွေက တော်တော် ထိထိမိမိရှိတယ်။ ပြောတာဆိုတာတွေလည်း တော်တော်ကောင်းတယ်။ ထိုနည်းလည်းကောင်းပဲ ကျွန်တော်တို့ရဲ့ ရှေ့နေကြီးတွေက အသီးသီး သူ့ရှုထောင့်နဲ့သူ၊ သူ့အချက်တွေနဲ့သူ ပြောတာတွေလည်း တော်တော်လေးကောင်းပါတယ်။ အဲဒီတော့ ဒီလောက်တော်တဲ့ ရှေ့နေကြီးတွေကို ဘယ်လိုများ မြန်မာအစိုးရဘက်က ရှေ့နေလိုက်ပေးဖို့ရအောင်ဆောင်ရွက်ခဲ့သလဲဆိုပြီး အချို့က မေးနေကြတာလည်းရှိတယ်။ ဘယ်သူမှလည်း ဒီအဖြေကို မသိကြဘူး။ အဲဒါနဲ့ ပတ်သက်ပြီးတော့လည်း ရှင်းပြပေးပါဦးခင်ဗျာ။

**ဦးကျော်တင့်ဆွေ။** ။ ဟုတ်ကဲ့ ခင်ဗျာ။ Genocide ဆိုတဲ့ကိစ္စကလည်း ကမ္ဘာမှာ တရားရုံးရောက်တာ အင်မတန်မှရှားပါတယ်။ ဒီ Genocide နဲ့ ပတ်သက်လို့လည်း ကမ္ဘာမှာ အတော်ဆုံးလို့ သတ်မှတ်ထားတဲ့ ပုဂ္ဂိုလ်ကြီးငါးယောက်ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ဒီကိစ္စအမှုပေါ်ပေါက်လာပြီဆိုတဲ့အခါ ဒီအတော်ဆုံးငါးယောက်ထဲက ဘယ်သူ့ကိုရွေးမလဲဆိုပြီး ချဉ်းကပ်ပါတယ်။ ဦးစွာပထမ ကျွန်တော်တို့က ခေါင်းဆောင်ရှေ့နေအနေနဲ့ ဒေါက်တာ စတိတ်ကာ (Dr.Christopher Staker)ဆိုတာကို အရင်ရွေးလိုက်ပါတယ်။ သူနဲ့တိုင်ပင်ပြီးတော့ အခုကျွန်တော်တို့ ရှေ့နေအဖြစ် ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်တွေကို ချဉ်းကပ်ပြီး ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။

ဒီပုဂ္ဂိုလ်တွေထဲမှာ ဥပမာ–ပါမောက္ခ ရှေးဘတ်စ် (Prof. William Schabas)ဆိုရင် လူ့အခွင့်အရေးနဲ့ပတ်သက်ရင် အင်မတန်မှ အလေးထားတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဘာကြောင့် ကျွန်တော်တို့ဘက်က လိုက်ပါဆောင်ရွက်သလဲဆိုတော့ သူကိုယ်တိုင်ကိုက မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ကိစ္စသည် ဥပဒေကြောင်းအရ Genocide ခေါ်ဆိုနိုင်တဲ့ ကိစ္စမရှိဘူးဆိုပြီး သူ့အနေနဲ့ ယုံကြည်မှုအပြည့်နဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒေါက်တာရှေးဘတ်စ်နဲ့ပတ်သက်ရင် ဦးသီဟန်မျိုးညွန့် ဒီထက်မကဆက်ပြီး ပြောနိုင်ပါတယ်။

စာမျက်နှာ ၁၁ သို့ ❍

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကတော့ သူ့ရဲ့ဆုံးဖြတ်ချက်က ပြတ်ပါတယ်။ ဒီကိစ္စကိုသွားရှင်းပြရာမှာ သူကိုယ်တိုင်ရှင်းပြတယ်ဆိုရင် ပိုပြီးသိရှိနားလည်မှု၊ လက်ခံမှုရှိလာမယ်ဆိုပြီး ယူဆတယ်။ ပြီးတော့ ဒီကိစ္စဟာ နိုင်ငံတော်ရဲ့ အရေးကိစ္စ၊ နိုင်ငံသူနိုင်ငံသားအားလုံးရဲ့ အရေးကိစ္စလည်းဖြစ်တယ်၊ ဒါကြောင့် သူ့မှာတာဝန်ရှိတယ်။ အဲဒီလိုမသွားဘူးဆိုရင် သူနိုင်ငံတော်အပေါ်မှာ တာဝန်ကျေမှာ မဟုတ်ဘူးလို့ ရပ်တည်ထားပြီး ဘာပဲဖြစ်ဖြစ်ဆိုပြီး သွားဖို့ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါတယ်။**

❍ စာမျက်နှာ ၁၀ မှ

**ဦးသီဟန်မျိုးညွန့်။** ။ ပါမောက္ခ ရှေးဘတ်စ်ကတော့ အခုလောလောဆယ် မစ်ဒယ်ဆက်စ်တက္ကသိုလ် (Middlesex University) မှာ International Law နဲ့ International Human Rights Law ကို သင်ကြားနေတဲ့ ပါမောက္ခတစ်ဦး ဖြစ်ပါတယ်။ ဒါပေမယ့် ဝန်ကြီးပြောသလိုပဲ ပါမောက္ခ ရှေးဘတ်စ်က Genocide ကိစ္စနဲ့ပတ်သက်ပြီး ကမ္ဘာပေါ်မှာ ကျွမ်းကျင်သူတွေကို လက်ချိုးရေတွက်လိုက်မယ်ဆိုရင် အဲဒီလို လက်ချိုးရေတွက်လို့ရတဲ့အထဲမှာ ပါဝင်တဲ့ ပုဂ္ဂိုလ်ကြီး တစ်ယောက်ဖြစ်ပါတယ်။

Genocide ကိစ္စကိုလည်း အရှေ့၊ အနောက်၊ တောင်၊ မြောက်အကုန် ကျွမ်းကျွမ်းကျင်ကျင် နားလည်သိရှိတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်ပါတယ်။ အဲဒါတင်မကပါဘူး။ ပါမောက္ခရှေးဘတ်စ်က ရှေ့နေလောကမှာ အရင်တုန်းကလည်း ကြားခဲ့ဖူးပါတယ်။ ကျွန်တော်တို့ရဲ့ ရှေ့နေလောကထဲမှာ တကယ့်နာမည်ကြီး ရှေ့နေတစ်ယောက်လည်း ဖြစ်ပါတယ်။ ကျွန်တော် ရှေ့နေကျောင်းတက်တုန်းကရော၊ ရှေ့နေလောကထဲကို စတင်ဝင်ရောက်ချိန်ကရော သူ့အကြောင်းတွေ ကျွန်တော်သိခဲ့ပါတယ်။ သူက Case Western Reserve University Law School က ကျွန်တော့် ဆရာအရင်း မိုက်ကယ်ရှနဲ့ သူနဲ့ကလည်း သူငယ်ချင်း အရင်းတွေဖြစ်ပါတယ်။ စာအုပ်တွေလည်း အတူတူတွဲရေး ဖူးပါတယ်။

ပြီးတော့ အဲဒါတင်မကဘူး။ ICJ တရားသူကြီးတွေ ရှေ့မှာ သူလျှောက်တုန်းကလည်း ကျွန်တော့်ရဲ့ ဆရာ အရင်း နောက်တစ်ယောက်အကြောင်းကို သူပြောခဲ့ပါ တယ်။ ဒီကိစ္စတွေကြောင့်လည်း သူ့အကြောင်းတော်တော် များများကို သိရှိနိုင်ခဲ့ပါတယ်။

**ဦးကိုကို။** ။ မစ္စတာရှေးဘတ်စ်က ရှေ့နေလောက၊ ပညာရှင်လောကမှာတော့ နာမည်ကျော်နေတာကြာပြီ၊ ဒါပေမယ့် မစ္စတာရှေးဘတ်စ်က ကျွန်တော်တို့ မြန်မာနိုင်ငံ တရားစွဲခံရတဲ့ကိစ္စနဲ့ပတ်သက်ပြီး ရှေ့နေလိုက်ပေးတော့မှ မြန်မာပြည်သူတွေတော်တော်သိသွား တယ်။ သူ့နာမည်ကလည်း တော်တော့်ကို ပေါ်ပြူလာဖြစ် လာတယ်။ ဒီပုဂ္ဂိုလ် တော်လိုက်တာ၊ ပြောတာဆိုတာက လည်း ချက်ကျလက်ကျနဲ့ ပြောတယ်ဆိုတော့ သူပြောတာ တွေ အများကြီးထဲမှာ ကျွန်တော်တို့တကယ်ကို မှတ် လောက်သားလောက်တာတွေရှိရင်လည်း နည်းနည်းလေး ရှင်းပြပေးပါဦးခင်ဗျာ။

**ဦးသီဟန်မျိုးညွန့်။** ။ ဟုတ်ကဲ့ခင်ဗျာ။ သူပြောသွားတဲ့ အချက်တွေက တကယ်လေ့လာချင်ရင် ရှေ့နေကျောင်းမှာသင်ပေးလို့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့အနေနဲ့ သူပြောသွားတဲ့ Argument တွေက very instructive ဖြစ်ပါတယ်။ ဒါပေမယ့် အဓိက ကျတဲ့အချက်တွေကို ဆွဲထုတ်ရမယ်ဆိုရင် အရေးအကြီးဆုံး က သူပြောသွားတဲ့ Argument တွေက ဥပဒေအပေါ်မှာ အခြေခံပြီး သူပြောသွားတာဖြစ်ပါတယ်။ သူစစချင်းပြော တာက ဘာကနေစလဲဆိုတော့ ICJ ရှေ့မှာ Genocide ကိစ္စနဲ့ပတ်သက်ရင် အမှုကနှစ်ခုပဲရှိတယ်။ ဒီအမှုနှစ်ခုကို ဆုံးဖြတ်တဲ့အချိန်မှာလည်း ICJ က ဘယ်လိုဆုံးဖြတ်ခဲ့ပါ တယ်။ တောင်းဆိုတဲ့သူတွေကလည်း Genocide ကို မအောင်မြင်ခဲ့ပါဘူး။ အမှုမနိုင်ခဲ့ပါဘူး ။ အဲဒါတင်မကဘူး။

ICJ ရှေ့မှာ Genocide နဲ့ ပတ်သက်ပြီး အမှုပေါ်လာ ရင် ဘယ်လိုမျိုး Legal Standard မြင့်မြင့်သုံးသလား၊ နိမ့်နိမ့်သုံးသလား။ သူကပြောတာတော့ Legal Standard အမြင့်ဆုံးနေရာမှာ သုံးတာများပါတယ်။ အဲဒါကနေစပြီး သူက ဘယ်ကိုသွားချင်တာလဲဆိုတော့ သူအဓိက Argue လုပ်တာက (Plausible Claim) ယုတ္တိရှိသော တောင်းဆို ချက်ရှိသလား၊ မရှိဘူးလားဆိုတာ ICJ ဆုံးဖြတ်တဲ့အချိန်မှာ ဘယ်လိုဆုံးဖြတ်ရမလဲအပေါ်မှာ သူက Argument လုပ်တာ ဖြစ်ပါတယ်။ (Plausible Claim) ယုတ္တိရှိသောတောင်းဆို ချက်ရှိသလား၊ မရှိဘူးလားဆိုတာ ICJ အနေနဲ့ Provisional Measures Stage ဆုံးဖြတ်တဲ့အချိန်မှာ ဘယ်လိုမျိုး Standard မျိုး ထားသင့်သလဲ။ သူ ICJ က တရားသူကြီး တွေကို ထောက်ပြတာကတော့ ဒီလိုဆုံးဖြတ်တဲ့အချိန်မှာ Genocide Convention မှာ ဆုံးဖြတ်တဲ့ Standard မျိုးထားသင့်ပါတယ်။

ဘာဖြစ်လို့ထားသင့်လဲဆိုတော့ ဒီ Genocide ဆိုတဲ့ ကိစ္စဟာ နက်ရှိုင်းပြီး ကမ္ဘာပေါ်မှာ တကယ့်အရေးကြီးတဲ့ ကိစ္စဖြစ်တဲ့အတွက် တကယ်လိုအပ်တဲ့ Standard မြင့်မြင့် မားမား ထားမှသာလျှင် ဒီ(Plausible Claim) ယုတ္တိရှိသော တောင်းဆိုချက်က တကယ်လို့ ဆက်သွားမယ်ဆိုရင် အောင်မြင်မှုရှိနိုင်မလား၊ မရှိနိုင်ဘူးလားဆိုတာ မြင်နိုင်မယ် လို့ သူကပြောပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါကို သူက ဘယ်က ဆွဲယူလိုက်သလဲဆိုတော့ ဟိုဘက်ဂမ်ဘီယာဘက် က တင်ပြတဲ့ အချက်အလက်တွေကို ကြည့်လိုက်ပြီး သူက Genocide Convention မှာသုံးတဲ့ Standard မျိုးသုံးမယ် ဆိုရင် အဓိကကျတဲ့အချက် Genocide of Intent ဆိုတာ ဟိုဘက်က ပြောထားတဲ့ အချက်အလက်တွေထဲမှာ မပါ ဘူးဆိုတာ သူက ပြောတယ်။

ဒီလိုမျိုး Genocide of Intent မပါဘူးဆိုရင် ရှေ့ဆက်သွားရင်(Plausible Claim) ယုတ္တိရှိသော တောင်း ဆိုချက်တင်မက Possibility of Success က ရှိချင်မှတောင် ရှိနိုင်ပါတယ်။ အခုလက်ရှိဆုံးဖြတ်တဲ့အချိန်မှာလည်း Plausible Claim က မရှိနိုင်ပါဘူးလို့ သူကပြောပါတယ်။ အဲဒါတွေတင်မကပါဘူး။ နောက်ပြီး ဆွဲထုတ်ရမယ့်အချက် က တရားသူကြီးတွေကို သူဘာတွေထောက်ပြသလဲဆို တော့ ဂမ်ဘီယာနိုင်ငံက အချက်အလက်တွေက ဘယ်ကိုပဲ အဓိကအခြေခံထားသလဲဆိုတာ သူထောက်ပြခဲ့ပါတယ်။ ဒါတွေက Fact –Finding Mission Report (FFM Report) ရှိတယ်။ Special Rapporteur မစ္စယန်ဟီလီထောက်ပြခဲ့တဲ့ ကိစ္စတွေကိုလည်း သူဆက်လက်ပြီး တရားသူကြီးတွေကို ရှင်းပြခဲ့ပါတယ်။

❍ နိုဝင်ဘာ ၁၉ ရက်နေ့မှာ ဂျကာတာပို့စ်မှာ Organisation of Islamic Cooperation–OIC ကိုယ်စား ဂမ်ဘီယာက ICJ ကိုသွားမယ်။ နောက်တစ်ခါကျတော့ ဂမ်ဘီယာကိုယ်တိုင်ကလည်း OIC ကိုယ်စား ICJ မှာ အမှုရင်ဆိုင်မယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကလည်း OIC ကိုယ်စား ဂမ်ဘီယာက ICJ သွားမှာကို ဝမ်းသာဂုဏ်ယူကြောင်းပေါ့။ နောက်တစ်ခုက OIC ကနေပြီးတော့ Funded လုပ်တယ်။ ဂမ်ဘီယာကို အမှုစွဲဖို့ ငွေရေးကြေးရေး ထောက်ပံ့ကူညီတယ်။

❍ ဆိုလိုချင်တာက ICJ မှာ စာချုပ်ရဲ့ အဖွဲ့ဝင်နိုင်ငံကသာလျှင် တရားစွဲဆိုရင်ဆိုင်ဖြေရှင်းခွင့်ရှိတယ်။ OIC ဆိုတာက ICJ မှာ တရားစွဲဆိုခွင့်မရှိတဲ့ Status ရှိတဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။

**ဦးကျော်တင့်ဆွေ။** ။ သူတင်ပြတဲ့ အချက်တွေထဲမှာ တော်တော် ထိရောက်တဲ့အချက်တွေရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ကို ICC က တရားစွဲထားတယ်။ ကျွန်တော်တို့က ICC ရဲ့ တရားစီရင်ပိုင်ခွင့်ကို လက်မခံထားဘူး။ အဲဒီလိုလက်မခံထားတဲ့ ICC မှာတောင် ကျွန်တော်တို့ကို တရားစွဲထားတာ Genocide နဲ့ တရားစွဲဆိုထားတာ မဟုတ်ဘူး။ ဒါကြောင့် ICC မှာတောင် Genocide နဲ့ တရားစွဲဆိုထားခြင်းမပြုတဲ့အတွက် ဒီဘက်မှာ Genocide ဘယ်လိုမှ မမြောက်ပါဘူးဆိုပြီး ကျွန်တော်တို့ I CC ရဲ့ တရားစွဲဆိုထားတဲ့အချက်ကိုပဲ ပြန်သုံးပြီးတော့ ချေပထားတာ တွေ့ရတယ်။

**ဦးကိုကို။** ။ အဲဒီတော့ ကျွန်တော်တို့ ရှေ့နေတွေကတော့ လျှောက်လဲထားတာ အများကြီးပေါ့လေ။ ဆရာမ သိသလောက်လေး အတွေ့အကြုံလေးမျှပါဦး။

**ဒေါက်တာသီတာဦး။** ။ ဟုတ်ကဲ့ပါဆရာ။ မြန်မာနိုင်ငံကနေ ပြီးတော့ ICJ မှာ သွားရောက်ပြီး ရင်ဆိုင်ဖြေရှင်းတဲ့ကိစ္စမှာ ကျွန်မက ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ပါဝင်ခွင့်ရပြီးတော့ ရရှိခဲ့တဲ့ အတွေ့အကြုံတွေ၊ ဗဟုသုတတွေကို ပြည်သူကို ပြန်လည်ပြီးတော့ မျှဝေခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါ တယ်။ ဒီသွားခဲ့တဲ့ခရီးစဉ်မှာ ကျွန်မကတော့ ဥပဒေသမား ပီပီ အဓိက ကျွန်မအာရုံစိုက်ပြီးတော့ စိတ်ဝင်စားပြီး စိတ်အားထက်သန်ခဲ့တာက ကျွန်မတို့ဘက်ကနေ ခုခံ ကာကွယ်ပြောဆိုခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင် ရှေ့နေကြီးတွေပါ။ ကျွန်မတို့နိုင်ငံရဲ့ ရပ်တည်ချက်တွေကို ဥပဒေကြောင်းနဲ့ တိကျမှန်ကန်စွာ ခုခံကာကွယ်ပေးနိုင်ခဲ့ တယ်။

သူတို့ရဲ့လျှောက်လဲချက်တွေဟာ တကယ်ကို တန်ဖိုး ရှိပြီးတော့ အင်မတန်စိတ်ဝင်စား အာရုံစိုက်ခဲ့ရတဲ့ကိစ္စ ဖြစ်ပါတယ်။ နောက်ပြီးတော့ ရှေ့နေကြီးတွေဟာ ကျွန်မ တို့ ဥပဒေပညာသင်နေခဲ့တဲ့ ကာလတစ်လျှောက်လုံးမှာ ဒီရှေ့နေကြီးတွေရေးသားခဲ့တဲ့ စာအုပ်တွေအပေါ်မှာ ကိုးကားပြီးတော့ ကျွန်မတို့က သင်ခဲ့ရတာပါ။ အခုကျတော့ ဒီရှေ့နေကြီးတွေကိုယ်တိုင်က ကျွန်မတို့ မြန်မာနိုင်ငံ ဘက်ကနေပြီးတော့ ခုခံပြောဆိုနေတဲ့အခါမှာ ကျွန်မအနေ နဲ့ ဒါကိုနားထောင်ခွင့်ရတယ်။

ကျွန်မတို့ နိုင်ငံသားတွေအတွက်ရော၊ ကျွန်မကိုယ် တိုင်အတွက်ရော ဂုဏ်ယူမိပါတယ်။ ဒီရှေ့နေကြီးမျိုးကို ရှာဖွေပြီးတော့၊ ငှားရမ်းပြီးတော့ ရှာဖွေပေးခဲ့တဲ့ နိုင်ငံတော် အကြီးအကဲတွေဟာလည်း အင်မတန်မှ ကျေးဇူးတင်စရာ ကောင်းပါတယ်လို့ ပထမဦးဆုံး ကျွန်မအနေနဲ့ ပြောကြား လိုပါတယ်။

Mr.Christopher Staker ကတော့ သူက ICJ မှာကိုပဲ ဥပဒေဌာနမှူး လုပ်ခဲ့ဖူးပါတယ်။ သူက ဩစတြေးလျနိုင်ငံရဲ့ လက်ထောက်ရှေ့နေချုပ်ပါ။ ဆီရာလီယွန်မှာရှိတဲ့ အထူးတရားရုံးမှာ ဒုတိယရှေ့နေချုပ် လုပ်ခဲ့ပါတယ်။ သူက အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင် ရှေ့နေတစ်ယောက် အနေနဲ့ ဒီ ICJ မှာလည်း သူအမှုလိုက်ခဲ့တယ်။ နောက်ပြီး တော့ ပင်လယ်ပြင် နယ်နိမိတ်သတ်မှတ်မှု [International Tribunal for the Law of the Sea(ITLOS)] မှာလည်း ရှေ့နေလိုက်ခဲ့တယ်။ သူက ဆီရာလီယွန်တရားရုံးမှာ သော်လည်းကောင်း၊ ယူဂိုဆလားဗီးယား အထူးရာဇဝတ် တရားရုံးတွေမှာရော၊ ဥရောပသမဂ္ဂရဲ့ လူ့အခွင့်အရေး တရားရုံးတွေမှာ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေနဲ့ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားစီရင်ရေးကို အထူးပြု ပြီးလိုက်တဲ့ ရှေ့နေကြီးဖြစ်ပါတယ်။

**ဦးကိုကို။** ။ ရှေ့နေကြီး Mr.Christopher Staker ရဲ့ လျှောက်လဲချက်ပေါ့။ ကျွန်တော်တို့ပြန်ပြီး ချေပရတာပါ။ သူ့ရဲ့ချေပတဲ့အချက်တွေထဲက ဆရာမ မှတ်မှတ်သားသား ဖြစ်တာလေးတွေရှိရင် ဝေမျှပါဦး။

**ဒေါက်တာသီတာဦး။** ။ Mr.Christopher Staker ရဲ့ Argument ထဲမှာ ကျွန်မတို့ တောက်လျှောက် အာရုံစိုက်ပြီး နားထောင်ခဲ့ပါတယ်။ ဒီစကားဝိုင်းမှာ အထူး Highlight လုပ်ပြီး ဆွေးနွေးပေးချင် တာက ပထမဦးဆုံးသူပြောခဲ့တဲ့အချက်က Organisation of Islamic Cooperation–OIC ကိုယ်စားပြုပြီး ဂမ်ဘီယာ နိုင်ငံက နိုင်ငံတစ်နိုင်ငံအနေနဲ့ ICJ မှာ ရင်ဆိုင်ဖြေရှင်းဖို့ တောင်းဆိုခဲ့တာပါရှင့်။ အဲဒါကို သူတို့ကိုယ်တိုင် ကြေညာ ထားခဲ့တာ။ ဥပမာဆိုရင် နိုဝင်ဘာ ၁၉ ရက်နေ့မှာ ဂျကာတာပို့စ်မှာ Organisation of Islamic Cooperation –OIC ကိုယ်စား ဂမ်ဘီယာက ICJ ကို သွားမယ်။ နောက် တစ်ခါကျတော့ ဂမ်ဘီယာကိုယ်တိုင်ကလည်း OIC ကိုယ်စား ICJ မှာ အမှုရင်ဆိုင်မယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကလည်း OIC ကိုယ်စား ဂမ်ဘီယာက ICJ သွားမှာကို ဝမ်းသာဂုဏ်ယူကြောင်းပေါ့။ နောက်တစ်ခုက OIC ကနေ ပြီးတော့ Funded လုပ်တယ်။ ဂမ်ဘီယာကို အမှုစွဲဖို့ ငွေရေးကြေးရေး ထောက်ပံ့ကူညီတယ်။ အဲဒီအထဲက အဖွဲ့ ဝင်အချို့ရဲ့ ငွေရေးကြေးရေးထောက်ပံ့ကူညီမှုတွေ ဒါတွေ ကို သူက အရင်တင်ပြလိုက်ပါတယ်ရှင့်။

တင်ပြလိုက်တဲ့သဘောက သူတို့ကြိုးနဲ့ သူတို့ ပြန်ပြီး ချည်သလိုမျိုး ပြောရမလား။ ဆိုလိုချင်တာက ICJ မှာ စာချုပ်ရဲ့ အဖွဲ့ဝင်နိုင်ငံကသာလျှင် တရားစွဲဆိုရင်ဆိုင် ဖြေရှင်းခွင့်ရှိတယ်။ OIC ဆိုတာက ICJ မှာ တရားစွဲဆိုခွင့် မရှိတဲ့ Status ရှိတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ အဖွဲ့ အစည်းဖြစ်တဲ့ OIC က ဂမ်ဘီယာနိုင်ငံမျိုးကို ကိုယ်စား လှယ်အနေနဲ့ လွှဲပြီးတော့ နိုင်ငံတစ်နိုင်ငံအနေနဲ့ စွဲခိုင်းမယ် ဆိုရင် နောင်မှာ ဒီလိုမျိုးအဖွဲ့အစည်းတွေကနေပြီးတော့ နိုင်ငံတစ်နိုင်ငံကို အခုလိုလုပ်ပြီး ICJ မှာ အမှုစွဲခိုင်းရင် ဘယ်လိုဖြေရှင်းမလဲ။

ဘာဖြစ်လို့လဲဆိုတော့ OIC လို အဖွဲ့အစည်းမျိုးက ICJ မှာ Advisory Opinion ၊ ဥပဒေနဲ့ ပတ်သက်ပြီး အကြံဉာဏ်တောင်းယူတာ အဲဒီလိုမျိုး လုပ်ခွင့်ရှိတဲ့ အဖွဲ့အစည်း မျိုးမဟုတ်ပါဘူး။ Advisory Opinion တစ်ခုရဲ့ တန်ဖိုးဆို တာလည်း ICJ က ဒီဟာကို Opinion ပေးလိုက်ရင် တစ်ကမ္ဘာလုံးက လိုက်နာရမယ့် Rule တစ်ခုလို ဖြစ်သွား နိုင်ပါတယ်။ ဒီလိုဟာမျိုးကို နောက်ပိုင်းမှာ ဒီလိုအနေ အထားမျိုးနဲ့ အဖွဲ့အစည်းတစ်ခုက နိုင်ငံတစ်ခုကို ကိုယ်စားပြုပြီးတော့ ဒီလို ICJ မှာ စွဲခိုင်းလို့ ဒီလို Opinion ထွက်လာခဲ့ရင် ICJ က ဘယ်လိုလုပ်ပြီးတော့ ဖြေရှင်းမလဲ ဆိုတာပါ။

**ဦးကျော်တင့်ဆွေ။** ။ အဓိက က ဘာလဲဆိုတော့ သူ့ရဲ့ လျှောက်လဲချက်တွေက အင်မတန်မှ ထိရောက်တယ်။ ဂမ်ဘီယာအနေနဲ့ စွဲတာမဟုတ်ဘူး။ ဂမ်ဘီယာက OIC ကိုယ်စားစွဲတာ၊ ICJ ရဲ့ တရားရုံးချုပ်ရဲ့ ဆုံးဖြတ်ချက်တွေမှာလည်း အဖွဲ့အစည်းအနေနဲ့ စွဲခွင့်မရှိ ဘူးဆိုတဲ့ အချက်တွေကိုလည်း သူက ထိထိရောက်ရောက် ထောက်ပြခဲ့တယ်။

**ဒေါက်တာသီတာဦး။** ။ နောက်တစ်ချက် အနေနဲ့ Mr.Staker က ထောက်ပြတဲ့ Legal Issues တွေက တော်တော်ကို တိကျခိုင်မာပါတယ်။ နောက်တစ်ခုက သူက ဘာကိုပြောလဲဆိုတော့ ICJ မှာ Genocide Convention Article 9 ရဲ့ စွဲဆိုချက်က Dispute အငြင်းပွားမှုဆိုတာရှိရမယ်။ အငြင်းပွားမှုရှိဖို့အတွက်က စွဲဆိုတဲ့နိုင်ငံက အငြင်းပွားသူ ဖြစ်မှာပေါ့။ အငြင်းပွားတဲ့ နိုင်ငံက Direct Effective ၊ တိုက်ရိုက်ထိခိုက်တာမျိုးလည်း ရှိရမယ်။ အဲဒီတော့ ဒီကိစ္စမှာ ဂမ်ဘီယာက တိုက်ရိုက် ထိခိုက်တာမျိုးလည်းမဟုတ်ဘူး။ မဟုတ်ဘဲနဲ့ ICJ မှာ Article 9 ကို သုံးပြီး Dispute ဆိုပြီး သူကအခြေအနေ ဖန်တီးပြီး ICJ မှာ တရားစွဲတယ်။ Dispute မရှိရင် တရား စွဲခွင့်မရှိဘူး။ အမှုကိုပိတ်လိုက်ပါတယ်။ ဂမ်ဘီယာက Dispute သတ်မှတ်တဲ့ဟာကလည်း တစ်ချက်ပဲရှိတယ် ရှင့်။

အဲဒါက ကျွန်မတို့ နယူးယောက်မှာရှိတဲ့ မြန်မာသံရုံး ကို Note verbale စာကို အောက်တိုဘာ ၁၁ ရက်မှာ လာပြီးပို့ပါတယ်။ အဲဒီ Note verbale စာမှာ ဘာပြောလဲ ဆိုရင် ကုလသမဂ္ဂအချက်အလက်ရှာဖွေရေးကော်မရှင်ရဲ့ တင်ပြချက်တွေကို မြန်မာနိုင်ငံက ငြင်းပယ်တဲ့အတွက် စိုးရိမ်မိတယ်တဲ့၊ အဲဒီတစ်ခုကိုပဲ ဖော်ပြထားတာပါရှင့်။ အဲဒီစာမှာ ဘယ်နေ့မှာ ပြန်ရမယ်တို့၊ မပြန်ခဲ့ရင် ဘာဖြစ် မယ်တို့ဆိုတဲ့ အကြောင်းတွေလည်း ရှင်းမထားဘူး။ ဒီဟာ အပေါ်မှာ မြန်မာနိုင်ငံက ပြန်ကြားခဲ့ခြင်းမရှိတာကို Dispute လို့ သူ့ဘာသာသတ်မှတ်ပြီးတော့ ICJ မှာ အမှု ရင်ဆိုင်ဖို့ စွဲဆိုခဲ့တာဖြစ်ပါတယ်။

**ဦးကျော်တင့်ဆွေ။** ။ Mr.Staker က တိတိကျကျ ပြောတယ်ဆိုတာက Dispute မရှိဘူး။ အခုနကပြောတဲ့ Note verbale လို့ ခေါ်တဲ့ သံတမန်စာလွှာကလည်း Dispute ရှိတယ်လို့ဖြစ်အောင်လို့ လုပ်ကြံပြီး ပေးပို့ခြင်းဖြစ်တယ်လို့ သူက ထင်ထင်ရှားရှား ရှင်းလင်းပြောကြားပါတယ်။

**ဦးကိုကို။** ။ ပြည်ထောင်စုဝန်ကြီးတို့၊ ဆရာမတို့ ရှင်းပြ တာကနေ ကျွန်တော်သဘောပေါက်လိုက် တာက Mr.Staker က ကန့်လန့်ကာ နောက်ကွယ်ကရှိနေတဲ့ အဖြစ်အပျက်တွေကို သူကြိုးစားပြီးတော့ အမှန်တရား တစ်ခုကို သူဖော်ထုတ်ပြီးတော့ ပြသတယ်လို့ ကျွန်တော် မြင်ပါတယ်။

မြန်မာနိုင်ငံဘက်ကနေ တင်ပြလျှောက်လဲပေးတဲ့ ရှေ့နေကြီးတွေရှိပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ဆရာ ဦးကျော်တင်အနေနဲ့ ဆွေးနွေးပေးပါဦး။

**ဦးကျော်တင်။** ။ ကျွန်တော်ပြောချင်တာက ကျွန်တော်တို့ ရှေ့နေအဖွဲ့တွေက Rockstar Lawyer တွေပါ။ အဲဒီမှာ ပါဝင်တဲ့တစ်ယောက် ပါမောက္ခ Mr. Andreas Zimmermann ဆိုရင် ဂျာမနီနိုင်ငံ University of Potsdam မှာ ပါမောက္ခတာဝန်ထမ်းဆောင်တာပါ။ သူက ICJ ရဲ့ မူကြမ်းတွေ ဘာတွေကို ထိပ်သီး Expert တစ်ယောက်ပါ။ ပြီးခဲ့တဲ့ နှစ်လလောက်တုန်းက အောက်စ်ဖို့တက္ကသိုလ်ကထုတ်တဲ့ စာအုပ်တစ်အုပ်မှာ Procedure of the ICJ အကြောင်း သူရေးထားပါတယ်။ ပြီးတော့ ဥပဒေပညာရှင်တစ်ယောက်က ပါမောက္ခ Phoebe Okowa ဆိုတာပါပဲ။ သူက Queen Mary University of London မှာ ပါမောက္ခပါ။ ပြီးတော့ အောက်စ်ဖို့ တက္ကသိုလ်ကနေ Ph.D ရတဲ့သူဖြစ်ပါတယ်။ ကင်ညာမှာ လည်း တရားရုံးချုပ် ဥပဒေအရာရှိအနေနဲ့ အလုပ်ထမ်း ဆောင်နေပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် အမေရိကန်နှင့် အိန္ဒိယ လက်မှတ်ရေးထိုး

**ဝါရှင်တန် ဒီဇင်ဘာ ၂၀**

အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရန် နောက်ဆုံး ကြိုးပမ်းအားထုတ်သည့်အနေဖြင့် ကာကွယ်ရေးနည်းပညာနှင့် ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်နှစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ဒီဇင်ဘာ ၁၉ ရက်တွင် ကြေညာသည်။

အဆိုပါ သဘောတူချက်နှစ်ရပ်ကို ယခုသီတင်းပတ်အစောပိုင်းက ဝါရှင်တန်မြို့တွင်ပြုလုပ်သော အမေရိကန်နှင့် အိန္ဒိယအစိုးရ၏ ဒုတိယအကြိမ် ၂+၂ ဝန်ကြီးအဆင့် ဆွေးနွေးပွဲ အတောအတွင်း လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း ပင်တဂွန်က ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို အမေရိကန်ဘက်မှ နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုနှင့် ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စ်ပါ၊ အိန္ဒိယဘက်မှ ပြည်ပရေးရာဝန်ကြီး ဆူဘရာမန်ယမ်ဂျေရှန်ကာနှင့် ကာကွယ်ရေးဝန်ကြီး ရာ့ဂျ်နတ်ဆင်းတို့ တက်ရောက်ကြကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုသည် အမေရိကန်နှင့် အိန္ဒိယအနေဖြင့် ကာကွယ်ရေးဆိုင်ရာ သဘောတူစာချုပ်နှစ်ရပ် လက်မှတ်ရေးထိုးခြင်းကို အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့အကြား မဟာဗျူဟာ ဆက်ဆံရေး ခိုင်မာတောင့်တင်းလာသည့် သာဓကတစ်ခုအဖြစ် ရှုမြင်ထားကြောင်း ပင်တဂွန်၏ ကြေညာချက်တွင် ဖော်ပြထားသည်။



အမေရိကန်ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စ်ပါနှင့် အိန္ဒိယကာကွယ်ရေးဝန်ကြီး ရာ့ဂျ်နတ်ဆင်းတို့ လက်မှတ်ရေးထိုးစဉ်။

အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်ဖက်အကြား သဘောထားကွဲလွဲမှုများဖြစ်ပွားခဲ့ပြီးနောက် လွန်ခဲ့သည့် နှစ်နှစ်ကတည်းက နှစ်နိုင်ငံ၏ ဆက်ဆံရေးကို တိုးမြှင့်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

တစ်ချိန်တည်းမှာပင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆူဘရာမန်ယမ်ဂျေရှန်ကာနှင့် ကာကွယ်ရေးဝန်ကြီး ရာ့ဂျ်နတ်ဆင်းတို့နှင့် ဆွေးနွေးမှုများသည် အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့အကြား အထူးအရေးပါသော မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး အလျင်အမြန်တိုးတက်လာသည်ကို ထင်ဟပ်စေသည်ဟု ပြောကြားသည်။

ပြီးခဲ့သည့်လက ရုရှားအရာရှိများ၏ ပြောဆိုချက်အရ အိန္ဒိယအစိုးရသည် ရုရှားလုပ် လေကြောင်းရန်ကာကွယ်ရေးစနစ်ငါးခု ဝယ်ယူရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကို ရုရှားအစိုးရအား ပေးချေခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

# အမေရိကန်က အီရန်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ထပ်မံချမှတ်

**တီဟီရန် ဒီဇင်ဘာ ၂၀**

အီရန်နိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုပြဿနာများကြောင့် အမေရိကန်က အီရန်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှု အသစ်များထပ်မံချမှတ်ခဲ့သည်။

အီရန်အာဏာပိုင်များအနေဖြင့် နိုဝင်ဘာလအတွင်းမှစပြီး အစိုးရဆန့်ကျင်ဆန္ဒထုတ်ဖော်သူ ၁၀၀၀ ကျော်ခန့်ကို သတ်ဖြတ်ခဲ့သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက ၎င်း၏မိန့်ခွန်းတစ်ရပ်တွင် စွပ်စွဲပြောကြားခဲ့သည်။

အီရန်နိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုသည် မည်သို့မျှလက်ခံနိုင်စရာမရှိပါကြောင်းနှင့် ပြည်သူများအပေါ် မှားယွင်းသောလက်တုံ့ပြန်မှုဖြစ်ပါကြောင်း ဝန်ကြီး မိုက်ပွန်ပီယိုက ဆိုသည်။

ထို့ပြင် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများအား အလွန်ပြင်းထန်သော စကားလုံးများအသုံးပြုခဲ့သော အီရန်တရားသူကြီးနှစ်ဦး၏ ပိုင်ဆိုင်မှုများကို ပိတ်ပင်မည်ဖြစ်ကြောင်းနှင့် အစိုးရဆန့်ကျင်ဆန္ဒထုတ်ဖော်သူများအား ပြင်းထန်စွာ ချေမှုန်းခဲ့သည့်ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သည့် အီရန်တာဝန်ရှိသူများကိုလည်း ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်ထားမည်ဖြစ်ကြောင်း ဝန်ကြီး မိုက်ပွန်ပီယိုက ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်နှင့် အီရန်နှစ်နိုင်ငံခေါင်းဆောင်များက နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်ကောင်းမွန်လာစေရေး ဆွေးနွေးညှိနှိုင်းမှုများလုပ်ဆောင်ရန် ကြိုးပမ်းလျက်ရှိစဉ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းများအပေါ် စီးပွားရေးပိတ်ဆို့မှုများ ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာ ၂၀ ရက်တွင် အီရန်သမ္မတ ဟာဆန် ရိုဟာနီက ဂျပန်နိုင်ငံသို့ သွားရောက်ကာ ဂျပန်ဝန်ကြီးချုပ်နှင့်တွေ့ဆုံပြီး လက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခများ အဆုံးသတ်သွားရေးအတွက် ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။ ယင်းသို့ ဆွေးနွေးညှိနှိုင်းမှုများလုပ်ဆောင်နေစဉ်အတွင်း အမေရိကန်က စီးပွားရေးပိတ်ဆို့မှုများ ထပ်မံချမှတ်လိုက်ခြင်းသည် အမေရိကန်အနေဖြင့် လွန်စွာခက်ထန်သော တုံ့ပြန်မှုမျိုးကို ကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု အီရန်သမ္မတ ရိုဟာနီက မီဒီယာသို့ ပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်၏ ဘရက်ဆစ်အရေးအတွက် ပါလီမန်သစ်တွင် မဲပေး

**လန်ဒန် ဒီဇင်ဘာ ၂၀**

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က နှစ်ပေါင်းများစွာကြာမြင့်ခဲ့သည့် ငြင်းခုန်မှုများကိုအဆုံးသတ်ပြီး ၎င်းလိုလားသော ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေး(ဘရက်ဆစ်) အရေးအတွက် မဲပေးကြရန် ပါလီမန်သစ်အား တိုက်တွန်းလိုက်သည်။

ဗြိတိန်အောက်လွှတ်တော်အနေဖြင့် ဂျွန်ဆင်ဖြစ်စေချင်သည့်အတိုင်း ဘရက်ဆစ်အရေး ရှေ့တိုးဆောင်ရွက်ရန် ခွင့်ပြုမည့်အခြေအနေတွင် ရှိနေသည်။ ယခုအခြေအနေတွင် ဂျွန်ဆင်အနေဖြင့် ဇန်နဝါရီ ၃၁ ရက်တွင် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးကို ဆောင်ရွက်နိုင်ရန် လမ်းပွင့်နေပြီဖြစ်သည်။

လွန်ခဲ့သောသီတင်းပတ်က ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် ဂျွန်ဆင်၏ ကွန်ဆာဗေးတစ်ပါတီက အနိုင်ရရှိခဲ့သည်။ ကွန်ဆာဗေးတစ်များအနိုင်ရရှိခြင်းသည် ဗြိတိန်အနေဖြင့် ဥရောပသမဂ္ဂမှ နုတ်ထွက်မည့် ပထမဆုံးနိုင်ငံဖြစ်လာမည့်အရေး သံသယဖြစ်မှုများကို ကင်းစင်သွားစေသည်။ "အခုအချိန်မှာ ဗြိတိန်အနေနဲ့ အားသစ်လောင်းထားတဲ့ နိုင်ငံတစ်ခုအနေနဲ့ ယုံကြည်ချက်အပြည့်နဲ့ ကျွန်တော်တို့ လျှောက်ရမယ့်လမ်းကို ချီတက်ပြီး အခုရရှိနေတဲ့ အခွင့်အလမ်းတွေကို ရယူဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်"ဟု ဂျွန်ဆင်က ဥပဒေပြုအမတ်များအား ပြောကြားသည်။

ဂျာရမီကိုဘန်းကမူ ဘရက်ဆစ်အရေးအား အလွန်ဆိုးရွားသော အရေးဖြစ်သည်ဟု ပြောဆိုခဲ့သည်။ လန်ဒန်နှင့် ဥရောပသမဂ္ဂအကြား အပြောင်းအလဲကာလအဖြစ် ၁၁ လ သတ်မှတ်ပြီးနောက် ဇန်နဝါရီ ၃၁ ရက်တွင် ဗြိတိန် ဥရောပသမဂ္ဂမှ နုတ်ထွက်ရေးဆောင်ရွက်ရန် သတ်မှတ်ခြင်းဖြစ်သည်။ လန်ဒန်နှင့် ဥရောပသမဂ္ဂတို့အနေဖြင့် အပြောင်းအလဲကာလအတွင်း ကုန်သွယ်ရေး၊ လုံခြုံရေးနှင့် အချက်အလက်များ ကာကွယ်ရေးတို့အပါအဝင် ပြီးပြည့်စုံသော သဘောတူညီချက်တစ်ရပ်အတွက် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်သည်။ **ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - စိုးသူရ**



# လာမည့်နှစ်တွင် စံချိန်တင်ကာကွယ်ရေးအသုံးစရိတ်သုံးစွဲရန် ဂျပန်အစိုးရ စီစဉ်



**တိုကျို ဒီဇင်ဘာ ၂၀**

ဂျပန်နိုင်ငံက ကာကွယ်ရေးအသုံးစရိတ်ကို စံချိန်တင် ယန်း ၅ ဒသမ ၃ ထရီလီယံ သို့မဟုတ် အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၆ ဘီလီယံအထိ ရှစ်နှစ်ဆက်တိုက် တိုးမြှင့်တော့မည်ဖြစ်သည်။ လာမည့်နှစ် ဧပြီလတွင်စတင်မည့် ဘဏ္ဍာနှစ်အတွက် အစိုးရဘတ်ဂျက်ကို ဂျပန်အစိုးရအဖွဲ့က ယနေ့ အတည်ပြုခဲ့ခြင်းဖြစ်သည်။

လက်ရှိဘဏ္ဍာနှစ်အတွက် ကာကွယ်ရေးဘတ်ဂျက်မှာ ကနဦးသတ်မှတ်ထားသည်ထက် အမေရိကန်ဒေါ်လာ သန်း ၅၁၀ ခန့် ပိုများသည်။ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၄ ဘီလီယံကို ၂၀၂၁ ဘဏ္ဍာနှစ် သို့မဟုတ် နောက်ပိုင်းအတွက် သုံးစွဲရန် လျာထားမည်ဖြစ်သည်။ သုံးစွဲမည့်ပမာဏတွင် ကိုယ်ပိုင်ကာကွယ်ရေးလေတပ်ဖွဲ့က အသုံးပြုသည့် အိုမင်းနေပြီဖြစ်သော F-2 မော်ဒယ်လ် လေယာဉ်များနေရာတွင် မျိုးဆက်သစ် ကိုယ်ပျောက်ဂျက်တိုက်လေယာဉ်များ အစားထိုးရန်အတွက် ဒီဇိုင်းဆွဲခ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ပါဝင်သည်။

ကိုယ်ပိုင်ကာကွယ်ရေးရေတပ်ဖွဲ့၏ အကြီးမားဆုံးရေယာဉ် "အိုင်ဇူမို"ကို လေယာဉ်တင်သင်္ဘောတစ်စင်းအဖြစ် ပြင်ဆင်တည်ဆောက်ရန် ငွေကြေးခွဲဝေထားသည့်အပြင် အမေရိကန်နိုင်ငံလုပ် F - 35B ကိုယ်ပျောက်လေယာဉ် ခြောက်စင်း ဝယ်ယူရေးကုန်ကျစရိတ်လည်း ကာကွယ်ရေးဘတ်ဂျက်တွင် ပါဝင်သည်။ ထို F - 35B ကိုယ်ပျောက်လေယာဉ်များကို ပြင်ဆင်မွမ်းမံထားသည့် "အိုင်ဇူမို"လေယာဉ်တင်သင်္ဘောပေါ်တွင် အသုံးပြုရန် စီစဉ်ထားသည်။

အမေရိကန်အစိုးရထံမှ ကာကွယ်ရေးပစ္စည်းများ တိုက်ရိုက်ဝယ်ယူမှုမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံခန့်အထိ ရောက်ရှိတော့မည်ဖြစ်သည်။ ယင်းမှာ ဒုတိယအများဆုံးပမာဏဖြစ်သော်လည်း လက်ရှိဘဏ္ဍာနှစ်၏ စံချိန်တင်ပမာဏထက် နည်းပါးနေသေးသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - ကျော်ထိုက်စိုး

# ဂျပန်ဝန်ကြီးချုပ် အာဘေးနှင့် အီရန်သမ္မတ ရိုဟာနီတို့ နှစ်နိုင်ငံကိစ္စများ ဆွေးနွေး

**တိုကျို ဒီဇင်ဘာ ၂၀**

ဂျပန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော အီရန်သမ္မတ ဟာဆန်ရိုဟာနီသည် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံအရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။



အရှေ့အလယ်ပိုင်းဒေသတွင် ရေကြောင်း၊ လေကြောင်း သွားလာမှုများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ရည်ရွယ်ပြီး ဂျပန်ကာကွယ်ရေးတပ်ဖွဲ့ဝင်များကို အရှေ့အလယ်ပိုင်းသို့ တပ်ဖြန့်ထားရန် စီစဉ်လျက်ရှိသည်ဟု ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဆိုသည်။

အရှေ့အလယ်ပိုင်းဒေသတွင်း အခြေအနေများ တည်ငြိမ်မှုရှိစေရန်နှင့် လက်ရှိဖြစ်ပေါ်နေသော တင်းမာမှုများကို လျော့ကျစေရန် ဂျပန်နိုင်ငံအနေဖြင့် သံတမန်ရေးဆိုင်ရာ ကြိုးပမ်းမှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။

ထို့ပြင် ဟော်မုဇ်ရေလက်ကြားသို့ ဂျပန်ကာကွယ်ရေးတပ်ဖွဲ့မှ စစ်သင်္ဘောတစ်စင်းနှင့် ကင်းလှည့်လေယာဉ်တစ်စင်းတို့ကို စေလွှတ်ရန် စီစဉ်ထားပါကြောင်း ဝန်ကြီးချုပ်အာဘေးက ဆက်လက်ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ၏ ရေနံစိမ်းတင်သွင်းမှု ၈၀ ရာခိုင်နှုန်းသည် အရှေ့အလယ်ပိုင်းဒေသမှ ဖြစ်သည့်အတွက် အရှေ့အလယ်ပိုင်းဒေသအတွင်း ရေကြောင်း၊ လေကြောင်း သွားလာမှုလုံခြုံရေးသည် ဂျပန်နိုင်ငံအတွက် အဓိက အရေးပါကြောင်း ဝန်ကြီးချုပ်အာဘေးက ဆိုသည်။

ဟော်မုဇ်ရေလက်ကြားအတွင်း ဘေးကင်းလုံခြုံမှုရှိစေရန်မှာ အဓိကရေလမ်းကြောင်းတစ်ခု ပိုင်ဆိုင်ထားသော အီရန်နိုင်ငံတွင် အဓိကတာဝန်ရှိပါကြောင်း ဝန်ကြီးချုပ်အာဘေးက အီရန်သမ္မတ ရိုဟာနီအား တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အီရန်သမ္မတ ရိုဟာနီအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယခုခရီးစဉ်သည် အီရန်သမ္မတတစ်ဦး၏ ၁၉ နှစ်အတွင်း ဂျပန်နိုင်ငံသို့ ပထမဆုံးသွားရောက်သည့် ခရီးစဉ်ဖြစ်သည်။ ပြီးခဲ့သည့်နှစ် မေလကစပြီး အမေရိကန်က အီရန်နျူကလီးယားသဘောတူစာချုပ်မှ တစ်ဖက်သတ်နုတ်ထွက်ခဲ့ပြီး အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ထပ်မံချမှတ်ခဲ့သည့်အတွက် အီရန်နိုင်ငံအနေဖြင့် လက်ရှိအခြေအနေတွင် စီးပွားရေးအရ ရုန်းကန်နေရသည်။

အီရန်နိုင်ငံ၏စီးပွားရေးသည် ယခုနှစ်တွင် ၉ ဒသမ ၅ ရာခိုင်နှုန်း လျော့ကျမည်ဟု နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ခန့်မှန်းတွက်ချက်ထားသည်။ အီရန်သမ္မတ ရိုဟာနီ၏ ဂျပန်ခရီးစဉ်သည် နှစ်နိုင်ငံ စီးပွားရေးကဏ္ဍကို တိုးမြှင့်လုပ်ဆောင်ရန်နှင့် အီရန်နိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးအခြေအနေများ တိုးတက်လာစေရန် ကူညီပေးနိုင်မည်ဟု အီရန်အစိုးရက မျှော်လင့်လျက်ရှိသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းတို့ လာမည့်အပတ်တွင် တရုတ်နိုင်ငံ၌ တွေ့ဆုံမည်

**တိုကျို ဒီဇင်ဘာ ၂၀**

ဂျပန်နှင့် တောင်ကိုရီးယားခေါင်းဆောင်တို့မှာ ဒီဇင်ဘာ ၂၄ ရက်တွင် တရုတ်နိုင်ငံ၌ တွေ့ဆုံကြမည်ဖြစ်ရာ ၁၅ လအတွင်း ပထမဆုံးအစည်းအဝေးဖြစ်လာမည် ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းတို့ကြား ဆွေးနွေးမှုမှာ ကုန်သွယ်မှုနှင့် စစ်ပွဲကာလ အလုပ်သမားအရေးအပါအဝင် နှစ်နိုင်ငံအငြင်းပွားမှုများ ဆက်လက်ရှိနေစဉ် ပြုလုပ်ခြင်းဖြစ်သည်။ တောင်ကိုရီးယားအစိုးရက ခရစ္စမတ်အကြို ထိပ်သီးဆွေးနွေးပွဲ အသေးစိတ်အစီအစဉ်ကို ယနေ့ ကြေညာခဲ့သည်။ ရှင်ဇိုအာဘေးနှင့် မွန်ဂျေအင်းတို့ကြား ထိပ်သီးဆွေးနွေးပွဲကို တရုတ်နိုင်ငံ၌ကျင်းပမည့် သုံးနိုင်ငံအစည်းအဝေး ပြင်ပအဖြစ် ပြုလုပ်မည်ဖြစ်သည်။ ထိပ်သီးအစည်းအဝေးကျင်းပမှုက နှစ်နိုင်ငံကြား အေးစက်နေသော ဆက်ဆံရေးအကြောင်း ထည့်သွင်းစဉ်းစားသည့် သိသာထင်ရှားသော အဓိပ္ပာယ်တစ်ခုဖြစ်ကြောင်း တောင်ကိုရီးယား အမျိုးသားလုံခြုံရေးရုံး ဒုတိယအကြီးအကဲ ကင်ဟွန်ချောင်က ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံသို့ အဆင့်မြင့်နည်းပညာသုံး ပစ္စည်းများတင်ပို့မှုအပေါ် ဂျပန်နိုင်ငံ၏ ထိန်းချုပ်မှုများနှင့် စစ်ပွဲကာလ အလုပ်သမားအရေး အငြင်းပွားမှုများကို ထိပ်သီးအစည်းအဝေး၌ အဓိကဆွေးနွေးမည်ဟု မျှော်မှန်းရသည်။ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ကုမ္ပဏီများအတွက် အဓမ္မစေခိုင်းခံခဲ့ရသည်ဟုဆိုသော တောင်ကိုရီးယားနိုင်ငံသားများကို လျော်ကြေးငွေပေးရန် ပြီးခဲ့သည့်နှစ်တွင် တောင်ကိုရီးယားတရားရုံးချုပ်က ဂျပန်ကုမ္ပဏီများကို အမိန့်ချမှတ်ခဲ့သည်။

လျော်ကြေးတောင်းဆိုပိုင်ခွင့်ကို ၁၉၆၅ ခုနှစ် နှစ်နိုင်ငံ သဘောတူညီချက်တစ်ရပ်အရ ဖြေရှင်းခဲ့ပြီးဖြစ်သည်ဟု ဂျပန်နိုင်ငံက ခံယူထားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – ကျော်ထိုက်စိုး**

## နိုင်ငံအတွင်း တောမီးများလောင်ကျွမ်းမှုကြောင့် ဩစတြေးလျဝန်ကြီးချုပ် အပန်းဖြေခရီးရပ်ဆိုင်း

**ဆစ်ဒနီ ဒီဇင်ဘာ ၂၀**

နိုင်ငံအတွင်း တောမီးများ လောင်ကျွမ်းနေစဉ်အတွင်း ဟာဝိုင်အီကျွန်းသို့ အပန်းဖြေခရီးထွက်ခဲ့သည့် ဩစတြေးလျဝန်ကြီးချုပ် စကော့မော်ရီဆင်အပေါ် တရစပ်ဝေဖန်မှုများ ပြင်းထန်လာပြီးနောက် ဝန်ကြီးချုပ်က ခရီးစဉ်ကို အဆုံးသတ်ခဲ့သည်။




"ကျွန်တော်မိသားစုနဲ့ ခရီးထွက်နေစဉ် တောမီးလောင်ကျွမ်းမှုကြောင့် ဩစတြေးလျလူမျိုးတွေ ထိခိုက်ခံစားရတဲ့အတွက် ကျွန်တော့်အနေနဲ့ အထူးကို ဝမ်းနည်းကြေကွဲရပါတယ်"ဟု ၎င်း၏ ထုတ်ပြန်ချက်တွင် မော်ရီဆင်က ဖော်ပြထားသည်။ ကျွန်တော့်အနေနဲ့ ဩစတြေးလျကို အမြန်ဆုံးပြန်လာပါ့မယ်ဟု ပြောကြားသည်။ ဆစ်ဒနီမြို့တောင်ပိုင်းတွင် မီးငြိမ်းသတ်နေစဉ်အတွင်း မီးသတ်သမား ဂန်ဖရီကီတင်းနှင့် အန်ဒရူး အိုဒွိုင်ရာတို့ သေဆုံးခဲ့သည်။

အဆိုပါ မီးလောင်ကျွမ်းနေစဉ်တွင် မော်ရီဆင် နိုင်ငံတွင်း၌ မရှိသည့်အတွက် ဝေဖန်မှုများ ပြင်းထန်ခဲ့ပြီး ဆန္ဒပြပွဲများ ဖြစ်ပွားကာ လူမှုကွန်ရက်များပေါ်တွင်လည်း ဝေဖန်မှုများ ပြင်းထန်ခဲ့သည်။ အစိုးရအနေနဲ့ ဦးဆောင်ဦးရွက်ပြုဖို့ ပျက်ကွက်ခဲ့ပါတယ်၊ ဒါဟာ ရှက်ဖွယ်ကောင်းပါတယ်လို့ မီးသတ်သမားများသမဂ္ဂ၏ ခေါင်းဆောင် လိုက်တန်ဒူရီက ပြောကြားသည်။

အဆိုပါ တောမီးသည် ဩစတြေးလျအရှေ့ဘက် ကမ်းရိုးတန်းတစ်လျှောက် လောင်ကျွမ်းခဲ့ပြီး နယူးဆောက်ဝေးပြည်နယ်တွင် မီးလောင်မှုများ ပိုမိုဖြစ်ပွားခဲ့သည်။

ဝန်ကြီးချုပ် စကော့မော်ရီဆင်၏ အပန်းဖြေခရီးစဉ်နှင့်ပတ်သက်ပြီး ဝေဖန်မှုမရှိသော်လည်း နိုင်ငံတွင်း တောမီးလောင်ကျွမ်းမှု ပြဿနာအပေါ် အစိုးရ၏ ကိုင်တွယ်သည့်နည်းလမ်းမှာ ပြည်သူများ၏ ဝေဖန်ချက် တစ်ခုဖြစ်ပေါ်လာခဲ့သည်။

**ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန်- စိုးသူရ**



## အရိုးအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၊ မန္တလေးမှ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်လွင်နှင့် ဌာနခွဲစာရေး ဦးအောင်ကျော်ဦး(ယခုဦးစီးအရာရှိ (အုပ်ချုပ်/စီမံ)၊ မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန)တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

**နေပြည်တော်  ဒီဇင်ဘာ  ၂၀**

မန္တလေးမြို့ အရိုးအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)မှ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်လွင်နှင့်အဖွဲ့သည် ရာထူးတာဝန်များကို အလွဲသုံးစားပြု၍ ဆေးရုံအတွင်း လုပ်ကိုင်လျက်ရှိသည့် တင်ဒါလုပ်ငန်းရှင်များထံမှ အမြတ်ထုတ်ကိုယ်ကျိုးစီးပွားရှာနေခြင်းအား အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ အရိုးအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၊ မန္တလေးမှ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်လွင်သည် အရိုးအထူးကုဆေးရုံဝင်းအတွင်း ယာဉ်ရပ်နားခကောက်ခံရေးလုပ်ငန်း တင်ဒါခေါ်ယူခြင်းနှင့်စပ်လျဉ်း၍ တင်ဒါရရှိအောင်ဆောင်ရွက်ပေးမည်ဟုဆိုကာ ၂၀၁၇-၂၀၁၈ ခုနှစ်နှင့် ၂၀၁၈-၂၀၁၉ ခုနှစ် တင်ဒါရရှိရေးအတွက် လုပ်ငန်းရှင်နှစ်ဦးထံမှ ငွေကျပ်သိန်း ၃၀ စီ စုစုပေါင်းငွေကျပ်သိန်း ၆၀ ကိုလည်းကောင်း၊ ၂၀၁၉-၂၀၂၀ ခုနှစ်နှင့် ၂၀၂၀-၂၀၂၁ ခုနှစ် တင်ဒါရရှိရေးအတွက် လုပ်ငန်းရှင်နှစ်ဦးထံမှ ငွေကျပ်သိန်း ၄၀ စီ စုစုပေါင်းငွေကျပ်သိန်း ၈၀ ကိုလည်းကောင်း၊ အားလုံးစုစုပေါင်းငွေကျပ် သိန်း ၁၄၀ ကို တံစိုးလက်ဆောင်အဖြစ် လက်ခံရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှုကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အရိုးအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၊ မန္တလေးမှ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်လွင်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရလည်းကောင်း၊ ဌာနခွဲစာရေး ဦးအောင်ကျော်ဦး(ယခုဦးစီးအရာရှိ (အုပ်ချုပ်/စီမံ)၊ မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန)သည် အရိုးအထူးကုဆေးရုံကြီးဝင်းအတွင်း စက်ဘီး/ ဆိုင်ကယ်အပ်နှံခကောက်ခံခြင်းလုပ်ငန်း နေရာနှစ်ခုအတွက် ၂၀၁၇-၂၀၁၉ ခုနှစ် တင်ဒါရရှိရေးကူညီဆောင်ရွက်ပေးမည်ဟုဆိုကာ ငွေကျပ် နှစ်သိန်းကိုလည်းကောင်း၊ တင်ဒါကော်မတီဝင်များအား ကန်တော့ရန်ဟုဆိုကာ ငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ တင်ဒါအောင်မြင်သူထံမှ ငွေကျပ် ခုနစ်သိန်းခန့်တန်ဖိုးရှိ Camera နှင့် Laptop တို့ကိုလည်းကောင်း တံစိုးလက်ဆောင်အဖြစ် လက်ခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဌာနခွဲစာရေး ဦးအောင်ကျော်ဦး(ယခုဦးစီးအရာရှိ (အုပ်ချုပ်/စီမံ)၊ မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန)အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၇ အရလည်းကောင်း မန္တလေးတိုင်းဒေသကြီး၊ အမှတ်(၁၁)နယ်မြေရဲစခန်း၊ ချမ်းအေးသာစံမြို့နယ်၌ ယနေ့ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာမိန်းကလေးတစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်နှစ်ရှည် ချမှတ်

**နေပြည်တော်  ဒီဇင်ဘာ  ၂၀**

မြန်မာမိန်းကလေးတစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီ ချမှတ်ခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် နဘူးကျင်းကျေးရွာအုပ်စု သရက်ကန်ရွာနေ မသင်းသင်းမော်(ခ) သင်းမော် (ဘ) ဦးကြည်ဝင်း၊ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့ အောင်ဇေယျအမှတ်(၂)ရပ်ကွက်နေ ဦးသိန်းထွန်း(ခ) ခင်မောင်လွင်(ဘ) ဦးစံကြည်နှင့် မထား (ခ) ခင်ထားမူ (ခ) ခင်ညွန့်ဆွေ (ဘ) ဦးလှဖေတို့က သရက်ကန်ရွာနေ မ---၊ ၂၈ နှစ်အား တရုတ်နိုင်ငံတွင် အလုပ်ရမည်ဟု ပြောဆိုစည်းရုံးလျက် လယ်ဝေး- မူဆယ် - ရွှေလီလမ်းကြောင်းအတိုင်း တရုတ်နိုင်ငံသို့ခေါ်ဆောင်သွားခဲ့ပြီး တရုတ်အမျိုးသားတစ်ဦးထံ ရောင်းစားခဲ့သည်။

ယင်းဖြစ်စဉ်အား ရမည်းသင်းမြို့မရဲစခန်း (ပ) ၃၂၆/ ၂၀၁၈၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ- ၂၈ (က) ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ရမည်းသင်းခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၁၇ ရက်တွင် တရားခံ မသင်းသင်းမော်(ခ) သင်းမော်၊ ဦးသိန်းထွန်း(ခ) ခင်မောင်လွင်နှင့် မထား (ခ) ခင်ထားမူ(ခ) ခင်ညွန့်ဆွေတို့ သုံးဦးကို အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

## လားရှိုး၊ ကွန်ဟိန်း၊ နမ့်စန်မြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော်  ဒီဇင်ဘာ  ၂၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၉ ရက် ညနေ ၆ နာရီခွဲက လားရှိုးမြို့နယ် ခါးသျှိကျေးရွာအုပ်စု မူဆယ်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၁၆၅/၅)အနီးတွင် ယွင်ကြာယို့မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ နံနက် ၇ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွန်ဟိန်းမြို့နယ် တာကော်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မစောဝေဝေနှင်းမောင်းနှင်ပြီး မသန်းသန်းမော်လိုက်ပါလာသည့်မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀၊ ငွေကျပ် ၁၉ သိန်းနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကိုလည်းကောင်း။

ထို့အတူ ည ၈ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်စန်မြို့ အမှတ်(၅)ရပ်ကွက် မိုးနဲလမ်း အိမ်အမှတ်(၅/၄၇၁)နေ ဒေါ်နန်းအုံး၏နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ စိုင်းဆိုင်လွယ်အား တွေ့ရှိရပြီး ၎င်းအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၈၀၊ ဘိန်းဖြူ ၁၂ ဂရမ်၊ ငွေကျပ် ၁၁ ဒသမ ၃ သိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



**မသန်းသန်းမော်နှင့် မစောဝေဝေနှင်းတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**

ရဲပြန်ကြား

## ဟိုပုံး၊ ပင်လောင်း၊ မိုင်းဆတ် နှင့် ဆီဆိုင်မြို့နယ်တို့၌ ဘိန်းစိုက်ခင်း ၅၉ ဧကခန့် ဖျက်ဆီး

**နေပြည်တော်  ဒီဇင်ဘာ  ၂၀**

ရှမ်းပြည်နယ် ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၉ ရက်တွင် ဟိုပုံးမြို့နယ် ယုတ်ပေးကျေးရွာ၏အရှေ့ဘက် နှစ်မိုင်ခန့်အကွာ၌ ဖွံ့ဖြိုးဆဲ ဘိန်းစိုက်ခင်း ခုနစ်ဧကခန့်ကို ဖျက်ဆီးခဲ့သည်။

အလားတူ ပင်လောင်းမြို့နယ် ဒင်းရွေးကျေးရွာ၏အနောက်ဘက် နှစ်မိုင်ခန့်အကွာ၌ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ဧက ၂၀၊ ကောင်ပနားကျေးရွာ၏အနောက်ဘက် နှစ်မိုင်ခွဲခန့်အကွာ၌ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၄ ဧက၊ မိုင်းဆတ်မြို့နယ် နားမော်ခိုင်ကျေးရွာ၏ အရှေ့ဘက် ၄၈ မိုင်ခန့်အကွာ၌ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း နှစ်ဧကခန့်၊ အဲဝကျေးရွာ၏ အနောက်တောင်ဘက် သုံးမိုင်ခန့်အကွာ၌ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း သုံးဧကခန့်နှင့် ဆီဆိုင်မြို့နယ် နောင်အယ်ကျေးရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာ၌ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၃ ဧကခန့်တို့ကို သက်ဆိုင်ရာရဲတပ်ဖွဲ့များက ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

ရဲပြန်ကြား

## မြန်မာအမျိုးသမီးတစ်ဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ် ၁၂ နှစ်စီ ချမှတ်

**နေပြည်တော်  ဒီဇင်ဘာ  ၂၀**

မြန်မာအမျိုးသမီးတစ်ဦးအား တရုတ်နိုင်ငံသို့ပို့ဆောင်ရောင်းစားရန် စီစဉ်သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ် ၁၂ နှစ်စီချမှတ်ခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၁၇) အနီးစခန်းကွက်သစ်နေ (ဘ)ဦးစံဖူး၏သမီးများဖြစ်သော ဒေါ်နန်းခမ်းဆာနှင့် ဒေါ်နန်းခမ်းစံတို့သည် ရပ်ကွက်ကြီး (၁)၊ စျေးကုန်းရပ်၊ အနီးစခန်းနေ မ ---၊ ၃၆ နှစ်အား တရုတ်အမျိုးသားနှင့် လက်ထပ်ပါက ငွေကျပ်သိန်း ၅၀ ရမည်၊ ကလေးတစ်ယောက်မွေးပေးရမည်၊ တရုတ်ပြည်တွင် တစ်နှစ်ခန့်နေရမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်ဇနီးအဖြစ် ရောင်းစားရန်စီစဉ်ခဲ့သည်။

**အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ်စီ ချမှတ်**

ယင်းဖြစ်စဉ်အား ပြင်ဦးလွင်မြို့မရဲစခန်း (ပ)၉၀/၂၀၁၈၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၂၄/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ပြင်ဦးလွင်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၁၈ ရက်တွင် တရားခံ ဒေါ်နန်းခမ်းဆာအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၂၄ အရလည်းကောင်း၊ ဒေါ်နန်းခမ်းစံအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၂၄/၃၂ အရလည်းကောင်း အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား



# ရှေ့နေနှင့် ဘဝစီမံကိန်း

## ဦးဟန်ညွန့် ( ဥပဒေ )




**နိဒါန်း**

" ဆရာ"
"ဗျာ"
" ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"
"ရှေ့နေနှင့် ဘဝစီမံကိန်းပါတဲ့ "
" ဘာအဓိပ္ပာယ်လဲဆရာ"
" လူရယ်လို့ဖြစ်လာရင် ဘဝမှာ စီမံကိန်းရှိရမယ်လေ"
" အကျယ်ကို ရှင်းပြပါဦးဆရာ"
"ဖတ်ကြည့်ကြစို့"

**ဘဝစီမံကိန်း**

- စာအုပ်အမည်က “ဘဝစီမံကိန်း”
- မူရင်းစာအုပ်အမည်မှာ The Life Plan ဖြစ်သည်။
- မူရင်းစာရေးဆရာမှာ Robert Ashton ဖြစ်သည်။
- မြန်မာပြန်သူ စာရေးဆရာမှာ အောင်စည်သာ ဖြစ်သည်။ စိတ်ကူးချိုချိုစာပေတိုက်က ၂၀၁၄ ခုနှစ်တွင် ထုတ်ဝေသည့်စာအုပ်ဖြစ်သည်။

**မာတိကာ**

အောက်ပါဆောင်းပါး(၁၀)ပုဒ် ဖော်ပြပါရှိသည်-

(၁) ဘဝစီမံကိန်း
(၂) ဦးစားပေးရမည့် အရာတွေ
(၃) အချိန်
(၄) အပြောင်းအလဲ
(၅) ကျန်းမာရေး
(၆) စိတ်ဖိစီးမှုများ
(၇) အလုပ်ခွင်
(၈) ပေါင်းသင်းဆက်ဆံရေး
(၉) ငွေကြေး
(၁၀) ဘဝစီမံကိန်းရဲ့ နိဂုံး(သို့) သင့်လက်တွေ့ဘဝရဲ့ အစ

**ထူးထူးခြားခြား စာအုပ်တစ်အုပ်**

ထူးထူးခြားခြား စာအုပ်တစ်အုပ်ဖြစ်သည်။ ဘဝစီမံကိန်းဖြစ်၍ လူတွေ၏ ဘဝမှာပိုမိုကောင်းမွန်သည်များ ပိုင်ဆိုင်နိုင်ဖို့ဖြစ်သည်။ နည်းလမ်းပေါင်း ၇၀၀ ဖော်ပြပေးသည်။ လိုတိုရှင်း နည်းလမ်းများလည်းဖြစ်သည်။

ကျန်းမာရေး၊ အောင်မြင်မှု၊ မိသားစုဘဝ၊ ငွေကြေး စသည်ဖြင့် ခေါင်းစဉ်များ ခွဲထားသည်။

**အောင်မြင်မှုဆိုတာဘာလဲ**

လူတစ်ယောက်ချင်းအပေါ်မူတည်၍ ကွဲပြားသည်။ တစ်ယောက်ချင်းစီအပေါ်မှာ သက်ရောက်တဲ့ တွန်းအား၊ ယုံကြည်မှု၊ ဓလေ့၊ ထုံးစံ၊ ကျင်လည်ရသော ပတ်ဝန်းကျင်၊ ရှင်သန်ရသောခရီးများ ကွဲပြားတတ်သည်။ ထိုအခါ လိုအင်ဆန္ဒများ ကွဲပြားမည်။ နောက်ဆုံးတွင် အောင်မြင်မှုပါ ကွဲပြားသည်။

လူသားတိုင်း အောင်မြင်မှုကို အလိုရှိကြသည်။ ထိပ်ဆုံးနေရာတွင် အောင်မြင်မှုရှိသည်။ လူအကြောင်း စစ်တမ်းများကောက်သည်။ ကောက်ချက်များဆွဲသည်။ အချက်အလက်များ စိစစ်သည်။

အောင်မြင်မှုကို ဘယ်လိုသတ်မှတ်မည်လဲ။ ဘယ်အရာသည် လူတွေအတွက် တွန်းအားဖြစ်သလဲ။ ဘယ်အရာကို ရရင် အောင်မြင်တယ်လို့ သတ်မှတ်မလဲ။ လေ့လာကြသည်။

**အချက်(၃)ချက်**

အောင်မြင်သည်ဟု အောက်ပါအချက်(၃)ချက်ကို အခြေခံပြီး ယူဆသတ်မှတ်သည်-

(၁) ဘယ်လောက်ပိုင်ဆိုင်လဲ။ ဘာတွေပိုင်ဆိုင်သလဲ။
(၂) ဘယ်လောက်လူသိလဲ။ ဘာကြောင့်လူသိလဲ။
(၃) ကိုယ့်လုပ်ရပ်က ဘယ်လောက်အကျိုးရှိသလဲ။ ဘယ်သူတွေအတွက်လဲ။(စာ-၃)

**ကွဲပြားသော အောင်မြင်မှုများ**

ဆရာအောင်စည်သာက ကွဲပြားသော အောင်မြင်မှုများကို အောက်ပါအတိုင်းဖော်ပြသည်-

(၁) Material Success လို့ခေါ်တဲ့ ရုပ်ဝတ္ထုဆိုင်ရာ အောင်မြင်မှု။
(၂) Emotional Success လို့ခေါ်တဲ့ ခံစားမှုနဲ့ပတ်သက်တဲ့ အောင်မြင်မှု
(၃) Intellectual Success လို့ခေါ်တဲ့ ဉာဏပစ္စည်းတွေနဲ့ဆိုင်တဲ့ အောင်မြင်မှု။
(၄) Spiritual Success လို့ခေါ်တဲ့ စိတ်ပိုင်းဆိုင်ရာ အောင်မြင်မှု။
(၅) Physical Success လို့ခေါ်တဲ့ ရုပ်ပိုင်းဆိုင်ရာ အောင်မြင်မှု။
(၆) Commercial Success လို့ခေါ်တဲ့ စီးပွားရေးဆိုင်ရာ အောင်မြင်မှု။
(၇) Evangelical Success လို့ခေါ်တဲ့ ဩဇာသက်ရောက်မှုနှင့် အောင်မြင်မှု။
(၈) Environmental Success လို့ခေါ်တဲ့ ပတ်ဝန်းကျင်မှာ အောင်မြင်မှု။
(၉) Time Success လို့ခေါ်တဲ့ အချိန်တွေနဲ့ပတ်သက်တဲ့ အောင်မြင်မှု။
(၁၀) Collective Success လို့ခေါ်တဲ့ အုပ်စုလိုက်အောင်မြင်မှု။ (စာ-၄)

**လူတိုင်းလူတိုင်းဟာ အခွင့်အရေးတစ်ခု၊ အောင်မြင်မှုတစ်ခုဆီကို စသွားတဲ့အခါ နေရာတစ်ခုကနေ တူညီစွာ စထွက် ... မျှော်လင့်ချက်တွေ၊ ကြောက်ရွံ့စိုးရိမ်မှုတွေနဲ့ပဲ စီမံကိန်းတွေဆွဲ၊ အောင်မြင်မှုတွေရခဲ့ ...**
**လူတိုင်း သင်နဲ့တန်းတူ ကြိုးစားရတယ်ဆိုတဲ့စိတ်ဟာ သင့်ရဲ့ဘဝစီမံကိန်းမှာ မမေ့သင့်တဲ့အရာ . . .**

**ဘယ်လိုသတ်မှတ်မလဲ**

(၁)ငွေကြေး၊ (၂)ကျန်းမာရေး၊ (၃)ချစ်ခြင်းမေတ္တာ၊ (၄) သက်သောင့်သက်သာရှိမှု၊ (၅)သင်ယူမှု၊ (၆)အပျော်အပါး၊ (၇)ပေးကမ်းခြင်း၊ (၈)ဆုတံဆိပ်များ၊ (၉)အပြောင်းအလဲနှင့် (၁၀)ပစ္စည်းဥစ္စာတို့ ဖြစ်ပါသည်။ (စာ-၇)

**မေးခွန်း**

၁။ အထက်ပါအရာတွေထဲမှာ အလိုချင်ဆုံးသုံးခုက ဘာလဲ။
၂။ ဘာလို့ အဲဒါတွေက ငါ့အတွက် အရေးကြီးဆုံး၊ အလိုချင်ဆုံး ဖြစ်ရတာလဲ။
၃။ ဘာကို ပထမဦးစားပေးထားရမလဲ။ ဘာလို့လဲ။
၄။ အဲဒီအရာတွေကို တကယ်ရအောင် လုပ်နိုင်စွမ်းကော ရှိရဲ့လား။
၅။ ငါ့ရဲ့လုပ်ရပ်တွေကို ဘယ်လိုစံတွေနဲ့ တိုင်းတာသွားမလဲ။
၆။ ငါဘယ်နေရာက စရမလဲ။ ပထမခြေလှမ်းက ဘာလဲ။
၇။ ငါနဲ့အတူ အောင်မြင်မှုအတွက် ဘယ်သူတွေကို ပါဝင်စေရမလဲ။
၈။ သူတို့တွေကော ငါ့ကိုကူညီလို့ ဘာရနိုင်မလဲ။
၉။ သူတို့တွေရဲ့ ပူးပေါင်းပါဝင်မှုရပြီဆိုတာ ဘယ်လိုသိနိုင်မလဲ။ သူတို့ကို ပါဝင်လာအောင် ဘယ်လိုဆွဲဆောင်ရမလဲ။
၁၀။ ငါအဲဒီသုံးခုကို ရပြီဆိုတာနဲ့ နောက်ရည်မှန်းထားတဲ့ ရည်ရွယ်ချက်က ဘာလဲ။(စာ-၉)

**လိုက်နာရမည့် အချက်(၁၀)ချက်**

၁။ အဆင့်တိုလေး သတ်မှတ်ပါ။
၂။ စာရွက်မှာ ချရေးပါ။
၃။ သူ့ရဲကောင်းတွေ ရှိပါစေ။
၄။ မှန်မှန်သာ သွားပါ။
၅။ ယုတ္တိတန်ပါစေ။
၆။ ကြီးကြပ်သူတစ်ယောက် ထားပါ။
၇။ မိုင်တိုင်တွေကို သတ်မှတ်ပါ။
၈။ နောက်ပြန်လှည့်ကြည့်ပါဦး။
၉။ စံထားပါ။
၁၀။ အကောင်းမြင်ပါ တို့ဖြစ်ပါသည်။ (စာ-၁၂)

**မမေ့သင့်သည့်အရာ**

ဘဝစီမံကိန်းကိုဆွဲတဲ့အခါ မမေ့သင့်တဲ့ အရေးကြီးအရာတစ်ခုရှိပါတယ်။ လူတိုင်းလူတိုင်းဟာ အခွင့်အရေးတစ်ခု၊ အောင်မြင်မှုတစ်ခုဆီကို စသွားတဲ့အခါ နေရာတစ်ခုကနေ တူညီစွာ စထွက်ရမယ်ဆိုတာပါပဲ။ မျှော်လင့်ချက်တွေ၊ ကြောက်ရွံ့စိုးရိမ်မှုတွေနဲ့ပဲ စီမံကိန်းတွေဆွဲ၊ အောင်မြင်မှုတွေ ရခဲ့တာပါ။ အဲဒီတော့ လူတိုင်း သင်နဲ့တန်းတူ ကြိုးစားရတယ်ဆိုတဲ့စိတ်ဟာ သင့်ရဲ့ ဘဝစီမံကိန်းမှာ မမေ့သင့်တဲ့အရာပါဟု မြန်မာပြန်သူ စာရေးဆရာ အောင်စည်သာမှ ရေးသားထားပါသည်။

**နိဂုံး**

(၁) စာဖတ်အားနည်းသော လူငယ်များ စာဖတ်ကြပါ။ များများဖတ်ကြပါ။
(၂) ဘဝမှာ အလုပ်လုပ်စရာတွေ အများကြီးပါပဲ။ စာအုပ်တွေက ထောက်ပြသတိပေးနေတာပဲ။
(၃) စီမံကိန်းချပြီး အလုပ်လုပ်ရင် ပို၍ အောင်မြင်နိုင်မည်ဖြစ်ကြောင်း ဘဝစီမံကိန်း စာအုပ်က ညွှန်ပြခဲ့ပြီ မဟုတ်ပါလား။

---

## ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့မှ မွေးမြူရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် လာရောက်ဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့မှ မွေးမြူရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် လာရောက်ဆွေးနွေးလျက်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၌ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အဆိုပါဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောကြားသည်။

လက်ရှိ မွေးမြူရေးကဏ္ဍတွင် ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နိုဝင်ဘာလအထိ နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၅၀ ရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏအားဖြင့် အမေရိကန်ဒေါ်လာ ၅၁၄ ဒသမ ၉၃၆ သန်း ဝင်ရောက်ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံကြသည့် နိုင်ငံများမှာ စင်ကာပူ၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်း၊ ကိုရီးယား၊ United Kingdom၊ ဗီယက်နမ်၊ နယ်သာလန်၊ မလေးရှား၊ ဂျပန်၊ အိန္ဒိယ၊ ဘရူနိုင်း၊ ဩစတြေးလျနှင့် အီတလီနိုင်ငံတို့ ဖြစ်သည်။

**ငြိမ်းငြိမ်း**

---

## ညောင်ဦး၌ စာပေဟောပြောပွဲကျင်းပ

**ညောင်ဦး ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ရေဝင်ရပ်သဟာဇာတ ကျန်းမာရေးစောင့်ရှောက်မှုပရဟိတအသင်း၏ နှစ်ပတ်လည်အထိမ်းအမှတ် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၁၈ ရက် ည ၇ နာရီတွင် ညောင်ဦးမြို့ ရတနာမဥ္ဇူဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါစာပေဟောပြောပွဲတွင် ဦးဝင်းကြည်(စဉ့်ကိုင်)က "ဥပဒေနှင့်ဘဝ၊ ဘဝနှင့်ဥပဒေ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မနုသကျော်ဝင်း(အမျိုးသားစာပေဆုရ)က "ငါတို့မြေ ငါတို့အမွေ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာချစ်နိုင်(စိတ်ပညာ)က "ချစ်လို့ပြောတာမှတ်ပါ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြောင်း သိရသည်။

**ကျော်ဌေး(ညောင်ဦး)**

# မြေအောက်ရေစီမံခန့်ခွဲမှု ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

## အခန်း(၃)
## ဗဟိုကော်မတီနှင့် လုပ်ငန်းအဖွဲ့အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည်–

(က) မြေအောက်ရေစီမံခန့်ခွဲမှု ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် –

(၁) ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန — ဥက္ကဋ္ဌ

(၂) ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(၃) ပြည်ထောင်စုဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ — ဒုတိယဥက္ကဋ္ဌ

(၄) ပြည်ထောင်စုဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ — အဖွဲ့ဝင်

(၅) ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ — အဖွဲ့ဝင်

(၆) ပြည်ထောင်စုဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ — အဖွဲ့ဝင်

(၇) ပြည်ထောင်စုဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ — အဖွဲ့ဝင်

(၈) နေပြည်တော်ကောင်စီဝင်၊ နေပြည်တော်ကောင်စီ၊ — အဖွဲ့ဝင်

(၉) ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ — အဖွဲ့ဝင်

(၁၀) ညွှန်ကြားရေးမှူးချုပ်၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၁) ညွှန်ကြားရေးမှူးချုပ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၂) ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန — အဖွဲ့ဝင်

(၁၃) ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန — အတွင်းရေးမှူး

(၁၄) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး(၁)

(၁၅) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး(၂)

(ခ) ပုဒ်မခွဲ(က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြေအောက်ရေကြီးကြပ်ခြင်းနှင့် မြေအောက်ရေထိန်းသိမ်းခြင်းဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊

(ခ) မြေအောက်ရေနှင့်စပ်လျဉ်းသည့်အချက်အလက်များစုဆောင်းခြင်း၊ မှတ်တမ်းပြုခြင်း၊ သုတေသနပြုခြင်းတို့နှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ ဆောင်ရွက်ချက်ကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ မြေအောက်ရေကို အသုံးချရာတွင် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ကွပ်ကဲရေး စနစ် ထားရှိခြင်း၊

(ဂ) မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းပြုရာတွင် မြေအောက်ရေ၏ သဘာဝစနစ်ကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ မရှိ၊ လူနှင့် ပတ်ဝန်းကျင် မထိခိုက်စေရန် သတ်မှတ်သည့် စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြီးကြပ်ခြင်းနှင့် အသိပညာဖြန့်ဖြူးခြင်း၊

(ဃ) မြေအောက်ရေကြီးကြပ်ခြင်းနှင့် မြေအောက်ရေထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် နည်းပညာ၊ ငွေကြေးနှင့် ကျွမ်းကျင်မှုဆိုင်ရာအကူအညီများ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ မြေအောက်ရေကျွမ်းကျင်ပညာရှင်များနှင့် အဖွဲ့အစည်းများထံမှ အကူအညီရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းနှင့် မြေအောက်ရေကြီးကြပ်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း၊

(စ) မိမိ၏လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သင့်လျော်သော လုပ်ငန်းတာဝန်များကို ဦးစီးဌာနအား လွှဲအပ်တာဝန်ပေးခြင်း၊

(ဆ) အစိုးရအဖွဲ့ကပေးအပ်သော မြေအောက်ရေကြီးကြပ်ခြင်းနှင့် မြေအောက်ရေထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၆။ ဗဟိုကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည်–

(က) ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၊ — ဥက္ကဋ္ဌ

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တာဝန်ပေးအပ်သော ဝန်ကြီးတစ်ဦး၊ — ဒုတိယဥက္ကဋ္ဌ

(ဂ) ညွှန်ကြားရေးမှူးများ သို့မဟုတ် ဒုတိယညွှန်ကြားရေးမှူးများ — အဖွဲ့ဝင်

(၁) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊

(၂) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊

(၃) ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊

(၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊

(၅) ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊

(၆) မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(၇) စည်ပင်သာယာရေးဦးစီးဌာန

(ဃ) အတွင်းရေးမှူး၊ တိုင်ဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ — အတွင်းရေးမှူး

(င) ညွှန်ကြားရေးမှူး၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး

(မှတ်ချက်။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန မရှိသည့် တိုင်းနှင့်ပြည်နယ်များတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးများကို ထည့်သွင်းဖွဲ့စည်းရန်။)

၇။ ဗဟိုကော်မတီသည် မြို့နယ်လုပ်ငန်းအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည်–

(က) မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ — ဥက္ကဋ္ဌ

(ခ) မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ၊ — ဒုတိယဥက္ကဋ္ဌ

(ဂ) ဦးစီးအရာရှိ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ — အဖွဲ့ဝင်

(ဃ) ဦးစီးအရာရှိ၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ — အဖွဲ့ဝင်

(င) ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊ — အဖွဲ့ဝင်

(စ) ဦးစီးအရာရှိ၊ စိုက်ပျိုးရေးဦးစီးဌာန၊ — အဖွဲ့ဝင်

(ဆ) ဦးစီးအရာရှိ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဦးစီးဌာန၊ — အဖွဲ့ဝင်

(ဇ) ဦးစီးအရာရှိ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ — အဖွဲ့ဝင်

(ဈ) ဦးစီးအရာရှိ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန — အဖွဲ့ဝင်

(ည) ဦးစီးအရာရှိ၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန — အဖွဲ့ဝင်

(ဋ) မြို့နယ်အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ — အတွင်းရေးမှူး

၈။ အစိုးရအဖွဲ့သည် ပုဒ်မ ၅ ပါ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်း ပြုနိုင်သည်။

## အခန်း(၄)
## တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့်

၉။ မြေအောက်ရေ ထုတ်ယူသုံးစွဲခြင်းပြုရန် စက်ရေတွင်းတူးဖော်လိုသူသည် တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့်ရရှိရေးအတွက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အဆင့်ဆင့်သို့ သတ်မှတ်နည်းလမ်းနှင့်အညီ လျှောက်ထားရမည်။

၁၀။ တူးဖော်ခွင့်ပြုမိန့်အတွက်စိစစ်ခြင်း၊ လိုအပ်ပါက ပြင်ဆင်ဆောင်ရွက်စေခြင်း၊ တူးဖော်ခွင့်ပြုမိန့် ထုတ်ပေးခြင်း၊ တူးဖော်ခွင့်ပြုမိန့် ထုတ်မပေးနိုင်ကြောင်း ငြင်းပယ်ခြင်း၊ ယင်းငြင်းပယ်သည့်အမိန့်အပေါ် အယူခံဝင်ခြင်း၊ စက်ရေတွင်းတူးဖော်ပြီးသည့်အခါ ယင်းစက်ရေတွင်းမှရရှိသော မြေအောက်ရေကို သုံးစွဲခွင့်ပြုမိန့်ရရှိရန် လျှောက်ထားခြင်း၊ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့အဆင့်ဆင့်က တူးဖော်ထားသော စက်ရေတွင်းကို ဝင်ရောက်စစ်ဆေးခြင်း၊ မြေအောက်ရေသုံးစွဲခွင့်ပြုမိန့် ထုတ်ပေးခြင်း၊ သုံးစွဲခွင့်ပြုမိန့်မပြုကြောင်း ပြန်ကြားခြင်း၊ ယင်းဆုံးဖြတ်ချက်အပေါ် လုပ်ငန်းအဖွဲ့သို့ အယူခံဝင်ခြင်းများကို သတ်မှတ်နည်းလမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၁၁။ တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့်ရရှိသူသည်–

(က) တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့်တို့ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ခ) တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့် ထုတ်ပေးသည့် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့အဆင့်ဆင့်က အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

(ဂ) စက်ရေတွင်းကို အကြောင်းတစ်ရပ်ရပ်ကြောင့် ပိတ်သိမ်းလိုပါက သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့အဆင့်ဆင့်သို့ တင်ပြ၍ ခွင့်ပြုချက် ရယူရမည်။

## အခန်း(၅)
## လုပ်ငန်းလိုင်စင်

၁၂။ မြေအောက်ရေကို တူးဖော်ခြင်းလုပ်ငန်းအတွက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်လိုသူသည် တူးဖော်ခွင့်ရရှိရေးအတွက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များသို့ သတ်မှတ်ချက်နှင့်အညီ အောက်ပါအတိုင်း လျှောက်ထားရမည်–

(က) အိမ်သုံးအတွက်ဖြစ်လျှင် သက်ဆိုင်ရာ မြို့နယ်လုပ်ငန်းအဖွဲ့သို့ လျှောက်ထားရမည်။

(ခ) လုပ်ငန်းသုံးအတွက်ဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့သို့ လျှောက်ထားရမည်။

၁၃။ လုပ်ငန်းလိုင်စင်ရရှိသူသည်–

(က) လုပ်ငန်းလိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ခ) လုပ်ငန်းလိုင်စင်ထုတ်ပေးသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့ကဖြစ်စေ၊ ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း(၆)
## သက်တမ်းတိုးလျှောက်ထားခြင်း

၁၄။ တူးဖော်ခွင့်ပြုမိန့်ရရှိသူသည်–

(က) စက်ရေတွင်းကို တူးဖော်ခွင့်ပြုမိန့်ပါ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် တူးဖော်ရမည်။

(ခ) ပုဒ်မခွဲ(က)နှင့်အညီ စက်ရေတွင်းကို ပြီးစီးအောင် တူးဖော်နိုင်ခြင်း မရှိပါက တူးဖော်ခွင့်ပြုမိန့် သတ်မှတ်ကာလတိုးမြှင့်ပေးရန် တူးဖော်ခွင့်ပြုမိန့်ပေးသည့် လုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ဗီယက်နမ်ကုန်စည်ပြပွဲ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

(၁၀) ကြိမ်မြောက် ဗီယက်နမ်ကုန်စည်ပြပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖွင့်လှစ်ပြသသည်။

(၁၀)ကြိမ်မြောက် ဗီယက်နမ်ကုန်စည်ပြပွဲအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး၊ ကုန်သွယ်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသောင်းတင်၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီးနှင့် စီးပွားရေးသံမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးအေဂျင်စီမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဖွင့်လှစ်ပေးပြီး ပြခန်းများအား လှည့်လည်ကြည့်ရှုသည်။

"ကုန်စည်ပြပွဲက ပစ္စည်းတွေကိုင်ကြည့်ပြီးတော့ မြန်မာနိုင်ငံက အလားတူထုတ်လုပ်နိုင်တဲ့ပစ္စည်းတွေအတွက်လည်း နမူနာတွေ၊ အတွေ့အကြုံတွေရတယ်၊ ဗီယက်နမ်နဲ့ မြန်မာလုပ်ငန်းရှင်တွေ ပူးပေါင်းပြီး ဖက်စပ်ကုမ္ပဏီတွေ ထူထောင်တဲ့ အခွင့်အရေးလည်း ရလာတယ်"ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက ပြောသည်။

ယခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံထုတ် လျှပ်စစ်ပစ္စည်းများ ဈေးကွက်တစ်ခုအဖြစ် ထိုးဖောက်လျက်ရှိပြီး အရည်အသွေးကောင်းမွန်မှုနှင့်အတူ သင့်တင့်သော ဈေးနှုန်းဖြင့် ဖြန့်ချိနိုင်သောကြောင့် မော်တော်ဆိုင်ကယ်နှင့် အဝတ်အထည်တို့မှာ လူကြိုက်များလျက်ရှိပြီး သခွားသီးနှင့် မုန်လာဥအချဉ် ပြုလုပ်ရောင်းချမှုကို ပြသထားရာ မြန်မာနိုင်ငံတွင် ရာသီမပြတ်ထွက်ရှိသော သီးနှံဖြစ်သောကြောင့် အဆင့်မြင့်နည်းပညာဖြင့် ပြည်ပသို့တင်ပို့နိုင်သောအတွေ့အကြုံများကို ဗီယက်နမ်ကုန်စည်ပြပွဲမှ ရရှိသည်။

မြန်မာနိုင်ငံတွင် ဗီယက်နမ်မှ စက်မှုဇုန်တစ်ခုတည်ထောင်ရန်ကြိုးပမ်းလျက်ရှိပြီး Myanmar Trade Promotion Organization နှင့် Vietnam Trade Promotion Organization တို့ အပြန်အလှန်ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုတို့ကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အတွေ့အကြုံကောင်းများရရှိစေမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့်လည်း ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း အမြဲတမ်းအတွင်းဝန်က ဖြည့်စွက်ပြောကြားသည်။



ယင်းနေ့ ဗီယက်နမ်ကုန်စည်ပြပွဲကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဒီဇင်ဘာ ၂၂ ရက်အထိတိုင် ဆက်လက်ပြသသွားမည်ဖြစ်ပြီး ပြခန်းပေါင်း ၁၀၈ ခန်းကို ခင်းကျင်းပြသထားကြောင်း သိရသည်။ **သစ္စာ**



# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး အင်းစိန်(ဗဟို)အကျဉ်းထောင် ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်သင်းသင်းနွဲ့သည် ရန်ကုန်တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးကျော်စွာငြိမ်း၊ ရုံးအဖွဲ့မှူး၊ ခရိုင်နှင့် မြို့နယ်တရားသူကြီးတို့နှင့်အတူ ဒီဇင်ဘာ ၁၉ရက် နံနက်က အင်းစိန်(ဗဟို) အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တရားလွှတ်တော်တရားသူကြီး ဒေါ်သင်းသင်းနွဲ့သည် အင်းစိန်(ဗဟို) အကျဉ်းထောင်ရှိ အကျဉ်းသားများနှင့် တွေ့ဆုံ၍ ဥပဒေပါ အခွင့်အရေးများ ခံစားရရှိခွင့် ရှိ၊ မရှိ ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် အသက်မွေးမှု အတတ်ပညာသင်ကြားပေးမှုတို့ကို ဆွေးနွေးမေးမြန်းပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ **သတင်းစဉ်**

# လှိုင်းဘွဲ့မြို့ ဝါးခုတ္တောကျေးရွာတွင် ကျေးလက်ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**လှိုင်းဘွဲ့ ဒီဇင်ဘာ ၂၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျေးလက်ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယနေ့နံနက် ၉ နာရီက ဝါးခုတ္တောကျေးရွာ၌ ကျင်းပခဲ့သည်။

စကားဝိုင်းတွင် လှိုင်းဘွဲ့မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းမြင့်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် လှိုင်းဘွဲ့မြို့နယ်ရဲ့အုပ်လေးနိုင် (မြန်မာနိုင်ငံရဲတပ်ဖွဲ့)၊ ဒေါ်ခိုင်ခင်ဦး (ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)၊ ဦးစိုးမင်းထွန်း(စိုက်ပျိုးရေးဦးစီးဌာန)၊ ဒေါက်တာချောစုလှိုင် (ရွှေဂွန်းတိုက်နယ်ဆေးရုံ)၊ ဦးရင်အေး (အခြေခံပညာဦးစီးဌာန) တို့က ဦးဆောင်ဆွေးနွေးကြပြီး ဆွေးနွေးပွဲ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြကာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



သဃ်န်းကျွန်းမြို့နယ် ၄/ကရပ်ကွက် ဦးဘဟန်လမ်းရှိ ပညာရေးကောလိပ်၌ ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်သည့် မူခင်းနှင့် မူယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကောင်းနိုင်က မြို့နယ်ပညာရေးကောလိပ်ကျောင်းအုပ်ဆရာမကြီး ဒေါ်ငြိမ်းသီအောင်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၀၀ ခန့်အား အသိပညာပေး ဟောပြောဆောင်ရွက်နေစဉ်။ ထွန်းအောင်ရှိန်



နွားထိုးကြီးမြို့နယ် ဝက်လူးနယ်မြေရဲစခန်းစခန်းမှူး ရဲအုပ်မြင့်လှိုင်ဦးသည် ဝက်လူးကျေးရွာမဗ္ဗာရုံတွင် ဒီဇင်ဘာ ၁၉ ရက်က လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအကြောင်း အသိပညာပေးဟောပြောစဉ်။ ခင်ဇာမွန်မြင့်(ဥပဒေ)

# ရန်ကုန်သူနာပြုတက္ကသိုလ်နှင့် သူနာပြု ၁၁ ကျောင်း ကွန်ရက်ချိတ်ဆက်သင်ကြားမှု စတင်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်သူနာပြုတက္ကသိုလ်နှင့် သူနာပြု ၁၁ ကျောင်း ကွန်ရက်ချိတ်ဆက်သင်ကြားမှုစတင်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်တိုးချဲ့ဆောင်၌ ကျင်းပသည်။

"ဒီအစီအစဉ်ဟာဆိုရင် သူနာပြုတွေရဲ့ကျွမ်းကျင်မှုအရည်အချင်းကိုမြှင့်တင်ရာမှာ ထူးခြားတဲ့အခွင့်အလမ်းတွေကို ဖန်တီးပေးထားပါတယ်။ သူနာပြုတွေရဲ့ပညာရေးမှာ အဝေးသင်စနစ်ကိုအသုံးပြုပြီး တကယ်အကျိုးရှိတဲ့ဗဟုသုတတွေကို လေ့လာသင်ယူနိုင်မှာဖြစ်ပါတယ်"ဟု သူနာပြုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာမြတ်သန္တာက ပြောသည်။

သူနာပြုတက္ကသိုလ်ရန်ကုန်နှင့် ကွန်ရက်ချိတ်ဆက်သင်ကြားမည့်ကျောင်းများမှာ ရန်ကုန်အရှေ့ပိုင်းခရိုင် သူနာပြုသင်တန်းကျောင်း သုံးကျောင်း၊ ပုသိမ်၊ ဟသ်ာတ၊ မော်လမြိုင်၊ ထားဝယ်၊ ဘားအံ၊ စစ်တွေ၊ ပြည်နှင့် တောင်ငူမြို့တို့ရှိ သူနာပြုသင်တန်းကျောင်း စုစုပေါင်း ၁၁ ကျောင်းတို့ကို ကွန်ရက်ချိတ်ဆက်ထားသည်။




ယခုစီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော် လည်ပတ်နိုင်စေရန်အတွက် MPT အနေဖြင့် ရန်ကုန်ရှိ ပင်မသူနာပြုတက္ကသိုလ်ဝင်းအတွင်း ဗီဒီယိုစကားပြောဆိုခြင်းတို့ကို လုပ်ဆောင်နိုင်မည့် ခေတ်မီဗီဒီယိုကွန်ဖရင့်ဆိုင်ရာ ပစ္စည်းကိရိယာများအပါအဝင် သူနာပြုသင်တန်းကျောင်းများတွင် အသုံးပြုရန်အတွက်လည်း လိုအပ်သော ကွန်ပျူတာပစ္စည်းများ တပ်ဆင်ပေးခြင်း၊ ဖိုင်ဘာအင်တာနက်လိုင်းများ သွယ်တန်းပေးခြင်း၊ ကွန်ပျူတာများ ပေးအပ်ခြင်း၊ ဝိုင်ဖိုင်ချိတ်ဆက်ရန်အတွက် router များထားရှိပေးခြင်းနှင့် Business Skype အစရှိသည်တို့ကို ထောက်ပံ့ပေးသည်။

**မြင့်မောင်စိုး**

# တစ်နေ့လျှင် ရေလီတာ ၂၇၀၀၀ ထုတ်လုပ်ပေးမည့် ရေသန့်စက်ရုံဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

နွေရာသီရေပြတ်လပ်မှုနှင့် သောက်သုံးရေလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် တစ်နေ့လျှင် ရေလီတာ ၂၇၀၀၀ ထုတ်လုပ်ပေးနိုင်မည့် သောက်ရေသန့်စက်ရုံဖွင့်ပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက ဆိပ်ကြီးခနောင်တိုမြို့နယ်၌ ကျင်းပသည်။

"လက်ရှိမှာလူဦးရေတိုးပွားလာမှု၊ အခြားသော ဖွံ့ဖြိုးတိုးတက်လာမှုနှင့် ရာသီဥတုပြောင်းလဲမှုတွေကြောင့် ရေလိုအပ်ချက် ပမာဏဟာ ပိုမိုများပြားလာပါတယ်။ အထူးသဖြင့် နွေရာသီမှာ သောက်သုံးရေပြတ်လပ်မှုတွေဖြစ်ပေါ်နေတာကြောင့် ပြည်သူများ၏ သောက်သုံးရေလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် သောက်ရေသန့်စက်ရုံကို တည်ဆောက်ဖွင့်လှစ်ခြင်းဖြစ်ပါတယ်"ဟု မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆိပ်ကြီးခနောင်တိုမြို့နယ်သည် ယခင်ကရေငန်များကိုသာ အဓိကထားသောက်သုံးနေရသော မြို့နယ်ဖြစ်ပြီး နွေရာသီတွင် ရေအလွန်ရှားပါးသော မြို့နယ်တစ်မြို့နယ်လည်းဖြစ်ရာ ယခုအခါ သောက်ရေသန့်စက်ရုံဖွင့်လှစ်ပေးမှုကြောင့် နွေရာသီရေပြတ်လပ်မှုနှင့် သောက်သုံးရေလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် များစွာအကျိုးရှိမည်ဖြစ်ကြောင်း သိရသည်။

သောက်ရေသန့်စက်ရုံ လှူဒါန်းရခြင်းရည်ရွယ်ချက်နှင့်ပတ်သက်၍ Authentic ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာဦးအောင်မျိုးဟိန်းက "အမှန်တကယ်လိုအပ်နေတဲ့ နေရာများမှာ ထိရောက်စွာအသုံးပြုနိုင်ရန်နှင့် ရေလှူဒါန်းမှုကြောင့် ဒီဒေသမှာနေထိုင်သောက်သုံးကြတဲ့ မိဘပြည်သူများ လူမှုစီးပွားဘဝတိုးတက်ဖို့ ရည်ရွယ်ခြင်းဖြစ်ပြီး ယခုလိုလှူဒါန်းမှုများကိုလည်း ဆက်လက်လုပ်ဆောင်သွားဖို့ အစီအစဉ်တွေရှိပါတယ်"ဟုပြောသည်။

အဆိုပါ သောက်ရေသန့်စက်ရုံသည် ဆိပ်ကြီးခနောင်တိုမြို့နယ် ခနောင်တိုအရှေ့ရပ်ကွက် ဗဟိုလမ်းမကြီးနံဘေး ပြည်သူ့ဆေးရုံရှေ့၌ တည်ရှိသည်။

**သတင်း-အေးမင်းသူ၊ ဓာတ်ပုံ-မိုးမြင့်မောင်**

# ပလိပ်အင်းရေတိမ်ဒေသတွင် ရေဝင်နည်းပါးသဖြင့် ဆောင်းခိုငှက်များ ကျက်စားမှုပုံစံပြောင်းလဲလာ

**မန္တလေး ဒီဇင်ဘာ ၂၀**




မန္တလေးတိုင်းဒေသကြီးပလိပ်အင်းရေတိမ်ဒေသ၌ ယခုနှစ်တွင် ရေဝင်နည်းပါးသဖြင့် နှစ်စဉ်လာရောက် ကျက်စားလေ့ရှိသည့် ဆောင်းခိုငှက်များ ဝင်ရောက်မှုပုံစံပြောင်းလဲလာကြောင်း မြန်မာ့ငှက်နှင့် သဘာဝထိန်းသိမ်းရေးအသင်းဥက္ကဋ္ဌ ဒေါက်တာသိန်းအောင်က ပြောကြားသည်။

ဆောင်းခိုငှက်များသည် နှစ်စဉ်အောက်တိုဘာလလယ်မှ မတ်လကုန်အထိမြန်မာနိုင်ငံအနှံ့အပြားရှိ အင်းများသို့ ကမ္ဘာ့နေရာအနှံ့အပြားမှ မိုင်ပေါင်းထောင်ချီပျံသန်း၍ ဆောင်းရာသီကိုခိုလှုံရန် လာရောက်နေထိုင်ကျက်စားလေ့ရှိသော်လည်း ယခုနှစ်တွင် ဆောင်းခိုငှက်များအများဆုံးဝင်ရောက်ရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပလိပ်အင်းရေတိမ်ဒေသ၊ စွန်ရဲအင်းနှင့် ပျူကန်များတွင် ရေဝင်နည်းပါးမှုများဖြစ်ပေါ်လာသဖြင့် ဆောင်းခိုငှက်များ ဝင်ရောက်မှုပုံစံပြောင်းလဲလာကြောင်း သိရသည်။

''မန္တလေးတိုင်းဒေသကြီးမှာ ဒီနှစ်က မိုးခေါင်တဲ့အတွက် ပလိပ်အင်းရေတိမ်ဒေသမှာ ရေဝင်နည်းပါးပြီး ရေပြင်ဧရိယာ ကျဉ်းမြောင်းသွားတယ်။ ဒါကြောင့် ရေငှက်တွေစားသုံးတဲ့ အပင်ပေါက်ရောက်မှုနည်းပါးသွားတဲ့အတွက် သူရရှိတဲ့ အစာပေါ်မူတည်ပြီး ဆောင်းခိုငှက်တွေနဲ့ အခြားသတ္တဝါတွေရဲ့ ဝင်ရောက်ခိုလှုံကျက်စားမှုပုံစံလည်း ပြောင်းလဲလာပါတယ်'' ဟု ၎င်းက ဆက်လက်ပြောပြသည်။

ထို့ပြင် မန္တလေးမြို့မှ ငှက်ဝါသနာရှင် ဦးဇေမောင်သိန်းကလည်း ''ဆောင်းခိုငှက်တွေရဲ့ သဘာဝက သူတို့စားဖို့ အစားအစာရရှိမှုအပေါ်မူတည်ပြီး အင်းတွေထဲကိုဝင်ရောက်ကျက်စားလေ့ရှိတယ်။ ဥပမာ- ငန်းက သူတို့စားနေကျ ဟင်းညှနပင်ရှိတဲ့ အင်းကိုပဲလာလေ့ရှိပေမယ့် ဒီနှစ်မှာ ရေခန်းခြောက် လုနီးပါးဖြစ်နေတဲ့ ပလိပ်အင်းမှာ ဟင်းညှနပင် မပေါက်ရောက်တဲ့အတွက် အခြားအင်းကို ပြောင်းရွှေ့သွားတယ်။ ဒီလိုပဲရေစပ်နေငှက်တွေကလည်း ရေစပ်ရှိတဲ့ အင်းတွေမှာနေပြီး အဲဒီမှာရှိတဲ့ အင်းဆက်ပိုးမွှားတွေကို စားသုံးလေ့ရှိတဲ့အတွက် ရေမရှိတဲ့အခါမှာ ရေရှိတဲ့အင်းကို ပြောင်းရွှေ့သွားကြတယ်'' ဟု ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ဆောင်းခိုငှက်များ ဝင်ရောက်မှုမှာ ပလိပ်အင်း၊ တောင်သမန်အင်း၊ ပျူကန်နှင့် စွန်ရဲအင်းစသည့် အင်းများတွင် အဓိကဝင်ရောက်လေ့ရှိကြောင်းနှင့် နှစ်စဉ်ဆောင်းခိုငှက်များ ဝင်ရောက်မှုစာရင်းကို ဇန်နဝါရီလအတွင်းတွင် မြန်မာ့ငှက်နှင့် သဘာဝထိန်းသိမ်းရေးအသင်း၊ မြန်မာငှက်ချစ်သူများနှင့် INGO၊ NGO အဖွဲ့များ ပူးပေါင်းကာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကောက်ယူလေ့ရှိကြောင်း သိရသည်။

**သတင်း – မင်းထက်အောင်**
**(မန်းကိုယ်ပွား)**
**ဓာတ်ပုံ– ဇေမောင်သိန်း**

# (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ



**လက်ပံတန်း။** ။(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြိုဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပူဖောင်းဖောက်ပြိုင်ပွဲနှင့် စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြသပွဲတို့ကို လက်ပံတန်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလေးစာဖတ်ခန်း၌ ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။ **(အပေါ်ပုံ)**

လက်ပံတန်းမြို့နယ် လူမှုဝန်ထမ်းမူလတန်းကြိုကျောင်းမှ ကျောင်းသားကျောင်းသူ ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး တာဝန်ရှိသူများက ပြိုင်ပွဲဝင်ကလေးများအား ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ **မောင်ရွှေဝင်း(ပြည်)**

**ရန်ကုန်။** ။ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အကြိုသားကောင်းမိခင်ပြိုင်ပွဲနှင့် ဆုပေးပွဲကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီခွဲတွင် လမ်းမတော်မြို့နယ် ၉ လမ်းထိပ်ရှိ သာသနာ့ပါလဓမ္မာရုံ၌ ကျင်းပရာ သားကောင်းမိခင်ပြိုင်ပွဲတွင် ဆုရရှိကြသော ကလေးအမေများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

**နေပြည်တော်။** ။ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၀ ရက် နံနက် ၈ နာရီတွင် ကျည်တောင်ကျေးရွာအုပ်စု၊ လှေခွင်းတောင်သို့သွားရာလမ်း၊ အောင်ဇေယျကျေးရွာဆိုင်းဘုတ်မှ ငါးဖယ်အင်းတံတားအထိ လမ်းဘေးဝဲ/ယာရှိ ချုံနွယ်ပင်များအား ရှင်းလင်းခဲ့ကြောင်း သိရသည်။ **ထွန်းလင်း(ပြန်/ဆက်)**

**မယ်စဲ့။** ။ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကဗျာရွတ်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲက ကယားပြည်နယ် မယ်စဲ့မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ကဗျာရွတ်ဆိုပြိုင်ပွဲတွင် အထက(မယ်စဲ့)မှ မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ၁၄ ဦးတို့က ပြည်ချစ်ပန်းကဗျာနှင့် လွတ်လပ်ရေးနေ့ကဗျာတို့ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ **ဝတ်ရည်(ပြန်/ဆက်)**

# တစ်ရက်လျှင် စပါးတင်း ၅၀၀ အခြောက်ခံစက် ဖွင့်ပွဲကျင်းပ

**တောင်ငူ ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ကံရိုးကျေးရွာတွင် တည်ဆောက်ပြီးစီးသွားသည့် တစ်ရက်လျှင် စပါးတင်း ၅၀၀ အထိအခြောက်ခံနိုင်သည့် စက်ရုံဖွင့်ပွဲကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။



ဒေသခံတောင်သူများ၏ စပါးများအား အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း တောင်ငူခရိုင် စက်မှုလယ် ယာဦးစီးဌာနခရိုင်ဦးစီးမှူး ဦးသိန်းလွင်ဦးက ပြောသည်။

ပဲခူးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းရွှေ၊ တောင်ငူခရိုင် စက်မှုလယ်ယာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဌာနဆိုင်ရာများ၊ ဒေသအသီးသီးမှ စပါး စိုက်တောင်သူများ တက်ရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ကျောက်တန်းမြို့နယ်တွင် မှုခင်းကျဆင်းရေး လိုက်လံစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် သီလဝါနယ်မြေရဲစခန်းမှူး ရဲအုပ်အောင်ဆန်းကျော်နှင့် ဌာနဆိုင်ရာများပါဝင်သောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၉ ရက် ညနေ ၃ နာရီက ယာဉ်အန္တရာယ် ကင်းရှင်းစေရန်နှင့် မှုခင်းကျဆင်းရေးအတွက်သီလဝါစက်မှုဇုန် ဆိပ်ကမ်းလမ်းမကြီး လမ်းဘေး ဝဲ/ယာ တစ်လျှောက် စစ်ဆေးဆောင်ရွက်ခဲ့သည်။

**နိုးတူး(ကျောက်တန်း)**



ဒီဇင်ဘာ ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပန်းတောင်းမြို့နယ် မကျီးကုန်းကျေးရွာ၌ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းနိုင် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောစဉ်။ မြင့်နိုင်

## ဂျပန်နိုင်ငံမှ ရထားသံလမ်းတင်ဆောင်လာသောသင်္ဘော ရန်ကုန်ဆိပ်ကမ်းသို့ ၁၂ ခေါက်မြောက်ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်-တောင်ငူလမ်းပိုင်းတွင် အသုံးပြုရန် သံလမ်းတန်ချိန် ၃၆၀၀၀ တင်ဆောင်လာသော သင်္ဘောသည် ဒီဇင်ဘာ ၁၉ ရက်က ရန်ကုန်ဆူးလေ ဆိပ်ကမ်းသို့ ၁၂ ခေါက်မြောက် ရောက်ရှိနေပြီဖြစ်သည်။

ဂျပန်နိုင်ငံမှ တင်ပို့သော ရထားသံလမ်းများ ရန်ကုန်ဆူးလေဆိပ်ကမ်းသို့ရောက်ရှိပြီးထိုမှတစ်ဆင့် ရထားတွဲဆိုင်းများဖြင့် ရွာသာကြီးသို့ပို့ဆောင်ကာ ထုံးကြီးအခြေစိုက်စခန်းသို့ ပို့ဆောင် လျက်ရှိသည်။



ရန်ကုန်-တောင်ငူလမ်းပိုင်း အဆင့်မြှင့်တင်မှုကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီတွင်ပြီးစီးရန် လျာထားပြီး ထိုလမ်းပိုင်းမပြီးစီးမီ ချိတ်ဆက်မိစေရန် မန္တလေး-တောင်ငူလမ်းပိုင်းအား၂၀၂၀-၂၀၂၁ ခုနှစ်တွင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်သည်။

ရန်ကုန်-မန္တလေးရထားလမ်းပိုင်းသည် ၃၈၅ ဒသမ ၅ မိုင်ရှည်လျားပြီး အမြန်ရထားခုတ်မောင်းချိန်မှာ ၁၅ နာရီမှ ၁၆ နာရီကျော်ထိ ကြာမြင့်သောကြောင့် ခရီးသွားလာမှုမြန်ဆန်ချောမွေ့စေရန် ရှစ်နာရီဖြင့် မန္တလေးသို့ရောက်ရှိမည့် ကီလိုမီတာ ၁၀၀ ဖြင့် မောင်းနှင်နိုင်သော ဂျပန်နိုင်ငံမှ ရထားတွဲဆိုင်းများကို အစားထိုးပြေးဆွဲသွားမည်ဖြစ်သည်။ **သစ္စာ**

## ရန်ကုန်-ပြည်လမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ ဒေသခံများနှင့် တွေ့ဆုံဆွေးနွေး

**ပေါင်းတည် ဒီဇင်ဘာ ၂၀**

ရန်ကုန်-ပြည်လမ်းပိုင်း ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းနှင့်စပ်လျဉ်း၍ ဒေသခံများနှင့် တွေ့ဆုံရှင်းလင်းဆွေးနွေးသည့်အခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီက ပေါင်းတည်ဘူတာရုံခန်းမ၌ ကျင်းပသည်။

မြန်မာ့မီးရထားမှ လက်ထောက်အင်ဂျင်နီယာ(စက်ရုံ) ဦးသက်ဆွေမြင့်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အာရှဖွံ့ဖြိုးရေးဘဏ်(ADB) မှကိုယ်စားလှယ်ပညာရှင် Mr. TRAM QUY SUU က ရန်ကုန်-ပြည်လမ်းပိုင်း ရထားအား မြန်နှုန်းမြှင့်၍ ပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ မီးရထားလမ်း၏ ဝဲ/ယာအား ၃၃ ပေချဲ့သွားမည်ဖြစ်ကြောင်း၊ ဆိုင်ခန်းများပြောင်းရွှေ့ဆောက်လုပ်နိုင်ရေးအတွက် လိုအပ်သောနစ်နာကြေးများ ပေးအပ်သွားဖြစ်ကြောင်း ပြောကြားပြီး လမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

အခမ်းအနားအပြီးတွင် (ADB နှင့်PPE) အဖွဲ့တို့မှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများသည် ပြောင်းရွှေ့မည့်အဆိုပြုမြေနေရာသို့ သွားရောက်ကြည့်ရှုကြပြီး အဆောက်အအုံ၊ ရေနှင့် လျှပ်စစ်မီးလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး အဆိုပါရထားလမ်းအဆင့်မြှင့်တင်ခြင်းစီမံကိန်းကို ၂၀၂၁ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **တင်ဝင်းဇော်(မင်းသားကြီး)**

## ပညာသင်အတွေ့အကြုံ နှီးနှောဖလှယ်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

Japanese Grant Aid for Human Resource Development Scholarship (JDS) ၏ ပညာသင်ဆုဖြင့် မဟာသိပ္ပံဘွဲ့နှင့် ပါရဂူဘွဲ့ရ ကျောင်းသားဟောင်းများ ပညာသင်ပြန်လာပြီးနောက် မိမိတို့ဌာနတွင် ပညာသင်ကြားရာမှ ရရှိလာသည့် အတွေ့အကြုံဗဟုသုတများကို ပြန်လည်အသုံးချ၍ နိုင်ငံ့အကျိုးအတွက် တာဝန်များဆောင်ရွက်မှုနှင့် ပညာသင်အတွေ့အကြုံ နှီးနှောဖလှယ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက နေပြည်တော် Park Royal Hotel ၌ ကျင်းပရာ အခမ်းအနားသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်၊ ဂျပန်နိုင်ငံ Kyushu University, Graduate School of Bioresource and Bioenvironmental Sciences မှ ဒုတိယပါမောက္ခချုပ် Dr. Kazuo OGATA နှင့် ကျူရှူးတက္ကသိုလ် JDS ပညာသင်ဆုကော်မတီဥက္ကဋ္ဌ Dr. Katsumi DOI၊ ပါမောက္ခများ၊ JICA နှင့် JICE မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ JDS ၏ ပညာသင်ဆုဖြင့် မဟာသိပ္ပံဘွဲ့၊ ပါရဂူဘွဲ့ရကျောင်းသားဟောင်းများ၊ ယခုနှစ်ပညာသင်ဆုလျှောက်ထားသူများ တက်ရောက်ခဲ့ကြသည်။

JDS စီမံကိန်း၏ ရည်ရွယ်ချက်များနှင့်အညီ အနာဂတ်ပညာရေးနှင့် သုတေသနတို့တွင် မြန်မာနှင့် ဂျပန်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိရာ ယနေ့နှီးနှောဖလှယ်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဒု-ဦးစီးမှူး ဒေါက်တာစိန်မာနှင့် JDS ပညာသင်ဆုဖြင့် မဟာသိပ္ပံဘွဲ့၊ ပါရဂူဘွဲ့ရကျောင်းသားဟောင်းများက စိုက်ပျိုးရေးသုတေသန ဖွံ့ဖြိုးရေးနှင့် လတ်တလော စိန်ခေါ်မှုများအပါအဝင် သက်ဆိုင်ရာခေါင်းစဉ်များအလိုက် ဖတ်ကြားတင်ပြကြသည်။ Japan Grant Aid (JDS Project) မှလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု ပညာသင်ဆုစီမံကိန်းအောက်ရှိ အစီအစဉ်ဖြင့် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အထိ နိုင်ငံတကာမှ သင်တန်းသား ၅၄၅ ဦးအား မဟာသိပ္ပံဘွဲ့၊ ပါရဂူဘွဲ့ရများအဖြစ် မွေးထုတ်ပေးနိုင်ခဲ့ပြီး ၄၅၅ ဦးသည် သက်ဆိုင်ရာအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြကြောင်း သိရသည်။

**အောင်မိုး(စိုက်ပျိုးရေး)**

## ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များ လုပ်ငန်းညှိနှိုင်း

**ရန်ကုန် ဒီဇင်ဘာ ၂၀**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တိုင်းဒေသကြီး ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင် ဦးတင်ရှိန်က လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများတည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ရန် ရွေးကောက်ပွဲလုံခြုံရေးကို သတိပြုရန်လိုအပ်ကြောင်း၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များကို တိတိကျကျလိုက်နာကျင့်သုံးပြီး ပြည်သူများ၏ ဆန္ဒနှင့်တစ်ထပ်တည်းဖြစ်စေရန် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အရှေ့ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာကျော်စိုးဝင်းနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင် နယ်မြေတာဝန်ခံ ဒေါ်မြမြအောင်တို့က ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာ သိရှိလိုက်နာသင့်သည်များကို ရှင်းလင်းဆွေးနွေးသည်။

**အောင်သန်း (မင်္ဂလာတောင်ညွန့်)**

### သတင်းစုံကဏ္ဍ

## ဇန်းမော်မြို့တွင် နှစ်သစ်မိတ်ဆုံစားပွဲကျင်းပ

**ဇန်းမော်**

ကချင်ပြည်နယ် ဇန်းမော်မြို့ ပေါက်ကုန်းရပ်ကွက်ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး(UNHCR)၌ ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက ဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ယာယီနေရပ်စွန့်ခွာစခန်းတာဝန်ခံများ နှစ်သစ်မိတ်ဆုံစားပွဲ ကျင်းပသည်။

ဌာနဆိုင်ရာများ၊လူသားချင်းဆိုင်ရာအကူအညီပေးနေသည့်အရပ်ဘက်အဖွဲ့အစည်းများ၊နေရပ်စွန့်ခွာစခန်းတာဝန်ခံများကတိမ်းရှောင်စခန်းနေပြည်သူများ၏ လိုအပ်သည့်အခက်အခဲနှင့် အကူအညီပေးဆောင်ရွက်ခဲ့မှုများကို အပြန်အလှန် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ရန်ပုံငွေကြီးကြပ်မှုကော်မတီ ဖွဲ့စည်း

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ဦးကြာမှိုင်းပတုပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီရွေးချယ်ပွဲ ကျင်းပသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ဦးစီးမှူး ဦးဇော်လင်းနိုင်က စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားကာ ကျေးရွာမြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက လမ်းမတော်မြို့နယ်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဆန်းဦးက မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပြစ်မှု၊ ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားစဉ်။ အောင်မြင့် (ပြန်/ဆက်)

## သီပေါမြို့သို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်မှုတိုးတက်

**သီပေါ ဒီဇင်ဘာ ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့သည် မန္တလေး-သီပေါ-လားရှိုး-မူဆယ်ပြည်ထောင်စုလမ်းမကြီးပေါ်တွင်တည်ရှိပြီး သွားလာရေးလွယ်ကူချောမွေ့သလို ထင်ရှားသော ရှေးမြို့ဟောင်းတစ်မြို့ဖြစ်ခြင်း၊ ရာသီဥတုကောင်းမွန်ပြီး အေးချမ်းသာယာလှပခြင်းများကြောင့် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်မှု တိုးတက်လျက်ရှိသည်။

သီပေါမြို့သည် အကွက်အကွင်းကျနစွာတည်ဆောက်ထားသောမြို့ဖြစ်ပြီး ပတ်ဝန်းကျင်တွင် တောင်တန်းများဝန်းရံထားခြင်း၊ ဒုဋ္ဌဝတီမြစ်ကြီး ရစ်ခွေစီးဆင်းနေခြင်းတို့ကြောင့် နိုင်ငံခြားသားခရီးသွားများနှစ်ခြိုက်သော မြို့တစ်မြို့ဖြစ်သည်။



သီပေါမြို့သို့ လာရောက်လည်ပတ်သော နိုင်ငံခြားသား ဧည့်သည်များသည် သီပေါမြို့ပေါ်ရှိရှေးဟောင်းစေတီပုထိုးများရှိသော Little Bagan သို့ လည်းကောင်း၊ မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများသို့ လည်းကောင်း သွားရောက်လည်ပတ်လေ့လာကြပြီး သဘာဝရှုခင်းများဖြစ်သော ရေတံခွန်များ၊ ရေထွက်စမ်းများစသည့် နေရာများသို့လည်း သွားရောက်လည်ပတ်ကြသလို သဘာဝအရင်းအမြစ်များဖြင့် ဆောက်လုပ်နေထိုင်ကြသည့် တိုင်းရင်းသားရိုးရာနေအိမ်များကိုလည်း စိတ်ဝင်စားစွာလေ့လာကြသည်။ ထို့ပြင် ကိုလိုနီခေတ်က တည်ဆောက်ထားခဲ့သော ဆက်သွယ်ရေးစာတိုက်ဌာနကိုလည်း လေ့လာကြသည်။

သီပေါမြို့သို့ လာရောက်လေ့လာအပန်းဖြေကြသော ပြည်တွင်း၊ ပြည်ပခရီးသွားများအနေဖြင့် ဒုဋ္ဌဝတီမြစ်ရိုးအတိုင်း မြစ်ဆုံဒေသအထိ ရေယာဉ်များဖြင့် လည်ပတ်ကာ သဘာဝအလှအပများကို ကြည့်ရှုခံစားရင်း ရှမ်းရိုးရာယဉ်ကျေးမှုနှင့် အကအလှများ၊ တိုင်းရင်းသားရိုးရာနေထိုင်မှုနှင့် အစားအစာများကိုလည်း လေ့လာနိုင်ခြင်းကြောင့် လာရောက်လည်ပတ်မှု တိုးတက်များပြားလာခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

○ ကျောဖုံးမှ

ပထမအဆင့် ခြေစစ်ပွဲကို ဇန်နဝါရီ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းသည် ဆီရက်စ်အသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်ကာ မနီလာမြို့ရှိ ရီဇယ်လ်အမှတ်တရကွင်း၌ ကျင်းပမည်ဖြစ်သည်။

**ခြေစစ်ပွဲပထမအဆင့်မှ စတင်ကစားရ**

ရှမ်းယူနိုက်တက်အသင်းသည် ဆီရက်စ်အသင်းကို ကျော်ဖြတ်နိုင်ပါက ဒုတိယအဆင့်တွင် ထိုင်းကလပ် Port အသင်း၊ Play-off အဆင့်တွင် ဂျပန်ကလပ် တိုကျိုအသင်းတို့နှင့် ကစားရမည်ဖြစ်ကာ သုံးဆင့်စလုံးကျော်ဖြတ်နိုင်မှ နောက်ဆုံးအဆင့် အုပ်စုပွဲများကို ယှဉ်ပြိုင်ခွင့် ရမည်ဖြစ်သည်။ အာရှချန်ပီယံလိဂ်ပြိုင်ပွဲမှာ အာရှဘောလုံးအဖွဲ့ချုပ်က ကျင်းပနေသည့် ကလပ်ပြိုင်ပွဲများတွင် အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်ပြီး မြန်မာကလပ်အသင်းများသည် တိုက်ရိုက်ယှဉ်ပြိုင်ခွင့် မရသေးဘဲ အမှတ်ပေးချန်ပီယံတစ်သင်းသာ အကြိုခြေစစ်ပွဲ ပထမအဆင့်မှ စတင်ကစားရခြင်းဖြစ်သည်။

**ဒုတိယအကြိမ် ယှဉ်ပြိုင်ခွင့်ရ**

ရှမ်းယူနိုက်တက်အသင်းသည် အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲတွင် ဒုတိယအကြိမ် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ၂၀၁၈ ပြိုင်ပွဲတွင် ဆီရက်စ်အသင်းနှင့်ပင် တွေ့ဆုံခဲ့ကာ ပယ်နယ်တီအဆုံးအဖြတ်တွင် အရေးနိမ့်ပြီး ပထမအဆင့်မှ ထွက်ခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းသည် အာရှချန်ပီယံလိဂ်တွင် ခြေစစ်ပွဲမအောင်ပါက AFC Cup ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွန့်**

## စပါးနောက်တန်းကစားသမား အယ်လ်ဒါဝီရယ် စာချုပ်သစ်တစ်ရပ် ချုပ်ဆို

စပါးအသင်းရဲ့ နောက်တန်းကစားသမား အယ်လ်ဒါဝီရယ်ဟာ ၂၀၂၃ ခုနှစ်အထိ ပရီမီယာလိဂ်ကလပ်တွင် ဆက်ရှိနေရေးအတွက် စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုလိုက်ပြီ ဖြစ်ပါတယ်။

ဘယ်လ်ဂျီယံကြယ်ပွင့် အယ်လ်ဒါဝီရယ်ရဲ့ ယခင်စာချုပ် သက်တမ်းဟာ လာမယ့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ကုန်ဆုံးမှာလည်းဖြစ်ပါတယ်။ အသက် ၃၀ အရွယ်ရှိ အယ်လ်ဒါဝီရယ်ဟာ ၂၀၁၅ ခုနှစ်က စပိန်ကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းကနေ စပါးအသင်းကို ရောက်ရှိလာခဲ့တာဖြစ်ပြီး လက်ရှိမှာ စပါးအသင်းနဲ့အတူ ပွဲပေါင်း ၁၇၉ ပွဲအထိ ပါဝင်ကစားပေးထားပြီးလည်း ဖြစ်ပါတယ်။

'စပါးအသင်းလိုမျိုး ပျော်ရွှင်မှုရမယ့်အသင်း ရှိမှာမဟုတ်ပါဘူး။ အခြားအသင်းမှာ ကစားဖို့လည်း ကျွန်တော့်အနေနဲ့ တက်နိုင်မှာမဟုတ်ဘူး' လို့လည်း နောက်တန်းကစားသမား အယ်လ်ဒါဝီရယ်က စပါးအသင်းနဲ့ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုပြီးချိန်မှာ ပြောကြားခဲ့ပါတယ်။

အယ်လ်ဒါဝီရယ်ဟာ ၂၀၀၈ ကနေ ၂၀၁၃ အထိ အေဂျက်အသင်းမှာ ၁၂၈ ပွဲအထိ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုးခုနစ်ဂိုးအထိ သွင်းယူနိုင်ခဲ့ပါတယ်။ ၂၀၁၃ ကနေ ၂၀၁၅ အထိ အက်သလက်တီကို မက်ဒရစ်အသင်းမှာ ကစားခဲ့ပေမယ့် ၂၀၁၄ ကနေ ၂၀၁၅ အထိ ဆောက်သမ်တန်အသင်းဆီ အငှားချထားခြင်းခံခဲ့ရတာ ဖြစ်ပါတယ်။

ဒါကြောင့် အက်သလက်တီကို မက်ဒရစ်အသင်းမှာ ၁၂ ပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။ ဘယ်လ်ဂျီယံနိုင်ငံလက်ရွေးစင်အသင်းအတွက်တော့ အယ်လ်ဒါဝီရယ် အနေနဲ့ ၉၅ ပွဲ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုးငါးဂိုး သွင်းယူပေးခဲ့သူ ဖြစ်ပါတယ်။

## စတုတ်စီးတီးအသင်း ကွင်းလယ်ကစားသမား ဂျိုးအယ်လ်လန်းအား ဝက်စ်ဟမ်းအသင်းက ခေါ်ယူရန် စောင့်ကြည့်မှုများပြုလုပ်နေ




ဝက်စ်ဟမ်းအသင်းဟာ စတုတ်စီးတီးအသင်းက လာမယ့်ဇန်နဝါရီ ဈေးကွက်အတွင်းမှာ ထွက်ခွာဖို့ရှိနေတဲ့ ကွင်းလယ်ကစားသမား ဂျိုးအယ်လ်လန်းကို ခေါ်ယူဖို့ စောင့်ကြည့်မှုတွေ ပြုလုပ်နေတယ်လို့ သိရပါတယ်။

ဝက်စ်ဟမ်းအသင်းက ဂျိုးအယ်လ်လန်းကိုခေါ်ယူဖို့ ပြောင်းရွှေ့ကြေး ပေါင်ရှစ်သန်းသတ်မှတ်ထားပေမယ့် စတုတ်စီးတီးအသင်းကတော့ ပြောင်းရွှေ့ကြေးပေါင် ၁၅ သန်းပေးဖို့ တောင်းဆိုထားတာ ဖြစ်ပါတယ်။

ဝေးလ်ကွင်းလယ်ကစားသမား ဂျိုးအယ်လ်လန်းအား ဝက်စ်ဟမ်းအသင်းက ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့အပြင် ဘန်လေအသင်း၊ ဝုလ်ဗာဟမ်တန်အသင်း၊ နယူးကာဆယ်အသင်းတို့ကလည်းခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။ စတုတ်စီးတီးအသင်းဟာ ဂျိုးအယ်လ်လန်းကို ၂၀၁၆ ခုနှစ်က လီဗာပူးအသင်းဆီကနေ ပြောင်းရွှေ့ကြေးပေါင် ၁၃ သန်းနဲ့ စာချုပ် ချုပ်ဆိုခေါ်ယူခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်- ရေးသားသည်**

## ရီးယဲလ်မက်ဒရစ်နည်းပြ ဇီဒန်း အနာဂတ်ကာလတွင် ပြင်သစ်အသင်းနည်းပြဖြစ်လာမည်ဟု ဒက်ချမ့်ယုံကြည်နေ

လက်ရှိပြင်သစ်အသင်းနည်းပြ ဒက်ချမ့်ဟာ ပြင်သစ်တိုက်စစ်မှူးဟောင်း (ယခုရီးယဲလ်မက်ဒရစ်အသင်းနည်းပြ) ဇီဒန်းအား အနာဂတ်ကာလတွင် ပြင်သစ်အသင်းနည်းပြ ဖြစ်လာမည်ဟု ယုံကြည်ထားတယ်လို့ ဆိုပါတယ်။

**စွမ်းဆောင်ပေးခဲ့**

နည်းပြဇီဒန်းဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလား သုံးကြိမ်နဲ့ လာလီဂါဖလား တစ်ကြိမ်တို့ကို ရယူပေးခဲ့ပြီးနောက် အသင်းနဲ့လမ်းခွဲခဲ့ပြီး ၂၀၁၈ ခုနှစ် မေလတွင် ဒုတိယအကြိမ် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဖြစ်လာခဲ့တာဖြစ်ပါတယ်။

နည်းပြဇီဒန်းဟာ ၁၉၉၈ ခုနှစ်က ပြင်သစ်အသင်းကို ကမ္ဘာ့ဖလားချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးခဲ့သူဖြစ်ပြီး ကစားသမားဘဝမှာရော နည်းပြဘဝမှာပါ အောင်မြင်မှုရှိခဲ့သူဖြစ်တယ်လို့လည်း ဒက်ချမ့်က ဆိုပါတယ်။

လက်ရှိ ပြင်သစ်အသင်းနည်းပြ ဒက်ချမ့်ဟာ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားကို ရယူပေးခဲ့ပြီး ၂၀၂၂ ခုနှစ်အထိ ပြင်သစ်အသင်းနည်းပြအဖြစ် ဆက်ရှိနေမှာဖြစ်တယ်လို့လည်း သိရပါတယ်။

# အနုပညာ

## ထိုင်းမှာ လူသိအများဆုံးသော လူပုဂ္ဂိုလ်အဖြစ် ရွေးချယ်ခံရတဲ့ လီဆာ



ကေပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ လီဆာဟာ တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့ BLACK PINK ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ သူဟာ ထိုင်းလူမျိုးတစ်ဦးဖြစ်ပြီး ဒေသတွင်းမှာသာမက အာရှမှာပါ လူသိများတဲ့ ကြယ်ပွင့်တစ်ဦးပါ။ လက်ရှိမှာတော့ သူဟာ ထိုင်းနိုင်ငံရဲ့ လူသိအများဆုံးသော ပုဂ္ဂိုလ်အဖြစ် ရွေးချယ်ဖော်ပြခြင်းခံခဲ့ရကြောင်း ကိုရီးယားဘိုးဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ထိုင်းရဲ့ ကျော်ကြားတဲ့ အွန်လိုင်းကုမ္ပဏီတစ်ခုက ဒီဇင်ဘာ ၁၉ ရက်မှာ လီဆာကို ယခုနှစ်ရဲ့ လူသိအများဆုံးသော လူပုဂ္ဂိုလ်အဖြစ် ရွေးချယ်ဖော်ပြခဲ့တာ ဖြစ်ပါတယ်။ ဒီဆုကို ထိုင်းနိုင်ငံတစ်ဝန်းက ပေးပို့တဲ့ မဲတွေအရ ဆုံးဖြတ်တာဖြစ်ပြီး လီဆာဟာ မဲအရေအတွက် သုံးသန်းကျော် ရရှိခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီဆုကို ချီးမြှင့်ခဲ့တဲ့ ဖျော်ဖြေရေးအေဂျင်စီက ၂၀၁၉ ခုနှစ်အတွင်း လီဆာဟာ တေးသံရှင်၊ မော်ဒယ်လ်နဲ့ လူအများကို လွှမ်းမိုးနိုင်သူတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်းနဲ့ သူဟာ ထိုင်းမှာသာမက နိုင်ငံတကာမှာပါ ဖက်ရှင်အိုင်ကွန်တစ်ဦးအဖြစ် အသိအမှတ်ပြုခြင်းခံထားရသူဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ လီဆာဟာ အဆိုပါ ဂုဏ်ပြုဆုကို ယခုနှစ်မှာ ပထမဆုံးအကြိမ် လက်ခံရရှိခဲ့တာ မဟုတ်ပါဘူး။ ၂၀၁၈ ခုနှစ်ကလည်း လက်ခံရရှိခဲ့ပြီး ဒီနှစ်ကတော့ ဒုတိယအကြိမ် ရရှိခဲ့ခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။



လော့စ်အန်ဂျလိစ်မှာရှိတဲ့ Boys & Girls Clubs မှာ ဒီဇင်ဘာ ၁၈ ရက်က ပြုလုပ်ခဲ့တဲ့ အားလပ်ရက် ပါတီပွဲတစ်ခုမှာတွေ့ရတဲ့ တေးသံရှင် ကတ်တီပါရီ။

## နာယွန်းရဲ့ ပရိသတ်တစ်ဦးကြောင့် TWICE အဖွဲ့ဝင်များ ရဲအစောင့်အရှောက်နဲ့ နေနေရ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ TWICE အဖွဲ့ဝင်တွေဟာ လက်ရှိမှာ ရဲအစောင့်အရှောက်နဲ့ နေနေရကြောင်း ဒေသတွင်း မီဒီယာတစ်ခုမှာ ဖော်ပြခဲ့ပါတယ်။ ဒီလို ရဲတွေရဲ့ စောင့်ရှောက်မှုကို ခံယူနေရတာကတော့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ နာယွန်းနဲ့ သီးသန့်တွေ့ဆုံလိုကြောင်း ပြောကြားကာ နောက်ယောင်ခံလိုက်ရှာနေတဲ့ ပရိသတ်တစ်ဦးကြောင့်ဖြစ်ကြောင်း အောကေပေါ့ပ်ဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နာယွန်းနဲ့ နှစ်ဦးတည်းတွေ့ဆုံကာ လက်ဆောင်ပေးလိုပြီး စကားပြောကြားလိုကြောင်း ဂျာမန်ပရိသတ်တစ်ဦးက လူမှုကွန်ရက် မီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ သူက နာယွန်းရဲ့ လိပ်စာကို ရဲတပ်ဖွဲ့ဆီမှလည်း တောင်းခံပြီး နှစ်ဦးတည်းတွေ့လိုကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။ TWICE အဖွဲ့ဝင်တွေနေထိုင်ရာ အိမ်နဲ့ အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီအန်တာတိန်းမန့် ဝန်းကျင်မှာလည်း လုံခြုံရေးတိုးမြှင့်ထားကာ အဖွဲ့ဝင်တွေကိုလည်း စမတ်နာရီတွေ ဝတ်ဆင်စေခဲ့ပါတယ်။ အရေးပေါ် အခြေအနေတစ်ရပ်နဲ့ ကြုံတွေ့ခဲ့ရပါက သက်ဆိုင်ရာကို ချက်ချင်းအကြောင်းကြားနိုင်စေဖို့ရာ ယခုလို စမတ်နာရီတွေ ဝတ်ဆင်စေခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။



နာယွန်းနဲ့ တွေ့ဆုံဖို့ရာ တောင်းဆိုခဲ့တဲ့ ဂျာမန်လူမျိုး ဂျို့ရှ်နာမည်နဲ့ အကောင့်ပိုင်ရှင်က အေဂျင်စီဟာ နာယွန်းအနေနဲ့ သူ့အပေါ် ကြောက်စိတ်ဝင်ကာ နှစ်ဦးတည်း မတွေ့ဆုံနိုင်အောင် သတင်းမှားတွေ ပြောကြားနေတာဖြစ်ကြောင်း၊ နာယွန်းအတွက် သူပေးတဲ့ လက်ဆောင်တွေကို အေဂျင်စီက နာယွန်းဆီ ပို့ဆောင်ခဲ့ခြင်း ရှိ၊ မရှိ မသေချာတာကြောင့် သူကိုယ်တိုင်တွေ့ဆုံကာ လက်ဆောင်ပေးလိုကြောင်း လတ်တလော လူမှုကွန်ရက်ပေါ်မှာ ဖော်ပြခဲ့တဲ့ ဗီဒီယိုဖိုင်တစ်ခုမှာ ထည့်သွင်းပြောကြားခဲ့တယ်လို့ သိရပါတယ်။

**အေးပြည့် စုစည်းသည်**

HTOO MAW CO., LTD.

YANGON TYRE

# “အထူးကျေးဇူးတင်ရှိခြင်း”

ရန်ကုန်မြို့ LOTTE HOTEL (CRYSTAL BALLROOM) တွင် (၂၀-၁၂-၂၀၁၉)ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့သော Htoo Maw Co., Ltd. (၂၇)နှစ်ပြည့်မြောက်သည့်အထိမ်းအမှတ် ဂုဏ်ပြုအစမ်းအနားနှင့် Yangon Tyre စက်ရုံ၏ ပွဲ့စည်းတည်ထောင်ခဲ့ခြင်းနှင့် မော်တော်ကားတာယာ၊ မော်တော်ဆိုင်ကယ်တာယာ၊ လယ်ထွန် စက်တာယာအမျိုးမျိုး၊ ဈေးကွက်ဝင်ထုတ်လုပ်ခြင်း(၁၀)နှစ်ပြည့်အထိမ်းအမှတ်အစမ်းအနားနှင့်မြန်မာပြည်တစ်ဝန်းလုံးရှိ တာယာအရောင်းဆိုင် ပိုင်ရှင်ကြီးများ၊ တာယာအရောင်းကိုယ်စားလှယ်ကြီးများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ညစာစားပွဲအစမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးခဲ့ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်ဆွေများ၊ ရန်ကုန်တာယာအရောင်း ကိုယ်စားလှယ်ကြီးများ၊ ရန်ကုန်မြို့နှင့်အနယ်နယ်အရပ်ရပ်မှ တာယာအရောင်းဆိုင် ပိုင်ရှင်ကြီးများ အားလုံးနှင့်တကွ ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။ .........................။

ဒါရိုက်တာအဖွဲ့
Htoo Maw Co., Ltd. & Yangon Tyre စက်ရုံ

HTOO MAW CO., LTD.

YANGON TYRE

# "CONGRATULATIONS"

ရန်ကုန်မြို့ Lotte Hotel (Crystal Ball Room) တွင် (၂၀-၁၂-၂၀၁၉)ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့သော Htoo Maw Co.,Ltd. ၏ 27th Anniversary, Yangon Tyre Factory ၏ 10th Anniversary အစမ်းအနားနှင့် Taiwan မှ နည်းပညာများအသုံးပြု၍ Taiwan မှ ထုတ်လုပ်သောစက်ကြီးများဖြင့် တာယာအမျိုးမျိုးကို မြန်မာပြည်တစ်ဝန်းလုံး အောင်မြင်စွာဖြန့်ဖြူးရောင်းချနိုင်ခြင်းကို ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့် Htoo Maw Co.,Ltd. & Yangon Tyre စက်ရုံတို့၏ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ အောင်မြင်ပါစေကြောင်း ဆုတောင်းအပ်ပါသည်။

TAIWAN TYRE MACHINE MAKERS AND RAW MATERIAL SUPPLIERS

1. JUNKY ENTERPRISE CO., PTE LTD.
2. FORMOSA TAFFETA DONG NAI CO., LTD.
3. ROUND CHANCE MACHINERY CO., LTD.
4. CHIU MING MACHINERY CO., LTD.
5. JIA YUAN DEEI TYRE MOLD CO., LTD.
6. CE HONG MACHINE INDUSTRY CO., LTD.

# YANGON TYRE

Yangon Tyre စက်ရုံ၏ တာယာထုတ်လုပ်မှုဆောင်ရွက်ခြင်း(၁၀)နှစ်ပြည့်အထိမ်းအမှတ်နှင့်အတူ၊ Yangon Tyre စက်ရုံ (Yangon + Belin) များမှ ထုတ်လုပ်သော၊ Yangon Nylon Tyre ၊ Yangon Radial Tyre နှင့် Yangon Motor Cycle Tyre များကို၊ မြန်မာပြည်တွင်းနှင့်သာမက၊ ပြည်ပနိုင်ငံများသို့ပါ ထုတ်လုပ်တင်ပို့ ရောင်းချနိုင်သည်အထိ အောင်မြင်မှုများရရှိခဲ့သော Yangon Tyre စက်ရုံ၏ အောင်မြင်မှုများအတွက်များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နှင့် လုပ်ငန်းများဆက်ထက်ထမ်းပိုးတိုး၍ ဂုဏ်သတင်းကောင်းဖြင့်အစွန့်ရှည်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Yangon Tyre အရောင်းကိုယ်စားလှယ်တော်ကြီးများ

ဦးတော်ဓိ – ဓကာဒီပါတာယာရောင်းဝယ်ရေး၊ ရန်ကုန်မြို့၊
ဦးအီဆော် – ရွှေမြိုင်တာယာဆိုင်၊ မန္တလေးမြို့၊ ရန်ကုန်မြို့၊
ဦးမောင်မောင် – B.S တာယာဆိုင်၊ မန္တလေးမြို့၊
ဦးစိုင်းလှမြင့် – မန်းပါဝါတာယာရောင်းဝယ်ရေး၊ မန္တလေးမြို့၊

## လက်ကန်တက်မည်

1. ရန်ကင်း၊ ရွှေမိုးကောင်း ကွန်ဒိုအနီးတစ်ဝိုက်။ တစ်နှစ်ချုပ်။ အမြန်လိုသည်။
2. ရန်ကင်း၊ သဃ်န်းကျွန်းလုံးချင်း Training Center အငှား၊ အမြန်လိုသည်။
3. စမ်းချောင်း၊ အလုံ၊ ကမာရွတ်လုံးချင်း ရုံးနှင့်စားသောက်ဆိုင်အငှား။

ဗဟန်းအတွက် အငှားကိုယ်စီတင်ပြီး ဖြစ်ပါသည်။ ဆက်သွယ်ပေးသော လူကြီးမင်းများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

Agent: (09-428996688-Viber/Call)

## ဆုံသစ္စာ

Ph : 09799566761
095504667

## "ရွှေစည်"

အိမ်ပြောင်း။ အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု
09-73122029
09-795669534

## အမည်မှန်

ဖလမ်းမြို့၊ ဗလိုင်ရပ်ကွက်နေ (ဘ) ဦးတိုက်မောင်၏သမီး မတင်တင်ဝေ၏ အမည်မှန်မှာ မတင်တင်ငွေ [၄/ဟခန (နိုင်)၀၂၄၈၂၇]ဖြစ်ပါကြောင်း။

မတင်တင်ငွေ

## ပျောက်ဆုံး

ကျွန်တော် ကိုချမ်းငြိမ်းအောင်[၁၂/တမန(နိုင်)၁၁၄၀၇၉]၏ Customs Broker Card (No.CYO737) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၂၁၁၁၉၉၀

KN tech Engineering Group

Air-Con

Ph: 09-400788135
09-762276128

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

လှည်းကူးမြို့ရန်ကုန် -ပဲခူးလမ်းမအနီး
ပေ(၄၀ × ၆၀)၊ ရေမီးအစုံ
(၄၈)သိန်း(ညှိနိုင်း)
09-751928774

## ကားရောင်းမည်

ALPHARD, PEARL WHITE
2003
2.4/2W KILO-110000
2L/----
Ph:09-5031942

## ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့နေ ကိုကျော်ထက်[၁၂/ဗတထ(နိုင်)၀၃၆၀၃၈]သည် ဒီဇင်ဘာလ ၁၀ရက်မှ ၁၂ရက်အတွင်း ပုဂံ-ညောင်ဦးဘုရားဖူး ခရီးစဉ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၇၉၆၉၆၁၆၆၃

ပထမဆုံး မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်

Since 2001

# နေရာတိုင်းဆောင်ထား

အရောက်ပို့
တပ်ဆင်
ရှင်းပြ

Rain Flower

5 Year Warranty



အလုံ
ဖုန်း - ၀၉-၇၃၁၀၀၈၉၀
- ၀၉-၇၃၁၀၀၈၉၁
- ၀၉-၄၅၁၇၃၀၀၀၅
- ၀၉-၄၅၁၇၃၀၀၀၆

မြောက်ဥက္ကလာပ
ဖုန်း - ၀၉-၄၄၄၃၆၄၄၃၆
- ၀၉-၄၄၄၃၇၄၄၃၇
- ၀၉-၄၄၄၃၉၄၄၃၉

ပင်လုံလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)
ဖုန်း - ၀၉-၄၅၁၇၃၀၀၀၂
- ၀၉-၇၈၃၉၇၈၈၈၃

၉-မိုင် ပြည်လမ်း
ဖုန်း - ၀၉-၄၃၀၄၉၃၅၆

ပေါက်တောအင်းစိန်
ဖုန်း - ၀၉-၇၃၁၂၆၀၅၇
- ၀၉-၃၀၄၇၀၆၅၄

နေပြည်တော်
ဖုန်း - ၀၉-၄၉၂၀၈၈၈၀
- ၀၉-၃၀၀၃၆၂၆၀

မန္တလေး
ဖုန်း - ၀၉-၄၂၀၀၈၄၂၂
- ၀၉-၄၂၆၅၀၀၄၁၃

ရတနာ သစ်တော ပြည့်သွေးကြော သစ်တော ရတနာ ထိန်းသိမ်းပါ

## အများပြည်သူသို့အသိပေးကြေညာချက်

မြန်မာ့မီးရထားမှ ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း၊ အနောက်ခြမ်းအပိုင်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အင်းစိန်ဘူတာမှ ကြည့်မြင်တိုင်ဘူတာကြားရှိ Level Crossing(၄)ခုအား ကားလမ်းများ ယာယီပိတ်၍ အဆင့်မြှင့်တင်တည်ဆောက်မည်ဖြစ်ပါသဖြင့် လုပ်ငန်းဆောင်ရွက်နေသည့်ကာလအတွင်း အောက်ဖော်ပြပါ အစီအစဉ်များအတိုင်း သွားလာနိုင်ရေးအတွက် အများပြည်သူသိရှိနိုင်ပါရန် ကြိုတင်အသိပေး ကြေညာအပ်ပါသည်-

(က) မရမ်းကုန်းမြို့နယ်၊ သမိုင်းမြို့သစ်ဘူတာအနီးရှိ သမိုင်းမြို့သစ်ဘူတာကားလမ်းကူး(Level Crossing)ကို (၂၄-၁၂-၂၀၁၉ - ၃၁-၁၂-၂၀၁၉)ရက်ထိ ပိတ်ထားမည်ဖြစ်သည့်အတွက် အမှတ်(၁)ရပ်ကွက်မှ ဗဟိုလမ်းဘက်သို့ ဝင်/ထွက်မည့် မော်တော်ယာဉ်များအနေဖြင့် ဘုရင့်နောင်လမ်းမှတစ်ဆင့် ပါရမီလမ်းနှင့် ဆေးဝါးစက်ရုံလမ်းတို့ကို အသုံးပြု၍ သွားလာကြပါရန်။

(ခ) ကမာရွတ်မြို့နယ်၊ လှည်းတန်း-ကမာရွတ်ဘူတာကြားရှိ ရွာမကျောင်းလမ်း၊ Level Crossing ကို (၁-၁-၂၀၂၀ - ၂၁-၁-၂၀၂၀)ရက်ထိ ကားလမ်းတစ်ခြမ်းပိတ်၊ တစ်ခြမ်းဖွင့်စနစ်ဖြင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသဖြင့် မော်တော်ယာဉ်များနှင့် ကွန်တိန်နာယာဉ်များ အန္တရာယ်ကင်းရှင်းရေးအတွက် သတိပြုမောင်းနှင်ကြပါရန်။

(ဂ) လှိုင်မြို့နယ်၊ ပါရမီလမ်း (Level Crossing) ကို(၁၄-၁-၂၀၂၀ - ၃၀-၁-၂၀၂၀)ရက်ထိ ကားလမ်းတစ်ခြမ်းပိတ်၊ တစ်ခြမ်းဖွင့်စနစ်ဖြင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသဖြင့် မော်တော်ယာဉ်များနှင့် ကွန်တိန်နာယာဉ်များ အန္တရာယ်ကင်းရှင်းရေးအတွက် သတိပြုမောင်းနှင်ကြပါရန်။

(ဃ) လှိုင်မြို့နယ်၊ ကမာရွတ်ဘူတာရုံလမ်း Level Crossing ကို (၂၂-၁-၂၀၂၀ - ၇-၂-၂၀၂၀)ရက်ထိ ကားလမ်းတစ်ခြမ်းပိတ်၊ တစ်ခြမ်းဖွင့်စနစ်ဖြင့်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသဖြင့် မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းရေးအတွက် သတိပြုမောင်းနှင်ကြပါရန်။

**မြန်မာ့မီးရထား**

ကြော်ငြာ

## (၅)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
**ဘုရား၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊**
**ပြာသာဒ်ဒါယိကာမကြီး**
**မမေချယ်ရီအောင်(ခ) မဥမ္မာမြင့်**
**M.C.Sc (Credit) (U.C.S.Y), G.Dip in System Analysis (N.U.S)**
**၂၁-၁၂-၂၀၁၉**
**အသက်(၃၆)နှစ်**

ချစ်သမီးလေး ဘဝတစ်ပါးကို ပြောင်းသွားခဲ့တာ (၅)နှစ်ပြည့်ခဲ့ပါပြီ။ လစဉ် ၂၁ ရက်နေ့ကိုရောက်တိုင်း သမီးလေးကို ရည်စူးကုသိုလ်တွေပြုလုပ်ပေးနေဆဲပါ။ ဒီနှစ်မှာ လားရှိုးမြို့ ငြိမ်းချမ်းကမ္ဘာအောင်စေရာဆုတောင်းပြည့်စေတီတော်ကြီး ထီးတော်တင်လှူပွဲနှင့် ဌာပနာပိတ်ပွဲအလှူတော်၊ ရန်ကုန်ရွှေပေါက်ကံမြို့သစ် ချမ်းမြေ့ရွှေပြည်ရိပ်သာကျောင်း အမျိုးသမီးယောဂီဆောင်အလှူ(ပထမအကြိမ်)၊ အောင်ပန်းချမ်းမြေ့ရိပ်သာကျောင်း မြေထိန်းနံရံအလှူ၊ တောင်ကြီးချမ်းမြေ့ရိပ်သာကျောင်း အရဏ်ဆွမ်းအလှူ၊ ရန်ကုန်ချမ်းမြေ့ရိပ်သာကျောင်းမှာလစဉ်ဆွမ်းချိုင့်အလှူ၊ စာရေးတံမဲပွဲအလှူ၊ သဘာဝရေဘေး ရန်ပုံငွေအလှူ၊ အမေပြုသမျှ ဒါနကုသိုလ်တွေနဲ့အတူ သီလကုသိုလ်၊ ဝါတွင်း၃လအားထုတ်ခဲ့ရသော မေတ္တာဘာဝနာကုသိုလ်၊ ဝိပဿနာဘာဝနာကုသိုလ်အစုစုတို့ကို သမီးလေးနှင့် ၃၁ဘုံသားအားလုံးတို့ကို ထပ်တူအမျှပေးဝေခဲ့ပါတယ်။ အမျှ---အမျှ---အမျှ

ချစ်သမီးလေးမြင့်မြတ်တဲ့ဘုံဘဝမှ အေးချမ်းစွာသာဓုခေါ်နိုင်ပါစေ။

**အဘိုး၊ အဘွား**
**ချစ်အမေနှင့် သမီးလေးချစ်ခဲ့ကြသူများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ခင်မြ (ညောင်လေးပင်)**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏနေ ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)၏ စာရင်းစစ် ဒေါ်အေးအေး(ရဲအုပ်-ငြိမ်း)၊ အတွင်းရေးမှူး ဦးမောင်မောင်သက် (ဒု-ရဲမှူး-ငြိမ်း)-ဒေါ်အေးမြင့်ကိုကို၊ အသင်းဝင် ဦးသန်းဦး (ဗိုလ်မှူး-ငြိမ်း)-ဒေါ်သီသီအောင်၊ ဦးကျော်မျိုးလှိုင်-ဒေါ်ခင်ခိုင်စိုး (ခေတ္တ-စင်ကာပူ)တို့၏ မိခင်ကြီး သက်ကြီးကန်တော့ခံ ဒေါ်ခင်မြသည် ၁၈-၁၂-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဓာတ်မှန်ဆရာဝန်ကြီး ပါမောက္ခဆရာကြီး ဦးမောင်မောင်စိုး (ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ ဓာတ်မှန်၊ ဆေးတက္ကသိုလ်-မန္တလေး)၏ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်ရီ အသက် (၉၄) နှစ်သည် ၁၉-၁၂-၂၀၁၉ ရက် နံနက် ၄:၂၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ ဓာတ်မှန်ပညာအဖွဲ့**

## အထူးကျေးဇူးတင်ရှိခြင်း
**ဦးမောင်မောင်သမ်း**
**အသက်(၉၁)နှစ်**
**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**
**မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်**
**မြန်မာ့အာမခံလုပ်ငန်း**

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၂)ရက်တွင် ကွယ်လွန်ခဲ့သော ဖခင်ကြီး ဦးမောင်မောင်သမ်း နာမကျန်းဖြစ်စဉ် အထူးဂရုစိုက်ကုသပေးခဲ့ကြသော သမားတော်ကြီးများ၊ ကွယ်လွန်ချိန်တွင် လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း၊ နှစ်သိမ့်အားပေးကြသူများ၊ စျာပနအခမ်းအနားကျင်းပချိန်တွင် လွမ်းသူ့ပန်းခြင်းပေးပို့ကြသူများ၊ သတင်းစာများတွင် ဝမ်းနည်းကြောင်းဖော်ပြခဲ့ကြသူများ၊ သက်န်းနှင့် လှူဖွယ်ပစ္စည်းများ ပေးပို့ခဲ့ကြသူများ၊ ရက်လည်ဆွမ်းကျွေးတွင် အစစအရာရာ လိုအပ်သည်များကို ကူညီပေးပါသော ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် ဘဏ်အရာထမ်း၊ အမှုထမ်းများ၊ အချို့ပွဲများ ပေးပို့လှူဒါန်းပေးပါသော မိတ်ဆွေ၊ သူငယ်ချင်းများ၊ စျာပနအခမ်းအနားနှင့် ရက်လည်ဆွမ်းကျွေးအလှူသို့ ကိုယ်တိုင်ကြွရောက်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

| | | |
|---|---|---|
| ဇနီး | - | ဒေါ်စုစုသန်း |
| သားများ | - | ဦးအောင်ဇော်မြင့်၊ဦးမျိုးကျော် |
| သမီး | - | ဒေါ်သီတာအေး |
| မြေး | - | မစုစုပုလဲ |

## ကန့်ကွက်နိုင်ပါရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ လသာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ (၂၂)လမ်း၊ အမှတ်(၁၁၄) (၈)ထပ်တိုက်၏ (၅)လွှာဟုခေါ်တွင်သော အကျယ်(၁၅ပေx၄၀ပေ)ရှိ တိုက်ခန်းနှင့်တကွ ရေ/မီးဝင်ထွက်သွားလာခွင့်မှစ၍ လက်ရှိနေထိုင်ပိုင်ခွင့်အပါအဝင် အခွင့်အရေးအရပ်ရပ်အားလုံးကို ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့၊ အောင်သုခလမ်း၊ (၅)ရပ်ကွက်၊ အမှတ်(၂၉)နေ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၄/လပတ(နိုင်)၀၀၇၄၁၈]ကို ကိုင်ဆောင်သူ တိုက်ခန်းပိုင်ရှင်ဒေါ်လှလှမြင့်ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် တန်ဖိုးငွေအချို့ကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ယင်းလွှဲပြောင်းဝယ်ယူခြင်းနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာအကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

**ညွှန်ကြားချက်အရ-**
**လှမြင့် (မင်းတုန်း) (စဉ်-၁၃၁၅/၇၂)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၇/၂၉)၊ ဒုတိယထပ်၊**
**၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၇၄၆၂၁၀၀**

## ဦးရန်အောင်ဌေး (ကန်တော်လေး)
**အနန္တသုခဆေးတိုက်**
**အသက် (၄၅) နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်အနောက်ရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၁၄၄)နေ [မဟာဗိုဒ္ဓိဆရာကြီးဦးအန့်-ဒေါ်ငွေရင် (အနန္တသုခဆေးတိုက်)]တို့၏မြေး၊ (ဦးစိန်ဌေး)-ဒေါ်သန်းသန်းတို့၏ သားငယ်၊ ဦးအောင်နိုင်-ဒေါ်စန်းစန်းမြင့်တို့၏သားသမက်၊ ဦးခင်မောင်ဌေး-ဒေါ်မီမီဇော်တို့၏ညီ၊ ဒေါ်နွယ်နီဌေး၊ မခင်ချောစုဌေးတို့၏အစ်ကို၊ မချစ်ငြိမ်းစု၊ မောင်ငြိမ်းချမ်းစိုး၊ မခင်ရတနာဌေး၊ မကေခိုင်စုသွယ်၊ မအိချစ်ပိုင်၊ မောင်သွန်းထက်တို့၏ဦးလေး၊ မောင်သူရိန်ဌေး၏ဖခင်၊ ဒေါ်ဖြူဖြူအောင်၏ချစ်လှစွာသောခင်ပွန်း ဦးရန်အောင်ဌေး သည် ၁၉-၁၂-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၅:၃၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၉ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်အုန်းရီ (မြိတ်)
**အသက်(၈၂)နှစ်**
**အသင်းဝင်အမှတ်(၆၀၅၇)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ တံတားကြားလမ်းမကြီး၊ အမှတ်(၁၂/A)နေ (ဦးဟုန်ရီ)၏ဇနီး၊ ဒေါ်သန်းသန်းဌေး (မြိတ်အသင်းအမှုဆောင်) ၏ မိခင်သည် ၁၉-၁၂-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၉ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ဓနိတောသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်လှရီ(ခ)ဒေါ်ခင်နန်းရီ
**(ပုလော)**
**အသက်(၆၃)နှစ်**
**အသင်းဝင်အမှတ်-၃၄၈၁**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ကမ်းနားလမ်း၊ တိုက်(၆)၊ ခြောက်လွှာနေ ဦးဝေတင်၏ဇနီးသည် ၁၉-၁၂-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၉ (စနေနေ့) ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (အသင်းမှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

**သွေးသည် အသက်**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်မ ဒေါ်ရင်ရွှေ (ဘ) ဦးချစ်စံ [၁၂/သကတ(နိုင်)၀၂၅၇၀၂]က ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ နဝရတ် (၄)လမ်း၊ အမှတ် (၁၂၆၀/ခ)၊(ပေ ၂၀xပေ ၆၀) နှင့်ပတ်သက်၍ ရန်ကုန်မြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ် (၃၃၆၆/၂၀၁၈)၊ ၂၆-၃-၂၀၁၈ ရက်စွဲဖြင့် ဦးဇင်ကိုကို (ဘ) ဦးရင်ထွန်း [၁၂/သကတ(နိုင်)၁၇၄၀၂၆] သို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာကို ၂၀-၁၂-၂၀၁၉ ရက်မှစ၍ အပြီးအပိုင်ရုပ်သိမ်းပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ရင်ရွှေ [၁၂/သကတ(နိုင်)၀၂၅၇၀၂]**
**ဖုန်း-၀၉-၂၅၁၀၃၀၀၄၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ အေးသာယာရပ်ကွက်၊ ဇဟို(၁၁)လမ်း၊ အမှတ်(G/၁၆၉)၊ ဦးစိန်ဝင်းအမည်ပေါက် စလစ်မြေကွက်အား ကျွန်တော် ဦးစက်အယ်စိုး[၁၄/ နေဖ(နိုင်)၁၀၃၄၆၆]မှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်းနှင့် အဆိုပါ စလစ်မူရင်းနှင့်အတူ ဆက်စပ်စာချုပ်များပါရှိသော ဖိုင်တစ်ခုလုံးခရီးသွားလာရင်းပျောက်ဆုံးခဲ့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစက်အယ်စိုး**
**ဖုန်း-၀၉-၂၅၀၀၇၁၄၈၆**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၁၀) ရပ်ကွက်နေ ဦးစိုင်းနောင်နောင်[၁၂/လကန(နိုင်)၂၀၇၁၅၆]နှင့် ကျွန်မ ဒေါ်ငြိမ်းငြိမ်းပြည့်စုံ [၃/ကကရ(နိုင်)၁၀၈၃၈၂] တို့သည် (၃-၇-၂၀၁၉)ရက်နေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ ဒုတိယ ဦးစီးမှူး၏ရှေ့မှောက်၌ နှစ်ဦးသဘောတူလက်မှတ်ရေးထိုး ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ ဦးစိုင်းနောင်နောင်နှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်မယူကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ငြိမ်းငြိမ်းပြည့်စုံ[၃/ကကရ(နိုင်)၁၀၈၃၈၂]**

# WEST LAKE ကုန်အမှတ်တံဆိပ်တာယာများနှင့်စပ်လျဉ်း၍ သတိပေးတားမြစ်ချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၂)၊ မဟ္တရာမင်းသားကြီးမောင်ပျိုးလမ်း၊ အမှတ်(၁၁၆)တွင် တည်ရှိသော United Tyre Group Co.,Ltd (UTG) ၏ လွှဲအပ်ညွှန်ကြားချက်အရ WEST LAKE ကုန်အမှတ်တံဆိပ်တာယာများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

**WEST LAKE**
**PERFORMANCE TYRES**

**Reg:Vo.3244/2003**

United Tyre Group Co.,Ltd (UTG)သည် အထက်ဖော်ပြပါ WEST LAKE ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် မော်တော်ယာဉ်တာယာအမျိုးမျိုး၊ မော်တော်ဆိုင်ကယ်တာယာအမျိုးမျိုး၊ ရော်ဘာကျွတ်အမျိုးမျိုး၊ ရော်ဘာနှင့်ဆက်စပ်ပစ္စည်းအမျိုးမျိုးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ဒေသအသီးသီး၌ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တရားဝင် တင်သွင်းဖြန့်ဖြူးရောင်းချခွင့် ရရှိထားသူဖြစ်ပါသည်။ WEST LAKE ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်မူပိုင်ခွင့် မှတ်ပုံတင်သွင်းထားပြီးလည်းဖြစ်ပါသည်။

ယခုအခါ WEST LAKE ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားပါ တာယာအမျိုးမျိုးနှင့်အလားတူဆင်တူယိုးမှားတာယာများကို တရားမဝင်ဝယ်ယူတင်သွင်းဖြန့်ဖြူးရောင်းချအသုံးပြုနေခြင်းများကို တွေ့မြင်သိရှိနေရပါသည်။ United Tyre Group Co.,Ltd နှင့် WEST LAKE ကုန်အမှတ်တံဆိပ်တာယာများ၏ အောင်မြင်ကျော်ကြားသည့် ဂုဏ်သတင်းကောင်းများအပေါ် ယုံကြည်မှုအား အလွဲသုံးစားပြုလျက်ခွင့်ပြုချက်မဲ့ တရားမဝင်ဝယ်ယူတင်သွင်းဖြန့်ဖြူးရောင်းချအသုံးပြုနေခြင်းများကို ချက်ချင်းရပ်ဆိုင်းပါရန် အသိပေးတားမြစ်ပါသည်။

မည်သူမဆို United Tyre Group Co.,Ltd (UTG)၏ ဥပဒေနှင့်အညီ တရားဝင်ရရှိထားသော မူပိုင်ခွင့်အခွင့်အရေးကို ထိပါးလျက်တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပြီး ကုမ္ပဏီ၏ အကျိုးစီးပွားနှင့် ဂုဏ်သတင်းကို ထိခိုက်နစ်နာစေရန် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကုမ္ပဏီ၏ နစ်နာမှုအဝဝအတွက် ပေးလျော်ရမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ဒေါ်လီလီဖြိုး** | **ဦးအုန်းမောင်(ရန်ကင်း)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၇၁၂၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၆၈၁၈)** |

**ရုံး-အမှတ်-၅၀၄/၅၀၆၊ (၄လွှာ/ဝဲ)၊ ရွှေမြန်မာကွန်ဒို၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၃၈၃၂၅၇ Email:0hnmaung.pcn@gmail.com**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဦးကျော်မြင့် (ဒေးဒရဲ)

ကျောင်းအုပ်ဆရာကြီး (ငြိမ်း)

### အသက်(၈၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နေ (ဦးဘရှိန်-ဒေါ်ညွန့်ရီ)တို့၏သား၊ (ဦးအုန်းမြင့်-ဒေါ်သိန်း)တို့၏ သားသမက်၊ ရေတာရှည်မြို့နေ (ဦးသန်းအေး)-ဒေါ်ပြုံး၊ ရန်ကုန်မြို့နေ ဦးမြင့်ရှိန်-(ဒေါ်နွဲ့)တို့၏အစ်ကိုကြီး၊ ဒေးဒရဲမြို့နေ ဆရာမကြီး (ဒေါ်စန်းရင်)၏ခင်ပွန်း၊ ဦးအောင်စန်းမြင့်-ဒေါ်မြင့်မြင့်စန်း၊ ဦးမြင့်ဆွေဝင်း-ဒေါ်ညွန့်ညွန့်နွယ်၊ ဦးဝင်းတင့်-ဒေါ်ချိုချိုမြင့်၊ ဦးကျော်စိုးနိုင်-(ဒေါ်အေးအေး)၊ ဦးသက်ဦး-ဒေါ်ဥမ္မာမြင့်၊ ဦးကျော်စိုးမင်းတို့၏ ဖခင်၊ မြေး ခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၉-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၀:၄၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၉ (စနေနေ့) ညနေ ၃ နာရီတွင် သဃ်္ချိုင်းကျွန်းစံပြဆေးရုံကြီးအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်-၉၃၇/က၊ သော်ကမြိုင်လမ်း၊ (၈၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် နေအိမ်မှ ကားများ ညနေ ၃:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဗိုလ်ထွန်းနိုင်ဝင်း(ငြိမ်း)

ကြည်း-၅၇၄၆၅၊ D.S.T.A(12)

SAE(ဆည်/ရေဦးစီးဌာန)

### အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းဆည်မြောင်းဝင်းနေ ဦးကျော်ဟန်(ဆည်/ရေ ရုံးချုပ်)-ဒေါ်သန်းငွေးတို့၏သား၊ ပခုက္ကူမြို့နယ်၊ မြစ်ခြေမြို့၊ ထနောင်းကုန်းရပ်နေ ဦးဝင်းရှိန် (မြို့နယ်ပညာရေးမှူး-ငြိမ်း)-ဒေါ်ခင်စီ(အထပြ-ငြိမ်း)တို့၏ သားသမက်၊ ကိုထက်နိုင်လင်း (Irrawaddy Green Tower)၏ အစ်ကို၊ မောင်လင်းပြည့်သူ၏ ဖခင်၊ မှော်ဘီမြို့၊ စက်မှုတိုင်း(၁)၊ အလုပ်ရုံ(က)၊ ဆည်မြောင်းဝင်း၊ အမှတ် (D.1.A) နေ ဒေါ်ဖြူနှင်းဟန် (GTHS ရွာမ)၏ ခင်ပွန်း၊ ဗိုလ်ထွန်းနိုင်ဝင်း(ငြိမ်း) သည် ၁၉-၁၂-၂၀၁၉ (ကြာသပတေးနေ့) ည ၈:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၉ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကင်း ဆည်မြောင်းဝင်းနေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်ရွှေ (ထားဝယ်မြို့)

### အသက် (၉၁) နှစ်

ဗိုလ်မှူးခင်မောင်လွင် (လေ-ငြိမ်း)-ဒေါက်တာမြင့်မြင့်အေး (ဆေးရုံအုပ်ကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)တို့၏ မိခင် ဒေါ်တင်ရွှေ အသက် (၉၁) နှစ်သည် ၁၄-၁၂-၂၀၁၉ (စနေနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ ဒေါက်တာဇော်ဝေစိုး-ဒေါက်တာနွယ်နီအောင်**
**ပါမောက္ခချုပ်**
**ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်ရွှေ (ထားဝယ်မြို့)

### အသက် (၉၁) နှစ်

ဗိုလ်မှူးခင်မောင်လွင် (လေ-ငြိမ်း)-ဒေါက်တာမြင့်မြင့်အေး(ဆေးရုံအုပ်ကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)တို့၏ မိခင် ဒေါ်တင်ရွှေ အသက် (၉၁) နှစ်သည် ၁၄-၁၂-၂၀၁၉ (စနေနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် ဆရာ/ဆရာမများ၊ ဝန်ထမ်းများ**
**ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်နန်းခမ်းတစ်

### အသက် (၂၉) နှစ်

KBZ Bank မိုင်းဖြတ်ဘဏ်ခွဲတွင် ဒုတိယတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါ်နန်းခမ်းတစ်သည် ၂၀-၁၂-၂၀၁၉ ရက်တွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**နာယကကြီးနှင့်ကမ္ဘောဇဘဏ်ဝန်ထမ်းမိသားစုများ**

## (၁၃) နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်ကြည် (ကျုံမငေး)

မိသားစုအပေါ် ကြီးမားသော မေတ္တာတရားနှင့် သွန်သင်ဆုံးမပြုစုပျိုးထောင်ပေးခဲ့သော ကျေးဇူးရှင်မွေးမေမေ ကွယ်လွန်ခဲ့သည်မှာ (၂၁-၁၂-၂၀၁၉) ရက်တွင် (၁၃) နှစ်ပြည့်ခဲ့ပြီး မေမေအတွက် ရည်စူး၍ (၂၁-၁၂-၂၀၁၉) ရက်တွင် မေမေ၏မောင်ပဋ္ဌင်း သီတင်းသုံးတော်မူသော ပဲခူးမြို့ ဓမ္မလင်္ကာရသာမနေကျော်ကျောင်းတိုက်ရှိ စာသင်စာချသံဃာတော်အရှင်မြတ်တို့အား နေ့ဆွမ်းဆပ်ကပ်လှူဒါန်းပြီး မေမေအား အမျှအတန်းပေးဝေခဲ့ပါသည်။

မြင့်မြတ်သောဘုံဘဝရှိ မေမေ သာဓု သာဓု သာဓု ခေါ်ဆိုနိုင်ပါစေ......

**ကျန်ရစ်ခဲ့သောမိသားစု**

**ဖေဖေ** - **ဦးမြင့်ကြည်**
**သားကြီး** - **ဦးရဲမြင့်(Shwe Taung)-ဒေါ်ခင်မျိုးဝင်း**
**သားလတ်** - **ဦးစိုးမြင့်အောင်**
**သားငယ်** - **ဦးသန်းဦး(Shwe Taung)-ဒေါ်သက်သက်ငွေးအောင်**
**သားထွေး** - **ဦးဝင်းနီထွေး(E.H TRAVELS)-ဒေါ်သဇင်ထွန်း**
**မြေးများ**
**မလိခအိမ်ရာဝင်း၊ သဃ်္ချိုင်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ဒေါ်ခေခင်

လ/ထ ကထိက(ငြိမ်း)၊ သဃ်္ချိုင်းကျွန်း၊ ပညာရေးကောလိပ်

### အသက် (၈၅) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မင်္ဂလာသုခလမ်း၊ အမှတ်(၁၉၆)နေ (ဦးခင်ဇော်-ဒေါ်ထားရီ)တို့၏သမီးကြီး၊ (ဦးလှမောင်-ဒေါ်စောလှ)တို့၏သမီးချွေးမ၊ (ဦးမောင်မောင်-ဒေါ်စန်းစန်းတင့်)၊ ဦးမောင်မောင်သန်း-(ဒေါ်လှအေး)၊ ဦးတင်မွှေး-ဒေါ်ခင်စီမြင့်၊ ဒေါ်မြင့်မြင့်သန်းတို့၏အစ်မကြီး၊ (ဦးညွန့်လွင်) ၏ဇနီး၊ ဦးနေအောင်လွင်၏မိခင်သည် ၂၀-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးစိုးရီ

BPI ၊ ပလတ်စတစ် (၁၂၂၃) DCPT

### အသက် (၇၄) နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ရစ်ကံကြီးရွာနေ (ဦးခင်မောင်-ဒေါ်အုံးကျင်)တို့၏သား၊ မော်လမြိုင်မြို့၊ ဘီလူးကျွန်းနေ (ဦးပါ-ဒေါ်ဖွားရင်)တို့၏သားသမက်၊ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ရစ်ကံကြီးရွာနေ ဒေါ်စန်းစန်းနွဲ့၊ ဒေါ်စိန်စိန်မြင့်၊ ဒေါ်ခင်ခင်ဝေ၊ ဦးဟန်ထွန်း-ဒေါ်ထွေးထွေးတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၄)နေ (ဒေါ်မြဝင်း)၏ခင်ပွန်း၊ ဦးကိုကိုဟန်-ဒေါ်ဖြူဖြူအောင်၊ ဒေါ်အေးအေးပြုံး၊ (ဦးသစ္စာထွန်း)-ဒေါ်ငြိမ်းငြိမ်းပြုံး၊ ဦးဝင်းသူရ-ဒေါ်နှင်းမြင့်လှိုင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၀-၁၂-၂၀၁၉ ရက် မွန်းလွဲ ၁၂:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ပြုံးပြုံးရီ (အောက်ပုဇွန်တောင်)

### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ထန်းပင်ကုန်း၊ သဇင်လမ်း၊ အမှတ်(၃၂-စီ)နေ [ဦးပိုးစီ-ဒေါ်ဒေါင်းဆိုင် (အထက-၁၊ ပန်းဘဲတန်း-ငြိမ်း)] တို့၏ သမီး၊ ဦးစောနိုင်(ဒု-ညွှန်မှူး၊ စက်မှု-၂-ငြိမ်း)-ဒေါ်နုနုရီ (ဒု-ညွှန်မှူး၊ နယ်စပ်/စည်ပင်-ငြိမ်း)တို့၏ ညီမ၊ ဒေါ်ထားနုဝေ(ခေတ္တ-စင်ကာပူ)၊ ဦးကောင်းထွဋ်တို့၏ အဒေါ်၊ မောင်အောင်ကောင်း (ခေတ္တ-စင်ကာပူ)၏ အဘွားသည် ၁၈-၁၂-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၉ (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါက်တာစိုးမိုး

### အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှမ်းမြောက်ရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၆)ပထမထပ်နေ (ဦးသန်းထွန်း)-ဒေါ်အေးမြင့်တို့၏ သား၊ ဦးမျိုးဝင်း-ဒေါ်အေးငြိမ်းတို့၏ သားသမက်၊ ဒေါ်ကျင်တီ၊ ဦးဟန်ကျုံး-ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်တင်တင်အေး၊ (ဒေါက်တာတင်ထွေး)-ဒေါ်မြဝင်း၊ ဦးစိန်မင်း(First Top Group Co.,Ltd)-ဒေါက်တာသန်းသန်းဝင်း၊ ဒေါ်ခင်မြထွေး(သဘာဝရိပ်သာ)တို့၏ တူ၊ ဦးထွန်းထွန်း-ဒေါက်တာသီတာဝင်း(ယုဇနပလာဇာ)၊ ဒေါက်တာခိုင်ခိုင်ဝင်း(အာရှတော်ဝင်အထူးကုဆေးရုံကြီး)တို့၏ မတ်၊ ဒေါက်တာစုစုဝင်း၏ ခင်ပွန်း၊ မသိမ့်သဥ္ဇာစိုး (အထက-၂၊ လသာ)၊ မောင်ဝေယံစိုး(အလက-၁-ဒဂုံ)တို့၏ ကျေးဇူးရှင်ဖခင်သည် ၂၀-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၃:၄၃ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဒေါက်တာစိုးမိုး

### အသက် (၄၇) နှစ်

ရန်ကုန်မြို့၊ ကန်တော်လေးမြောက်ပိုင်းရပ်ကွက်၊ အထက်မန္တလေးလမ်းသွယ်(၃)လမ်း၊ အမှတ်(၁၈)နေ (ဦးသန်းထွန်း)-ဒေါ်အေးမြင့်တို့၏ တစ်ဦးတည်းသောသား၊ ဦးမျိုးဝင်း-ဒေါ်အေးငြိမ်းတို့၏ သားသမက်၊ ဒေါက်တာစုစုဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မတင်တင်ခိုင်၏မောင်၊ ကိုပြည့်ဖြိုးအောင်-မဝတ်ရည်သန်းထွန်းတို့၏အစ်ကိုကြီး၊ သိမ့်သဥ္ဇာစိုး၊ မောင်ဝေယံစိုးမိုးတို့၏ဖခင် ဒေါက်တာစိုးမိုးသည် ၂၀-၁၂-၂၀၁၉ ရက် နံနက် ၃:၄၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်လှ

### အသက်(၈၇)နှစ်

(ဗိုလ်ကြီး မောင်ပျို)၏ ဇနီး၊ ဗိုလ်ကြီးညွန့်ဇော်(ငြိမ်း) - ဒေါ်မိုးမိုးအောင်တို့၏ မိခင်ကြီးဖြစ်သူ ဒေါ်တင်လှ အသက်(၈၇)နှစ်သည် ၁၇-၁၂-၂၀၁၉ (အင်္ဂါနေ့) ည ၉:၄၅ နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈၅) သီဟတပ်ခွဲ**
**ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ထွန်းနိုင်ဝင်း(ငြိမ်း) (၃၃)နှစ်

ကြည်း-၅၇၄၆၅၊ D.S.T.A(12)

SAE(ဆည်/ရေဦးစီးဌာန)

ဦးကျော်ဟန် (အမှုဆောင်အဖွဲ့ဝင်)၊ မြစ်ခြေနယ်အသင်း (ရန်ကုန်)- ဒေါ်သန်းငွေးတို့၏ သား၊ မဖြူနှင်းဟန်၏ ခင်ပွန်း၊ ဗိုလ်ထွန်းနိုင်ဝင်း(ငြိမ်း)သည် ၁၉-၁၂-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**မြစ်ခြေနယ်အသင်း(ရန်ကုန်)**

## အနိစ္စ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်ရွှေ

### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ အမှတ်(၇၈)နေ (ဦးမောင်ကြွယ်-ဒေါ်လှလှ)တို့၏သမီး၊ (ဦးတင့်ဆွေ)၏ ဇနီး၊ ဦးမင်းဝေ-ဒေါ်အေးအေးမာဆွေ၊ ဦးဇော်ဝင်းဆွေ-ဒေါ်နီလာနွယ်တို့၏ မိခင်၊ ဦးအုံ့မောင်-ဒေါ်နွယ်နီလွင်၊ (ဦးဇော်လွင်)-ဒေါ်ကေသွယ်ဖြိုး၊ ဦးသိန်းလွင်-ဒေါ်ကေသီလွင်တို့၏ အဒေါ်၊ ကိုခန့်စည်သူဆွေ-မအိအိခင်၊ မအေးမြင့်မြတ်သူ၊ မောင်အောင်မြတ်ကျော်၊ ကိုရဲဖုန်းလွင်၊ မချိုဇင်ဖူးလွင်၊ မမေမြတ်လွင်တို့၏ အဘွားသည် ၂၀-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၈:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၂-၂၀၁၉ (ကြာသပတေးနေ့)တွင် အမှတ်(၂၈)၊ (၃)လမ်း၊ ပင်လုံရိပ်မွန်၊ သဃ်္ချိုင်းကျွန်းမြို့နယ်၊ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမျိုးခင် (ခ) Freddy Paik

CDC-12221

### အသက် (၆၃) နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၅)၊ ရှင်စောပုဘုရားလမ်း၊ အခန်း(၇-အေ/ဘီ)နေ (ဦးပိုက်-ဒေါ်ခင်မိမိ)တို့၏ သားထွေး၊ (ဦးကြင်မောင်ဦး-ဒေါ်ရှုကျင်) တို့၏ သားသမက်၊ ဒေါ်နီနီဦး၏ချစ်လှစွာသော ခင်ပွန်း၊ ဦးခင်မြင့်-ဒေါ်တင်မျိုးစစ်၊ (ဦးရန်အောင်) - ဒေါ်တင်မျိုးသွင်၊ (ဒေါက်တာမောင်ကျော်)-ဒေါ်တင်မျိုးအေး၊ ဦးအောင်ထက်-ဒေါ်စန္ဒာ၊ (ဦးမျိုးမင်း)-ဒေါ်အေးအေးသိန်း၊ ဦးကိုကိုဦး-ဒေါ်ချိုချိုမြင့်တို့၏ ညီ/မောင်၊ ဦးခင်မောင်ကျော်-ဒေါ်လဲ့လဲ့ခင်၊ ဦးသက်ထူးဝင်း-ဒေါ်ခင်နဒီတို့၏ ချစ်လှစွာသောဖခင်၊ ဦးဝဏ္ဏကိုကို-ဒေါ်လင်းလင်း၊ မောင်အောင်ပြည့်စုံတို့၏ဦးလေး၊ မောင်ရဲလင်းမောင်၊ မောင်အဲရစ်ဝင်း၊ မောင်ဇွဲခန့်ဝေယံတို့၏ချစ်လှစွာသော အဘိုးသည် ၂၀-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (စမ်းချောင်းမြို့နယ်၊ ရှင်စောပုဘုရားလမ်း၊ အမှတ်-၁၅၊ အခန်း (၇-အေ/ဘီ) နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဦးညီညီထွန်း

### အသက် (၄၉) နှစ်

ဒဂုံမြောက်နေ ဦးသိန်းထွန်း-(ဒေါ်ခင်နိုင်သော်)တို့၏သား၊ အင်းစိန်မြို့နယ် (ခဝဲခြံ)နေ ဦးစောစိန်ဝင်း-ဒေါ်ကြူကြူတို့၏ သားသမက်၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဘအိုလမ်းသွယ်၊ အမှတ်(၃၃/ဂ)နေ နော်ဂျယ်နီဖာ၏ခင်ပွန်း၊ နော်မူးတဲထွန်း၊ နော်အယ်နီထွန်းတို့၏ဖခင် ဦးညီညီထွန်းသည် ၁၉-၁၂-၂၀၁၉ ရက် ည ၈:၁၅ နာရီတွင် ကေဘီစီဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၂-၁၂-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ အလယ်ဗဟိုလမ်းရှိ၊ ပိုးကရင်နှစ်ခြင်း အသင်းတော်၌ ဝတ်ပြုကိုးကွယ်ပြီး ထိန်ပင်-ကရင်ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

## ဘဒ္ဒန္တကုသလ (ဓမ္မာစရိယ)

### သိက္ခာတော် (၆၆)ဝါ၊ သက်တော် (၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ လှည်းဆိပ်စံပြကျေးရွာ မနောဟရီကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုသလ မဟာထေရ်မြတ်သည် (၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်) နံနက် ၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်) ၁၄-၁၂-၂၀၁၉ (စနေနေ့)တွင် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို စံကျောင်းချပူဇော်ပြီး (၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်) ၂၆-၁၂-၂၀၁၉ (ကြာသပတေးနေ့)တွင် အန္တိမအဂ္ဂိဈာပန ဆင်ယင်ကျင်းပမည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကော်မတီ
လှည်းဆိပ်စံပြကျေးရွာ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ရဟန်း ဒါယိကာမကြီး

## ဒေါ်ဝိုင်းစိန်

### အသက်(၉၄)နှစ်

ဟင်္သာတမြို့

ဟင်္သာတမြို့နေ (ဦးဖိုးဆန်း-ဒေါ်နှင်းခက်)တို့၏ သမီး၊ ဟင်္သာတမြို့နေ [ဦးလှရွှေ (အထက်တန်းပြဆရာ၊ အထက-၂၊ ဟင်္သာတမြို့)] ၏ ဇနီး၊ ဦးတင်ငွေး (ဒုတိယညွှန်ကြားရေးမှူး၊ စက်မှု-၁၊ ငြိမ်း)-ဒေါ်အေးအေးစိန် (အထက်တန်းပြဆရာမ-ငြိမ်း)၊ [ဗိုလ်ကြီးစိုးသန်းရွှေ(ငြိမ်း)]-ဒေါ်မြင့်မြင့်ဝေ (ရွှေနဂါးတည်းခိုခန်း၊ ကသာမြို့)၊ ဒေါ်မြင့်မြင့်စိန် (မြို့ပြအင်ဂျင်နီယာ)၊ (ဦးသိန်းလှိုင်ရွှေ-ဒေါ်နုနုဝင်း)၊ ဦးစိုးညွန့် (ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန-ငြိမ်း)-ဒေါ်အေးမြင့်စိန် (မြို့ပြအင်ဂျင်နီယာ)၊ ဗိုလ်ကြီးဝင်းကြည်ရွှေ (ကုန်စည်ပို့ဆောင်ရေး-ငြိမ်း)-ဒေါ်နော်လီဒူး၊ (ဦးခင်သိန်း)-ဒေါ်ရီရီစိန်(အလယ်တန်းပြဆရာမ-ငြိမ်း)၊ ဗိုလ်မှူးကြီး အောင်ဆန်းဦး-ဒေါ်မြမြစိန်(တရားသူကြီး၊ငြိမ်း)၊ (ဦးဝင်းမြင့်အောင်)-ဒေါ်ကြည်ကြည်စိန်၊ အရာခံဗိုလ်ဝင်းလွင်-ဒေါ်အေးမြစိန်တို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး၊ မြေး ၂၃ ယောက်၊ မြစ် ၁၁ ယောက်တို့၏ ဘွားဘွားကြီးသည် ၂၀-၁၂-၂၀၁၉ ရက် နံနက် ၃:၂၅ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသော်တာဘုန်း

3rd E (Bernhard Schulte Shipmanagement)

### အသက် (၆၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာ၊ တိုက်(၄၅)၊ အခန်း(၂၁)နေ [ဒုဗိုလ်မှူးကြီးဘုန်းကျော်(ငြိမ်း)-ဒေါ်ခင်သိန်း)]တို့၏သားလတ်၊ (ဦးသိုက်ထွန်း-ဒေါ်သန်းသန်း)တို့၏သားသမက်၊ ဦးဝင်းထိန်-ဒေါ်ဝါဝါဘုန်း၊ ဦးတင်မောင်အေး-ဒေါ်ယုယုဘုန်း၊ (ဦးအောင်မော်ဘုန်း)-ဒေါ်ခိုင်မီမီဝင်းတို့၏ညီ/မောင်၊ (ဦးဇော်ဘုန်း)၊ (ဦးသန့်ဇင်ဘုန်း)တို့၏ အစ်ကို၊ ဒေါ်တင်နွဲ့ရီ၏ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်မျိုးဘုန်း-မနှင်းယုမောင်၊ ကိုသူရသော်တာ-မဟန်နီတာ၊ ကိုအောင်ဥက္ကာ၊ ကိုရဲမင်းဘုန်းတို့၏ မွေးသဖခင်၊ မြေး လေးယောက်တို့၏အဘိုးသည် ၁၉-၁၂-၂၀၁၉ (ကြာသပတေးနေ့) ည ၈:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၉ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ယဉ်ယဉ်အုံး(၄၉) နှစ်

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်နေ ဦးအုံးငွေ (ရုံပိုင်ကြီး-ငြိမ်း)-ဒေါ်ခင်မူတို့၏သမီးထွေး၊ စစ်ကိုင်းမြို့၊ မောင်းထောင်ရွာနေ ဦးအောင်တင့်-(ဒေါ်တင်အေး)တို့၏သမီးချွေးမ၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်နေ ဦးမိုးကျော်(B.E-Mech)-ဒေါက်တာခင်ခင်အုန်း(M.B.B.S)၊ [ဦးမောင်မောင်အုံး(အငယ်တန်းအင်ဂျင်နီယာ၊ မြန်မာ့သစ်လုပ်ငန်း)]တို့၏ညီမ၊ မငြိမ်းစုချယ်(ခ) သဲတုံချစ်(Third Year THM)၊ မောင်မင်းသုထယ် (ခ) သားဘိုချစ်(Second Year EP)တို့၏ဒေါ်လေး (မေတီ)၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရှင်စောပုလမ်း၊ တိုက်(၁၅)၊ အခန်းအမှတ်(၁၁)နေ ဦးမြင့်ဦး(ဒုတိယတိုင်းဦးစီးမှူး၊ ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန)၏ဇနီး၊ မနွေးသိမ့်ခင် (ခ) သဲစုချစ်(Second Year BM, NMDC) ၏ မွေးသမိခင်သည် ၁၉-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁:၂၀ နာရီတွင် ရန်ကုန်မြို့၊ Grand Hantharဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၉ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (ယာယီတည်းခိုရာနေရာမှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ပဲခူးမြို့၊ ရှင်စောပုလမ်း၊ တိုက်(၁၅)၊ အခန်း(၁၁) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်တင်ဇာခိုင်

### အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၃၆၅)၊ မြေညီထပ်နေ ဦးတင်ဝင်း၊ ဒေါ်ခင်သန်းဝင်းတို့၏ သမီးကြီး၊ ဦးမိုးကျော်သူ၏ ဇနီး၊ မမိုးပြည့်စုံခိုင်၏ မိခင်၊ ဒေါ်တင်ဇာခိုင်သည် ၁၉-၁၂-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် BAHOSI ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်(၁၇၄/၁၇၆)၊ ဒုတိယထပ်၊ လမ်း(၅၀)၊ အထက်ဘလောက်(၁၀) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ လမ်း(၅၀)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ပုံဖြင့် ငွေစက္ကူထုတ်ဝေမည်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ပုံဖြင့် ငွေစက္ကူပုံစံသစ်အမျိုးမျိုးကိုထုတ်ဝေရန် ဆောင်ရွက်လျက်ရှိရာ တစ်ထောင်ကျပ်တန် ပုံစံသစ်ငွေစက္ကူကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် စတင်ထုတ်ဝေပါမည်။

**ပေါ်လွင်သောအပြာရောင်ရှိ**

ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ တစ်ထောင်ကျပ်တန် ငွေစက္ကူအရွယ်အစားမှာ အလျား ၁၅၀ မီလီမီတာ အနံ ၇၀ မီလီမီတာ ရှိပါသည်။ ငွေစက္ကူသည် ပေါ်လွင်သောအပြာရောင်ရှိပြီး ငွေစက္ကူ၏အပေါ်ဘက်တွင်" မြန်မာနိုင်ငံတော်ဗဟိုဘဏ်"စာတန်း ရိုက်နှိပ်ထားပါသည်။

တစ်ထောင်ကျပ်တန်ငွေစက္ကူ၏ မျက်နှာစာဘက်တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပုံရိုက်နှိပ်ထားပြီး ငွေစက္ကူ၏ လက်ယာဘက်တွင် ငွေစက္ကူ၏တန်ဖိုးကို မြန်မာစာသားဖြင့်"တစ်ထောင်ကျပ်"ဟု ဖော်ပြထားပါသည်။ ထောင့်သုံးထောင့်တွင်လည်း ငွေစက္ကူ၏တန်ဖိုးကို ဂဏန်းများဖြင့် ရိုက်နှိပ်ထားပါသည်။

**ဗိုလ်ချုပ်အောင်ဆန်းပုံ ရေစာပါရှိ**

ငွေစက္ကူနံပါတ်ကို မြန်မာအက္ခရာ မြန်မာဂဏန်းဖြင့် အလျားလိုက်၊ အင်္ဂလိပ်အက္ခရာ အင်္ဂလိပ်ဂဏန်းဖြင့် ဒေါင်လိုက်ရိုက်နှိပ်ထားပါသည်။ ငွေစက္ကူ၏ လက်ဝဲဘက်တွင် ဗိုလ်ချုပ်အောင်ဆန်းပုံ ရေစာပါရှိပါသည်။ ငွေစက္ကူတွင် လုံခြုံရေးကြိုးကို ဒေါင်လိုက် မြုပ်နှံထည့်သွင်းထားပါသည်။ ငွေစက္ကူ၏ ဘယ်ညာအစွန်းများတွင် ဖောင်းကြွလိုင်းတိုများ ရိုက်နှိပ်ထားပါသည်။

တစ်ထောင်ကျပ်တန်ငွေစက္ကူ၏ ကျောဘက်တွင် လွှတ်တော်အဆောက်အဦပုံ ရိုက်နှိပ်ထားပြီး အပေါ်ပိုင်း၌ "CENTRAL BANK OF MYANMAR" စာတန်း အောက်ပိုင်း၌ "ONE THOUSAND KYATS"ဟူသော စာတန်းများရိုက်နှိပ်ထားပါသည်။ ထောင့်သုံးထောင့်တွင် ငွေစက္ကူ၏တန်ဖိုးများကို ဂဏန်းများဖြင့်ရိုက်နှိပ်ထားပါသည်။

လက်ရှိသုံးစွဲလျက်ရှိသော တစ်ထောင်ကျပ်တန် ငွေစက္ကူများသည်လည်း တရားဝင်ငွေအဖြစ် ဆက်လက်တည်ရှိမည်ဖြစ်ပါသည်။




မျက်နှာစာဘက်




ကျောဘက်

# ယနေ့ကျင်းပမည့် ဖူဆယ်လိဂ်ပွဲစဉ်(၈)တွင် အသင်းကြီးများ နိုင်ပွဲဆက်ဖွယ်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

၂၀၁၉-၂၀၂၀ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)ကို ဒီဇင်ဘာ ၂၁ ရက်(ယနေ့)နံနက်ပိုင်းမှစတင်ကာ အမျိုးသားအားကစားပြိုင်ပွဲရုံ-၂ လှိုင်၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဇယားထိပ်ပိုင်းမှ အသင်းကြီးများ နိုင်ပွဲဆက်ဖွယ်ရှိနေကာ တတိယနေရာမှ GV အသင်းနှင့် စတုတ္ထနေရာမှ Winner အသင်းတို့၏ ထိပ်တိုက်တွေ့ဆုံမှုမှာ ပြိုင်ဆိုင်မှုပြင်းထန်ဖွယ်ရှိနေသည်။

ပွဲစဉ်(၈)အဖြစ် ယနေ့နံနက် ၈ နာရီခွဲတွင် Dream Team နှင့် MFF ယူ-၁၉အသင်း၊ နံနက် ၁၀ နာရီတွင် AMM Brothers အသင်းနှင့် ဖူဆယ်ချစ်သူအသင်း၊ နံနက် ၁၁ နာရီခွဲတွင် Winner အသင်းနှင့် GV အသင်း၊ မွန်းလွဲ ၁ နာရီတွင် မြို့မ JY အသင်းနှင့် VUC အသင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် လက်ဝဲသုန္ဒရအသင်းနှင့် လက်ရှိချန်ပီယံ MIU အသင်း၊ ညနေ ၄ နာရီတွင် On Doctor အသင်းနှင့် Do Do Ko Ko အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ်(၇)အပြီးတွင် VUC အသင်း၊ လက်ရှိချန်ပီယံ MIU အသင်းနှင့် GV အသင်းတို့ ၂၁ မှတ်စီရထားပြီး ဂိုးကွာခြားချက်ဖြင့် VUC အသင်းက ဦးဆောင်နေကာ MIU အသင်းက ဒုတိယ၊ GV အသင်းက တတိယနေရာတွင် ရပ်တည်နေသည်။ ယင်းအသင်းများ၏နောက်တွင် Winner အသင်းက ၁၈ မှတ်၊ မြို့မ JY အသင်းက ၁၂ မှတ်၊ On Doctor အသင်းက ၁၀ မှတ်၊ MFF ယူ-၁၉အသင်းက ခုနစ်မှတ်၊ Dream Team အသင်းက ခြောက်မှတ်၊ Do Do Ko Ko အသင်း၊ ဖူဆယ်ချစ်သူအသင်းနှင့် လက်ဝဲသုန္ဒရအသင်းတို့က သုံးမှတ်စီရထားကာ AMM Brothers အသင်းက ခုနစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

ရှိုင်းထက်ဇော်



ရှမ်းယူနိုက်တက်အသင်း ကစားသမားများကို တွေ့ရစဉ်။

# အာရှချန်ပီယံလိဂ်အကြိုခြေစစ်ပွဲ ပထမအဆင့်တွင် ရှမ်းယူနိုက်တက်နှင့် ဆီရက်စ်အသင်း တွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

၂၀၂၀ အာရှချန်ပီယံလိဂ်ပြိုင်ပွဲ အကြိုခြေစစ်ပွဲ ပထမအဆင့်တွင် ယှဉ်ပြိုင်ခွင့်ရထားသည့် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် ဖိလစ်ပိုင်လိဂ်ချန်ပီယံ ဆီရက်စ်နီဂရိုးအသင်းနှင့် တွေ့ဆုံနေသည်။

မြန်မာကလပ်အသင်းများသည် အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲ(အရှေ့အာရှဇုန်)တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပထမအဆင့်ပွဲများ စတင်ကစားရာ အဆင့်သုံးဆင့်ကျော်ဖြတ်ပြီး ခြေစစ်ပွဲအောင်မြင်၍ နောက်ဆုံးအဆင့်တွင် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❍

ကြေးမုံ ယနေ့ဖတ်စရာ

## ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် အမေရိကန်နှင့် အိန္ဒိယ လက်မှတ်ရေးထိုး

စာမျက်နှာ » ၁၂

## ပလိပ်အင်းရေတိမ်ဒေသတွင် ရေဝင်နည်းပါးသဖြင့် ဆောင်းခိုငှက်များ ကျက်စားမှုပုံစံပြောင်းလဲလာ



စာမျက်နှာ » ၁၈



# စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

## ပြည်တွင်းအခွန်များဦးစီးဌာန

## ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် အများဆုံး ထမ်းဆောင်သည့် လုပ်ငန်းရှင်(၅၀)ဦးစာရင်း (ပုဂ္ဂလိက-မြန်မာကုမ္ပဏီ)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့်အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် စည်းကြပ် တောင်းခံသည့်အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေ ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့်အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ် အပါအဝင် နှစ်အဆက်ဆက်စည်းကြပ် တောင်းခံသည့်အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခွန်ထမ်းများအနက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သော(ပုဂ္ဂလိက-မြန်မာကုမ္ပဏီ) လုပ်ငန်းရှင်(၅၀)ဦး၏ စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ ကျန်ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.ird.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ တိုင်းဒေသကြီး/ပြည်နယ်အခွန် ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်/ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

### ပြည်တွင်းအခွန်များဦးစီးဌာန
### ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် အများဆုံးထမ်းဆောင်သည့်
### လုပ်ငန်းရှင် (၅၀) ဦးစာရင်း
### ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး
### (ပုဂ္ဂလိက-မြန်မာကုမ္ပဏီ)

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | ရုံး/ဌာန တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | လုပ်ငန်း အမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးစိန်ဝမ် ML IPP Co.,Ltd | အမှတ်-(L-66/68)၊ ခရေပင်လမ်း၊ (၄)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | အစုရှယ်ယာ ရောင်းချခြင်း | |
| ၂ | ဒေါ်စန်းစန်းရီ | အမှတ်-၁၀၂ ဒီ/၄၊ အင်းယားလမ်း၊ (၉)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | အစုရှယ်ယာ ရောင်းချခြင်း | |
| ၃ | ဒေါ်နန်းသန်းထွေး | အမှတ်-၆၁၅/၁၊ ပြည်လမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | အိမ်မြေရောင်း | |
| ၄ | ဦးလှမြင့်ရွှေ | အမှတ်-၃၂/၃၃/၃၄/၃၅၊ ငွေပင်လယ် စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | မြေ + အဆောက်အဦငှား | |
| ၅ | Yangon Diocesan Trust Association | အမှတ်- ၅၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | အိမ်/မြေ ရောင်းချခြင်း | |
| ၆ | ဒေါ်ခင်ခင်ထွေး+ ဒေါ်ကြည်ကြည်ထွေး | အမှတ်- ဒီ/၃၊ မင်းဓမ္မလမ်း၊ မင်းဓမ္မအိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | ဂမုန်းပွင့်အရောင်းစင်တာငှား | |
| ၇ | ဦးအိုက်စံ(ခ)ဦးမြင့်မောင် | အမှတ်- ၃၆၉၊ လေးထောင့်ကန်လမ်း၊ မိကျောင်းကန် အပိုင်း(၁) ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | ibis Style Yangon Stadium Hotel + စက်ရုံငှားရမ်းခြင်း | |
| ၈ | ဦးအိုက်ထွေး | အမှတ်-၂၄၆-Q2/၂၄၆-R၊ မင်းကြီးမဟာမင်းခေါင်လမ်းနှင့် မောင်ပျိုးလမ်းထောင့်၊ ဇုန်-၂၊ လှိုင်သာယာမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | မြေ+အဆောက် အဦငှားရမ်းခြင်း | |
| ၉ | ဦးသန်းမောင်ဟန်+ ဦးအေးမောင်ဟန် | အမှတ်- ၄/ H ၊ ကမ္ဘာအေးဘုရားလမ်း၊ (၇) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဒဂုံမြို့နယ်)၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | အိမ်/မြေ ရောင်းချခြင်း | |
| ၁၀ | ဦးသိန်းဆု | အမှတ်- ၄၉/၂၃၈/၂၃၉/၂၄၀၊ ဝါးတစ်ရာ စက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | မြေငှားရမ်းခြင်း | |
| ၁၁ | ဦးအောင်သင်း+ ဒေါ်စန်းစန်းအေး | အမှတ်- ၁၉၆၊ (၅) လမ်း၊ အနောက်ရွှေဂုံတိုင် ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | အိမ်ငှားရမ်းခြင်း | |
| ၁၂ | ဒေါ်ဝင်းပပစိုး | အမှတ် - P-14/23၊ ယမုံနာရိပ်မွန်အိမ်ရာ၊ ဒေါပုံမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | လူသုံးကုန်ပစ္စည်း ရောင်းချခြင်း | |
| ၁၃ | ဦးအောင်မိုးကျော် | Myanmar Distillery Co.,Ltd, AMMK Investment Holding Co.,Ltd /No.33,6 1/2 Miles, Pyay Rd, 11 Quarter, Hlaing Township, Yangon Division. | ရန်ကုန် | လစာဝင်ငွေခွန် ထမ်းဆောင်ခြင်း | |
| ၁၄ | ဦးအောင်ကျော်ဝင်း | အမှတ်- ၆၈၅ ၊ မဟာဗန္ဓုလလမ်း၊(၃)ရပ်ကွက်၊ လသာမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | ရွှေနန်းတော်ရွှေဆိုင် | |
| ၁၅ | ဒေါ်ခင်မျိုးဦး | အမှတ်- ၂၃/အေ၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | အိမ်ငှားရမ်းခြင်း | |
| ၁၆ | ဒေါ်မင်းမင်းသွယ် | အမှတ်-၃/ ၃၄၄ ၊ (၇)လမ်း ၊ ရန်ကုန်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | ဂိုဒေါင်ငှားရမ်းခြင်း | |
| ၁၇ | ဦးတင်မောင်ဝင်း | International Language & Business Centre (Yangon). အမှတ်-၃၄၊ လေးထောင့်ကန်လမ်း၊ တာမွေလေးရပ်ကွက်၊တာမွေ (သင်္ဃန်းကျွန်းမြို့နယ်)၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | လစာဝင်ငွေခွန် ထမ်းဆောင်ခြင်း | |
| ၁၈ | ဒေါ်ခင်အေး | အမှတ်-၅၆/ဒီ-၁၊ အင်းယားလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ။ | ရန်ကုန် | အိမ်ခန်းငှားရမ်းခြင်း | |
| ၁၉ | ဒေါက်တာဒေါ်ခင်ကြည် | အမှတ်-၁၉၊ မဥ္ဇူလမ်းသွယ်(၂)လမ်း၊ (၈) ရပ်ကွက်၊ ရန်ကင်းမြို့နယ် (ဗဟန်းမြို့နယ်)၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | အိမ်/မြေ ရောင်းချခြင်း | |
| ၂၀ | ဦးကျော်တင့် | အမှတ်-၂၃၃/၂၄၃၊ မင်းရဲကျော်စွာလမ်း၊ (၄၁) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (မရမ်းကုန်းမြို့နယ်) ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | အိမ်မြေတိုက်ခန်း ရောင်း | |
| ၂၁ | ဦးကျော်မြင့်(ခ) လင်အိပိန်း | အမှတ်(၂၉)၊ ပြည်လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ (ဗိုလ်တထောင်မြို့နယ်)၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | မြေ+အဆောက် အဦငှားရမ်းခြင်း | |
| ၂၂ | ဦးသန်းဌွေး | အမှတ်-၁၈၂/၁၂+၁၈၂/၁၊ မောင်ကျန်သီးလမ်းနှင့်ဗန်းမော်အတွင်းဝန်လမ်းထောင့်၊ ရွှေလင်ဗန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | မြေ+အဆောက် အဦငှားရမ်းခြင်း | |
| ၂၃ | ဒေါ်နွယ်နွယ်အောင်/ ဒေါ်လှကေခိုင် (မြေရောင်းချခြင်း) | အမှတ်-၃၂၊ ၇၅လမ်း (၂၆x၂၇)လမ်းကြား၊ စိတ္တရမဟီရပ်ကွက်၊ မန္တလေးမြို့+ အမှတ် (၂၉)၊ အခန်း(၁၀၄)၊ ဓမ္မရတနာလမ်း၊ ကျန်စစ်သားအိမ်ရာ၊ လှိုင်သာယာ (မင်္ဂလာဒုံမြို့နယ်)၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | မြေရောင်း ချခြင်း | |
| ၂၄ | ဦးစိန်မြင့် | အမှတ်(၃၂၆/အေ)၊ပြည်လမ်း၊ မြေနီကုန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | မြေကွက်ရောင်း ချခြင်း | |
| ၂၅ | ဦးစိုးမြင့်+ ဦးသန်းစိုးမြင့်+ ဦးခင်မောင်စိုး | အမှတ်- ခ/၆၁+ခ/၇၁+ဆ/၆၂၊ ကံ့ကော်လမ်းသွယ်(၄)၊ ဘုရင့်နောင်ပွဲရုံ၊(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | ပွဲရုံလုပ်ငန်း | |
| ၂၆ | ဦးအောင်ထွန်းလင်း(ခ) အောင်စိုးလင်း | အမှတ်- ၄၈၆/၄၈၇၊ ဦးဖိုးလှိုင်လမ်း၊ ရွှေလင်ဗန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | မြေ+အဆောက် အဦငှားရမ်းခြင်း | |
| ၂၇ | ဒေါ်ကြွေကြွေဇင် | အမှတ်- ၂၉၊ ကုန်းမြင့်ရိပ်သာလမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | မြေ+အဆောက် အဦငှားရမ်းခြင်း | |
| ၂၈ | ဦးသိန်းထွန်း | အမှတ်-၅၁၊ ပြည်ထောင်စုရိပ်သာလမ်း၊ ပြည်အနောက်ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | အိမ်/မြေ ငှားရမ်းခြင်း | |
| ၂၉ | ဒေါ်မိုးမိုးအောင်+ ဒေါ်ချိုချိုဝင်း | အမှတ် -၂၁၊ မြမာလာလမ်း၊ စက်မှုလက်မှုရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | အဆောက်အဦ ငှားရမ်းခြင်း | |
| ၃၀ | ဦးအောင်ဝင်း | အမှတ်-၁၉၈၊ ဝေဇယန္တာလမ်း၊ (၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | မြေရောင်းချခြင်း | |
| ၃၁ | ဒေါ်ဖြူဖြူ | အမှတ်-၃၀၆၊ သုဓမ္မာလမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | တိုက်ခန်း ငှားရမ်းခြင်း | |
| ၃၂ | ဒေါ်ရူပါမြင့် | International Language & Business Centre (Yangon) အမှတ်- ၃၄၊ လေးထောင့်ကန်လမ်း၊ တာမွေလေးရပ်ကွက်၊တာမွေ၊ (သင်္ဃန်းကျွန်းမြို့နယ်) ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | လစာဝင်ငွေခွန် ပေးဆောင်ခြင်း | |
| ၃၃ | ဦးချမ်းသာ | အမှတ်-၃၀၅၊ ဦးဝိစာရလမ်း၊ မြေနီကုန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | အိမ်/မြေ ရောင်းချခြင်း | |
| ၃၄ | ဦးထိန်မင်း+ဦးထိန်လင်း+ ဦးထိန်တင်+ဦးလှသိန်း | အမှတ်-၁၅၁/၁၅၂၊ တွင်းသင်းတိုက်ဝန် ဦးထွန်းညိုလမ်း၊ဇုန်-၁၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | မြေ+အဆောက် အဦငှားရမ်းခြင်း | |
| ၃၅ | ဦးအောင်ဇော်နိုင် | အမှတ်-၂၆၊ လေးဒေါင့်ကန်လမ်း၊ စ/သုမင်္ဂလာ ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | Junction ဇဝနငှားရမ်းခြင်း | |
| ၃၆ | ဦးစိုးလှိုင် | အမှတ် - ၅၆ ၊ ယောမင်းကြီးလမ်း၊ ဒဂုံ (ဗဟန်းမြို့နယ်)၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | အိမ်/မြေ ရောင်းချခြင်း | |
| ၃၇ | ဒေါ်သက်ထားရွှေစင်၊ ဒေါ်အေးချမ်းမြဖြိုး | အမှတ်-၂၁၊ စက်ရုံလမ်းသွယ်(၁)၊ ပြည်လမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | အိမ်ငှားရမ်းခြင်း | |
| ၃၈ | ဦးအေးစိုး | တွံတေး-ဒလ ကားလမ်းဘေး၊ တလုတ္တော်အုပ်စု၊ မူးလမန်းကျေးရွာ၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။" | ရန်ကုန် | ရွှေရည်ဝင်း အရက်ချက်စက်ရုံ | |
| ၃၉ | ဒေါ် ခိုင်ဇော် | အမှတ်- ၄၇၅/အေ၊ မိုးကုတ်လမ်း၊ စက်မှုဇုန်-၁၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | မြေကွက် ငှားရမ်းခြင်း | |
| ၄၀ | ဦးအောင်သိန်းလွင်+ ဦးနေလင်း+ ဦးအောင်သန်းဦး+ ဒေါ်အေးအေးမြင့် | အမှတ်- ၅၂၀/အေ၊ ၆/အေ၊ ကမ္ဘာအေးဘုရားလမ်း၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | နှင်းဆီကုန်းဆေးရုံ | |
| ၄၁ | ဦးမြင့်ဇော်(ရောဝတီဘဏ် လီမိတက်) | အမှတ်- ၄၁၆၊ (၂) ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | လစာဝင်ငွေခွန် ထမ်းဆောင်ခြင်း | |
| ၄၂ | ဦးကျင်ခဲ(ခ)ဦးသန်းနိုင်+ ဦးမောင်မောင်ထွေး | အမှတ်-အေ(၀၁-၀၁)ပလာဇာ၊ (၂)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | ရွှေလီရွှေဆိုင် | |
| ၄၃ | ဦးစိုင်းနွမ်း | အမှတ်-၁၃၊ သစ္စာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | အဆောက်အဦ ငှားရမ်းခြင်း | |
| ၄၄ | ဦးကျင်ဦး | အမှတ်- ၂၄၁ ၊ နွယ်နီလမ်း ၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | ပေါ်ပြူလာ ပလတ်စတစ် | |
| ၄၅ | ဒေါ်လေးမြင့် | အမှတ်- ၁၃၀/ ၆ ငါးထပ်ကြီးဘုရားလမ်း၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | ဦးသာရင်တိုင်းရင်းဆေးဝါး | |
| ၄၆ | ဒေါ်တင်မမမျိုး | အမှတ်- ၇၅ ၊ စက်မှုရတနာလမ်း၊ မေတ္တာညွန့် ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | ကန်ထရိုက်တိုက် ဆောက်လုပ်ခြင်း | |
| ၄၇ | ဦးတင်စိုး | အမှတ်-၁၄၈၊ရန်ပြေ-၁၀လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | မြင်းနီအရက် ပုလင်းသွပ်လုပ်ငန်း | |
| ၄၈ | ဒေါ်မဥ္ဇူမြင့် | The Tokyo Enterprise Co.,Ltd. အမှတ်-၃၂၊ ပြည်လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | လစာဝင်ငွေခွန် ထမ်းဆောင်ခြင်း | |
| ၄၉ | ဦးခင်မောင်ဝင်း | အမှတ်-၁၆၊ မြမာလာလမ်း၊ စက်မှုလက်မှုရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | လစာဝင်ငွေခွန် ထမ်းဆောင်ခြင်း | |
| ၅၀ | ဒေါ်ဇေဇင်လတ် | ကရဝိက်ဥယျာဉ်လမ်း၊ ကန်ပတ်လမ်း၊ ကရဝိက်ဥယျာဉ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | ဂိတ်ဝင်ကြေး | |

# စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

## ပြည်တွင်းအခွန်များဦးစီးဌာန

## ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံး ထမ်းဆောင်သည့် လုပ်ငန်းရှင်(၅၀)ဦးစာရင်း (ပုဂ္ဂလိက-မြန်မာကုမ္ပဏီ)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့် အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေ ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အပါအဝင် နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခွန်ထမ်းများအနက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သော(ပုဂ္ဂလိက- မြန်မာကုမ္ပဏီ) လုပ်ငန်းရှင် (၅၀) ဦး၏ စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ ကျန်ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သူမြန်မာကုမ္ပဏီ/ နိုင်ငံခြားကုမ္ပဏီ/ လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.ird.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်/ရန်ကုန်/မန္တလေး) များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

**ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး**

**၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သည့်**

**လုပ်ငန်းရှင်(၅၀)ဦးစာရင်း**

**(ပုဂ္ဂလိက-မြန်မာကုမ္ပဏီ)**

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | ရုံး/ဌာန တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | ဦးအောင်ကျော်ဝင်း | အမှတ်-၆၈၅၊ မဟာဗန္ဓုလလမ်း၊ (၃)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | ရွှေနန်းတော်ရွှေဆိုင် | |
| ၂ | ဦးတင်ဦး + ဒေါ်လှမြင့် | အမှတ်-၇၄၅/၇၄၆/၇၅၇/၇၃၁၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | ရွှေစင်ရတနာရွှေဆိုင် | |
| ၃ | ဦးကျော်မင်းဦး + ဦးဇော်မင်းဦး | G 07၊ ပုလဲကွန်ဒို၊ ဘီဆောင်၊ ကမ္ဘာအေးဘုရားလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | Lotteria စားသောက်ဆိုင် | |
| ၄ | ဦးကိုကိုကြီး | အမှတ်-၄၂/၃၀၅၊ အမှတ်(၄)လမ်းမကြီး၊ ဇုန်(၁)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | PT Power စက်သုံးဆီ | |
| ၅ | ဒေါ်ခင်ခင်စံ | အမှတ်-၁၆(ဘီ)၊ ပါရမီလမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | မင်းလမ်းမုန့်တီဆိုင် | |
| ၆ | ဦးအေးစိုး | တွံတေး-ဒလကားလမ်းဘေး၊ တလုတ္တော်အုပ်စု၊ မူးလမန်းကျေးရွာ၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | ရွှေရည်ဝင်း အရက်ချက်စက်ရုံ | |
| ၇ | ဦးစိုးနိုင်(MICA Power) | ငါးလုပ်ငန်းဦးစီးဌာနဝင်း၊ ဘုရင့်နောင်၊ ကြို့ကုန်းအနောက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | Trading စက်သုံးဆီ အရောင်းဆိုင် | |
| ၈ | ဦးအိုက်စံ(ခ)ဦးမြင့်မောင် | အမှတ်-၃၆၉၊ လေးထောင့်ကန်လမ်း၊ မိကျောင်းကန် အပိုင်း(၁) ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | ibisstyle Yangon stadium hotel+ စက်ရုံငှားရမ်းခြင်း | |
| ၉ | ဦးတင်စိုး | အမှတ်-၁၄၈၊ ရန်ပြေ-၁၀လမ်း၊ (၃)ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | မြင်းနီတံဆိပ် အရက်ပုလင်းသွတ် လုပ်ငန်း | |
| ၁၀ | ဦးကျော်နိုင် + ဒေါ်ခင်ခင်ဝင်း | အမှတ်-၇၇၊ အုန်းပင်လမ်း၊ ဈေးကြီး အရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | 77-Cake | |
| ၁၁ | ဦးကျင်ခဲ(ဆက်ခံ) ဦးသန်းနိုင်+ ဦးမောင်မောင်ထွေး | အမှတ်-အေ(၀၁-၀၁)ပလာဇာ၊ (၂)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | ရွှေလီရွှေဆိုင် | |
| ၁၂ | ဦးလှမြင့်ရွှေ | အမှတ်-၃၂/၃၃/၃၄/၃၅၊ ငွေပင်လယ်စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | မြေ+အဆောက်အဦး ငှားရမ်းခြင်း | |
| ၁၃ | ဦးမြင့်သောင်း+ ဦးချမ်းအောင်သောင်း+ ဦးချမ်းငြိမ်းသောင်း | အမှတ်- ၂၁၄၊ ဗိုလ်အောင်ကျော်လမ်း၊ ၈-ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | ဝဏ္ဏအောင် မြစ်/ကျောက်စလစ် လုပ်ငန်း | |
| ၁၄ | ဒေါ်ခင်ခင်ထွေး+ ဒေါ်ကြည်ကြည်ထွေး | အမှတ်-ဒီ/၃၊ မင်းဓမ္မလမ်း၊ မင်းဓမ္မအိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | ဂမုန်းပွင့် အရောင်းစင်တာငှား | |
| ၁၅ | ဦးစိုးညီညီ | အမှတ်-၁၂၄၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | FEEL Restaurant | |
| ၁၆ | ဦးတင်မောင်စိုး + ဒေါ်ဝင်းဝင်းမော် | အမှတ်-၇၅၊ လှည်းတန်းလမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | တာလီရွှေဆိုင် | |
| ၁၇ | ဦးကျော်စိုး + ဒေါ်ခင်အေးအေးသန်း | အမှတ်-စီ-၃၊ တပင်ရွှေထီးလမ်း၊ ဇုန်-၂၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | သူရိန်စတိုး + ကုန်မာဆိုင် | |
| ၁၈ | ဦးထွန်းအောင်ကျော် | အမှတ်-၆၅၇၊ မဟာဗန္ဓုလလမ်း၊ (၅)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | ပါဝါရွှေဆိုင် | |
| ၁၉ | ဒေါ်ယဉ်ယဉ်မွေး | အမှတ်-၆၆၃၊ မဟာဗန္ဓုလလမ်း(မ)၊ (၃)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | စိန်နန်းတော် ရွှေဆိုင် | |
| ၂၀ | ဒေါ်စန်းခင်(ခ) ဒေါ်မစ္ဆုသင်း | အမှတ်-၄၇၊ ကမ်းနားလမ်း၊ ငွေပင်လယ်စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | အော့ဖ်ဆက်နှင့် ပုံနှိပ်လုပ်ငန်း | |
| ၂၁ | ဦးအိုက်ထွေး | အမှတ်-၂၄၆-Q2/၂၄၆-R၊ မင်းကြီးမဟာမင်းခေါင်လမ်းနှင့်မောင်ပျိုးလမ်းထောင့်၊ ဇုန်-၂၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | မြေဌားရမ်းခြင်း | |
| ၂၂ | ဒေါ်အိမေလွင်+ဦးမြင့်ဇော်+ ဒေါ်နွယ်နီဦး | အမှတ်-၁၀၄/ဘီ၊ အင်းလျားလမ်း၊ (၉)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | Happy Cafe & Noodles | |
| ၂၃ | ဦးခင်မောင်ဦး | မြိုင်ဟေဝန်ပန်းခြံဝင်းလမ်း၊ ၈ မိုင်လမ်းဆုံ၊ ၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | ရွှေဘဲစားသောက်ဆိုင် | |
| ၂၄ | ဦးသိန်းဆု | အမှတ်-၄၉/၂၃၈/၂၃၉/၂၄၀၊ ဝါးတစ်ရာ စက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | မြေငှားရမ်းခြင်း | |
| ၂၅ | ဦးမြတ်ဆွေမြင့် | အမှတ်-၄၇၊ ဗဟိုလမ်း၊ ကရင်ခြံရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | ယူဂျီးနီးယား စားသောက်ဆိုင် | |
| ၂၆ | ဦးကျော်မင်းဦး + ဦးဇော်မင်းဦး | အမှတ်-၁၆၆၊ ဆူးလေဘုရားလမ်း၊ ၁ - ရပ်ကွက် + ၇၅/၈၁၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | Moon Bakery စားသောက်ဖွယ် ရောင်းချရေးလုပ်ငန်း | |
| ၂၇ | ဦးချစ်ခိုင် | အမှတ်-၁၁၆၊ တက္ကသိုလ်ရိပ်သာလမ်း၊ (၉)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | Fuji Coffee House | |
| ၂၈ | ဦးမောင်မောင်ဝင်း+ ဦးအောင်ဇော်မြင့်+ ဦးအောင်ဝင်း | အမှတ်-၆၇၈၊ မဟာဗန္ဓုလလမ်း(စုံ)၊ ၄-ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | စိန်ဂေဟာစတိုး | |
| ၂၉ | ဦးခင်မောင်ဦး (ရွှေဘဲစားသောက်ဆိုင်) | အမှတ်-၁/ ၅ အီး၊ ဆရာစံလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | (ရွှေဘဲ) စားသောက်ဆိုင် | |
| ၃၀ | ဒေါ်ဇေဇင်လတ် | ကရဝိက်ဥယျာဉ်လမ်း၊ ကန်ပတ်လမ်း၊ ကရဝိက်ဥယျာဉ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | ဂိတ်ဝင်ကြေး | |
| ၃၁ | ဦးအောင်သင်း+ ဒေါ်စန်းစန်းအေး | အမှတ်-၁၉၆၊ (၅)လမ်း၊ အနောက်ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | အိမ်ငှားရမ်းခြင်း | |
| ၃၂ | ဒေါ်ခင်မျိုးဦး | အမှတ်-၂၃/အေ၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | အိမ်ငှားရမ်းခြင်း | |
| ၃၃ | ဦးကျော်အောင် | အမှတ်-၁၉၂၊ စက်မှု(၁)လမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | (Imperial Garden) စားသောက်ဆိုင် | |
| ၃၄ | ဦးမျိုးသိန်းထွေး+ ဦးအောင်လင်း | ပြည်သူ့ရင်ပြင်ဝင်း၊ ပြည်အရှေ့၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | My Garden Restaurant | |
| ၃၅ | ဦးစိုးလွင် | တံတားဦးကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | အရက်ဆီ ထုတ်လုပ်မှု | |
| ၃၆ | ဦးညိုထွေး | အမှတ်-၁၄၂(ညီ)၊ ၃၈လမ်း၊ (၆)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | Innwa It & Mobile ကွန်ပြူတာ၊ ဖုန်းနှင့် ဖုန်းအပိုပစ္စည်းဆိုင် | |
| ၃၇ | ဒေါ်လောဆန်+ ဒေါ်သီတာဦး | အမှတ်-၂၆/၂၇၊ သစ္စာလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | Hot Pot King | |
| ၃၈ | ဒေါ်အုံးအုံးမြင့် | အမှတ်-၄၊ ဝေဇယန္တာလမ်း၊ မိချောင်းကန်(၁)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | El-dorado မုန့်တိုက် | |
| ၃၉ | ဦးခင်မောင်ဦး | ကန်တော်မင်္ဂလာပန်းခြံ၊ ဘုရားကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | (ရွှေဘဲ) စားသောက်ဆိုင် | |
| ၄၀ | ဒေါ်မြမဥ္စူ+ဦးထက်မြက်ဦး+ Mr Simon Sao+ Isabella sway Tin | အမှတ်-၇၇/၇၉(ပ-ထပ်)၊ ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | Rangoon Tea House စားသောက်ဖွယ် လုပ်ငန်း | |
| ၄၁ | ဒေါ်ချိုချိုဝင်း+ ဒေါ်သီသီဝင်း | အမှတ်-၁၇၄၊ အရှေ့ဘက်တန်း+၄၂၃၊၄၄၆ (မင်္ဂလာဈေး)ဗိုလ်ချုပ်ဈေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | ဖန်စီ၊ ကလစ်၊ ခေါင်းစည်းကြိုးမျိုးစုံ ရောင်းဝယ်ရေး | |
| ၄၂ | ဒေါ်ဝင်းဝင်းဌေး | စံချိန်မီကွက်သစ်၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၄၃ | ဦးကျင်ဦး | အမှတ်-၂၄၁၊ နွယ်နီလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | ပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်း | |
| ၄၄ | ဦးရဲထွန်း | အမှတ်-၅၁/ဒီ၊ ကမ္ဘာအေးဘုရားလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | အဆောက်အဦ ငှားရမ်းခြင်း | |
| ၄၅ | ဦးသူရရွှေ | အမှတ်-၄၉(ဘီ)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | ရွှေပုံနှိပ်တိုက် | |
| ၄၆ | ဒေါ်သွယ်သွယ်အေး | အမှတ်-၂၅၀၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ မာန်အောင်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | Thai Pot ဟော့ပေါ့ဆိုင် | |
| ၄၇ | ဦးထွန်းထွန်းနိုင် | အမှတ်-၄၀၄/ဘီ၊ ခရေပင်လမ်း၊ ဒညင်းကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | Trading စက်သုံးဆီ အရောင်းဆိုင် | |
| ၄၈ | ဦးသန်းဟန်+ဦးဌေးလွင်+ ဦးတင်မောင်မောင်မြတ် | အမှတ်-၁၉၅၊ ရေဇလာလမ်း၊ (င)စက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | ကျားခေါင်းအရက် ပုလင်းသွတ် | |
| ၄၉ | ဦးဇော်မင်း | အမှတ်-၂၇/ခ၊ သုမင်္ဂလာလမ်း၊ ဇဝနရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | Music Zone KTV | |
| ၅၀ | ဦးအောင်ထက်ဟန် | အမှတ်-ဘီ/၀၃/၀၄၊ လှည်းတန်းစင်တာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန် | The Spicy House | |

# မြတ်နိုးတန်ဖိုးထားစရာ မြန်မာ့မှန်စီရွှေချ အနုပညာ

**မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)**



ရှေးယခင်အခါက မြန်မာလူမျိုးတို့၏ ပန်းဆယ်မျိုး အတတ်ပညာရပ်ထဲတွင် မှန်စီရွှေချ အတတ်ပညာသည်လည်း တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။ ဤအတတ်သည် အနုစိတ် လက်မှုအနုပညာဖြစ်သည့်အလျောက် တတ်မြောက်သူများလည်း ရှားပါးသည်။ မှန်စီရွှေချပညာရပ်သည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် ဘုရားကျောင်းကန်များ၏ မျက်နှာကြက်များ၊ မုခ်ဦးတန်ဆောင်းများ၊ မင်းခမ်းမင်းနားအသုံးအဆောင်များ၊ ပလ္လင်နောက်ခံဒီဇိုင်းဆင်ယင်မှုများမှာ ကြွကြွလှလှနေရာယူခဲ့သည့် မြန်မာမှုအနုလက်ရာတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံအရပ်ရပ်ရှိ တန်ခိုးကြီးဘုရားများ၏ တန်ဆောင်းပြာသာဒ်များ၊ ဘုရားပလ္လင်တော်နှင့် ဂန္ဓကုဋီတိုက်နံရံများတွင်လည်းကောင်း အရောင်အမျိုးမျိုးရှိသည့် ဖန်စမှန်စတို့ဖြင့် စီခြယ်ထားသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ ဤသို့ မှန်ကျောက်တို့ဖြင့် စီမံခြယ်လှယ်ခြင်းကို ရှေးမြန်မာဘုရင်များ၏ နန်းတော်များနှင့် ဘုရား၊ ကျောင်း စသော သာသနိကအဆောက်အအုံများ၌ အထူးပြုလုပ်ခဲ့ကြသည်။

**ရှေးနှစ်ပေါင်းများစွာကတည်းကပင် ပေါ်ပေါက်**

ဤမှန်ကျောက်စီပညာသည် ယခုခေတ်မှသာ ပေါ်ပေါက်လာသည်မဟုတ်ဘဲ ရှေးနှစ်ပေါင်းများစွာကတည်းကပင် ပေါ်ပေါက်ခေတ်စားခဲ့သည်။ မှန်စီရွှေချပညာရပ်သည် ၁၆ ရာစုဝန်းကျင် ညောင်ရမ်းခေတ်၊ အမရပူရခေတ်၊ အင်းဝခေတ်ကာလမှ စတင်ခဲ့ခြင်းဖြစ်ပြီး မှန်ကြမ်းစီရွှေချနှင့် မှန်နုစီရွှေချဆိုပြီး နှစ်မျိုးနှစ်စား ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်။ မှန်ကြမ်းစီရွှေချဆိုသည်မှာ အရွယ်အစား တစ်လက်မထက်ပိုကြီးသောမှန်များကို ခပ်ကြီးကြီးဖြတ်ပြီး အနုမစိတ်ဘဲ ခပ်ကြမ်းကြမ်းစီထားသော လက်ရာများကို ခေါ်ခြင်းဖြစ်သည်။ ဘုရားစောင်းတန်းများ၊ မုခ်ဦးများမှာ တွေ့ရလေ့ရှိသော အရောင်တဖျပ်ဖျပ် မှန်စီရွှေချလက်ရာများသည် မှန်ကြမ်းစီရွှေချလက်ရာများပင် ဖြစ်သည်။

မှန်နုစီရွှေချဆိုသည်မှာ မှန်အကြည်ကိုသုံးခြင်းမဟုတ်ဘဲ အနောက်ဘက်တွင် ပြဒါးသုတ်ထားသော ကြည့်မှန်ကဲ့သို့ မှန်မျိုးနှင့် ရွှဲလုံးများကို လိုအပ်သလိုအသေးစိတ်ဖြတ်ကပ်ကာ သရိုးပန်းခင်းရုပ်ကြွများနှင့် ပံ့ပိုးထားသည့် အင်မတန်မှ အနုစိတ်သော ပညာရပ်တစ်ခုဖြစ်သည်ဟု မြန်မာမှုဗိသုကာပညာရှင် ဦးဝင်းမောင်(တမ္ပဝတီ)က ပြောသည်။ မြန်မာမှုအနုလက်ရာ မှန်စီရွှေချပညာရပ်သည် ၁၆ ရာစုအစောပိုင်းတွင် ပေါ်ပေါက်ခဲ့သော်လည်း လက်ရာအများစုမှာ ပျောက်ကွယ်ပျက်စီးခဲ့ပြီး ၁၉ ရာစုဝန်းကျင် ရတနာပုံခေတ်လက်ရာတချို့ကိုသာ တွေ့ရှိနိုင်တော့သည်ဟု ဦးဝင်းမောင်(တမ္ပဝတီ)က ပြောသည်။ အနည်းစုသာ ကျန်ရှိတော့သည့် ၁၉ ရာစုဝန်းကျင် ရတနာပုံခေတ် မှန်စီရွှေချလက်ရာများကို မန္တလေးမြို့ နန်းတွင်းပြတိုက်မှ ရတနာပုံခေတ် ဝတ်စားဆင်ယင်မှုနှင့် အသုံးအဆောင်များ ပြသထားသောအဆောင်၌ ထိန်းသိမ်းထားရှိသည်။ အင်မတန်အနုစိတ်ကာ ရှေးကျ၍ ပညာသားပါလှသော အမရပူရခေတ် မှန်စီရွှေချလက်ရာများကို မန္တလေးမြို့ ၂၆ လမ်းပေါ်မှ ရမည်းသင်းကျောင်းတိုက်တွင် တွေ့နိုင်ပေသည်။ ၁၆ ရာစုဝန်းကျင်မှ ရှေးမြန်မာမင်းတို့၏ မှန်စီရွှေချ အသုံးအဆောင်ပစ္စည်းများသည် ကျောက်မျက်ရတနာ အစစ်များဖြင့် ဖန်တီးစီခြယ်ခဲ့သော်လည်း ကုန်းဘောင်ခေတ်နောက်ပိုင်း မှန်စီရွှေချလက်ရာများကို မှန်များနှင့်သာ ဖန်တီးစီခြယ်ခဲ့ကြသည်။ ထိုကဲ့သို့ ဖန်တီးထားသောနေရာများတွင် ရွှဲလုံးများကို မိမိလိုချင်သော ဖြူ၊ နီ၊ ဝါ၊ ပြာ စသော အရောင်ထည့်ပြီး ခဲပိတ်ကာ ရောင်စုံမှန်များအဖြစ် ဖန်တီးပြုလုပ်ခဲ့ခြင်းဖြစ်သည်။



**သစ်စေးနှင့် သရိုးကို အခြေခံ**

ယွန်းထည်လုပ်ငန်းနှင့် ဆက်စပ်နေသော မြန်မာလက်မှုအနုပညာတစ်ရပ်မှာ မှန်စီရွှေချလုပ်ငန်းဖြစ်သည်။ မှန်စီရွှေချအတတ်သည် ယွန်းထည်၊ သစ်ပန်းပုထည်များကို ဆက်လက်မွမ်းမံသောလုပ်ငန်း ဖြစ်သည်။ ယွန်းထည်ကို မှန်စီရွှေချလုပ်ကိုင်ရာ၌ ယွန်းထည်၏လုပ်ငန်းအဆင့်ဆင့်အတိုင်း သစ်စေးနှင့် သရိုးကို အခြေခံအသုံးပြုရသည်။ ထိုလုပ်ငန်းတွင် အပိုင်းငါးပိုင်းခွဲခြားထားရာ–

(၁)ပြာတင်၊ ကျောက်တိုင်၊ သစ်စေးသုတ်ခြင်း

(၂) ကြိုးခင်းခြင်း

(၃) ပန်း၊ အရုပ်ဖော်ခြင်း

(၄) မှန်စီခြင်းနှင့်

(၅) ရွှေချခြင်း တို့ ဖြစ်ကြသည်။

မှန်စီရွှေချပြုလုပ်မည့် အထည်များကို ရှေးဦးစွာ အချောတိုက်ပေးရသည်။ စောင်းကဲ့သို့ ပစ္စည်းမျိုးဆိုလျှင် စပါးဖွဲကြမ်းကိုပြာချ၍ သစ်စေးစိမ်းနှင့်ရောကာ အထည်တစ်ခုလုံးကို သုတ်ပေးရသည်။ ယင်းသို့ပြုလုပ်ခြင်းကို ပြာတင်သည်ဟု ခေါ်သည်။ အချို့အထည်များကိုမူ သစ်စေးသုတ်လိုက်၊ ပြာဖြူးလိုက်ဖြင့် တစ်ထပ်စီ ပြာတင်ခြင်းပြုရသည်။ သစ်သားပန်းပုထည်များကိုမူ သစ်သားရှိ အနာအဆာပေါက်များ ပိတ်ဆို့ချောမွေ့သွားစေရန် သုံးဦးစပ်ဖြင့် ထေးပေးရသည်။ သုံးဦးစပ်ဆိုသည်မှာ သစ်စေးစိမ်း၊ လွှစာမှုန့်နှင့် ထမင်းရည်တို့ကို သုံးမျိုးစပ်၍ ထောင်းတေထားခြင်းဖြစ်ပြီး ထောင်းသရိုးဟုလည်း ခေါ်ကြသည်။ ထောင်းသရိုးနှင့် ထေး၍လည်းကောင်း၊ ပြာတင်ပြီးလျှင်လည်းကောင်း သစ်စေးအိပ်စေရန် တိုက်သွင်းရသည်။ သစ်စေးအိပ်လောက်သည့်ရက်တွင် ပြန်ထုတ်၍ ကျောက်တိုက်ရသည်။ ကျောက်တိုက်သည်ဆိုသည်မှာ ကျောက်ပွဖြင့် ချောစားပေးခြင်းဖြစ်လေသည်။ အထည်ကောင်းသည်ထက် ကောင်းစေလိုလျှင် ကျောက်တိုက်ပြီးလျှင် တစ်ဖန်ပြန်၍ သစ်စေးသုတ်ပေးရပြန်သည်။ ထို့ပြင် ကြိုးခင်းခြင်းသည် သရိုးကြိုးကို သစ်စေးအခံပေါ်တွင် လက်သည်းစောင်းဖြင့်နှိပ်၍ လက်ယာမှ လက်ဝဲသို့ တစ်စတစ်စ ကပ်ပေးသွားရခြင်းဖြစ်သည်။ တန်းကြိုးများသည် ပန်းများကို တစ်ကန့်စီ နယ်နိမိတ်သတ်မှတ်ပေးရသည်။

**မှန်စီရွှေချ လုပ်ငန်းသည် မြန်မာနိုင်ငံရှိ ရိုးရာလုပ်ငန်းများထဲတွင် မြတ်နိုးတန်ဖိုးထားစရာ လက်မှုလုပ်ငန်းဖြစ်သည့်အတွက် ယခုကဲ့သို့ ထိန်းသိမ်းထားနိုင်သည်မှာ ချီးကျူးဖွယ်ရာဖြစ်သည်။ ဆက်လက်၍လည်း မှန်စီရွှေချပညာရှင်များနှင့် ၎င်းတို့၏ အနုလက်ရာများကို မြန်မာ့မြေပေါ်တွင် ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ထားကြရမည်**

အထူးကဏ္ဍစာမျက်နှာ ၁ သို့ »»

»» အထူးကဏ္ဍစာမျက်နှာ က မှ

အရုပ်များဖော်မည်၊ မှန်များစီမည်ဆိုလျှင် ကြိုးခင်းကတည်းကပင် တိုင်းတာ၍ နေရာသတ်မှတ်ချန်လှပ်ထားရသည်။ မှန်မစီဘဲ ပန်းချည်းသက်သက်ဖော်ထားလျှင် ကြိုးနုခင်းသည်ဟု ခေါ်သည်။ ဖြတ်ထားပြီးမှန်ချပ်ကလေးများကို ထိပ်တွင် သရိုးအနည်းငယ်ပါသော တုတ်ကလေးဖြင့် တို့ယူပြီးနောက် ကြိုးခင်းသူ ချန်လှပ်ထားသောနေရာများတွင် သစ်စေးအခံပေါ်၌ ကပ်ပေးရသည်။ ဆစ်တန်းဟု ခေါ်သော မှန်ကလေးများသည် အလျားရှည်၍ အနံတိုသည်။ မှန်ကလေးများဖြင့် အပွင့်ပြုလုပ်လျှင် ခြယ်သည်ဟု ခေါ်သည်။ အပွင့်ခြယ်ရာ၌ အလယ်တွင် ကျောက်ပြာထည့်လျှင် ဘေးမှကျောက်ဖြူဖြင့် ရံပေးရသည်။ ပုလဲ၊ ပလာဖြူ၊ ပြောင်ပြာ၊ မန်းကျည်းရွက်၊ ခြောက်ကွက်တွက်စသည်ဖြင့် ကျောက်တုမျိုးစုံရှိသည်။ အစီအခြယ်သမားများသည် အသွေးအရောင် လိုက်လျောမှု၊ တောက်ပမှုတို့ကို နားလည်၍ ပန်းချီမျက်စိရှိရန် လိုလေသည်။

### ကြိုးဖုံးရည်သုတ်ပေးရ

မှန်မစီဘဲ ကြိုးနုခင်းသည့် ယွန်းထည်ဖြစ်လျှင် ကြိုးခင်းပြီး၍ သုံးလေးရက်အတွင်းကြိုးဖုံးရည် သုတ်ပေးရသည်။ သို့မှသာ ပန်းများခိုင်မြဲသည်ဟု ဆိုသည်။ မှန်စီထည်ဖြစ်လျှင် မှန်ဖုံးရည်သုတ်ရသည်။ သို့မှသာ ရွှေချပြီးသောအခါ မှန်ခွာ၍လွယ်သည်။ ကြိုးဖုံးရည်၊ မှန်ဖုံးရည်တို့သည် သစ်စေးကို ရေရောထားခြင်းဖြစ်သည်။ ထိုအရည်များသုတ်ပြီးလျှင် တိုက်သွင်း၍ အိပ်အောင်ထားရသည်။ အရောင်ရည်များထပ်တလဲလဲသုတ်၍ စိတ်ကြိုက်အရောင်တက်လာသောအခါ နောက်ဆုံးဖြစ်သော ရွှေခံရည်ကို သုတ်ရသည်။ ရွှေခံရည်သည် စံကားဝါရောင်ဆေးကို ရေနွေးဖျော၍ သစ်စေးနှင့် ရောထားခြင်းဖြစ်သည်။ ရွှေခံရည် မသုတ်မီ သစ်စေးသုတ်ပြီးတိုင်း တိုက်သွင်းရသည်။ မြေတိုက်မှထုတ်တိုင်း ပန်းများလွတ်သော နေရာပြောင်ကွက်လပ်များကို ကျောက်တိုက်ပေးရသည်။ ရွှေခံရည်သုတ်ပြီးလျှင်မူ ကျောက်မတိုက်ရတော့ပေ။

ရွှေခံရည်အိပ်သောအခါ ရွှေချမည့် နေရာလွတ်ဟူသမျှကို ဟသ်ာပြဒါးနှင့် သစ်စေးရော၍ သုတ်ရသည်။ သစ်စေး၏ သဘာဝမှာ သစ်စေးစစ်လျှင်ကျဲ၍ ရေရောလေပျစ်လေဖြစ်သည်။ ရွှေချမည့်သစ်စေးမှာ အစေးနည်းရန် ရေရောထားသဖြင့် အလွန်ပျစ်သည်။ ယင်းကိုဂွမ်းဖြင့်တို့ယူ၍ ရွှေချမည့် နေရာများတွင် သုတ်ပေးရသည်။ ဂွမ်းနှင့်တို့မရသည့် နေရာများကို ဝက်မွေးစုတ်တံနှင့် ခပ်ပေးရသည်။ ထို့နောက် ထိုနေရာများတွင် သစ်စေးပြောင်သွားအောင် ဂွမ်းဖြင့်ပင်ပွတ်ပေးရသည်။ ယင်းသို့ သစ်စေးကိုဂွမ်းဖြင့်သုတ်ပြန်၍ပွတ်ခြင်းကို အသုတ်အနုတ်ပြုသည်ဟု ခေါ်သည်။ စင်စစ်အားဖြင့် ရွှေချခြင်းသည် သစ်စေးအငွေ့ကလေးမျှဖြင့် ကပ်နေစေခြင်းဖြစ်သည်။

### တစ်မျိုးတစ်ဖုံ ခန့်ညားတင့်တယ်

သစ်စေးသုတ်နုတ်ထားသောနေရာများတွင် ရွှေဆိုင်းပြားများကို တစ်ခုချင်းစီ၍ ကပ်သည်။ ဂွမ်းဖြင့်ဖိပေးသည်။ ရွှေပေါက်သောနေရာများကိုဖာထေးရသည်။ ရွှေအဆိုင်းလိုက်မဝင်သော ပန်းများနေရာတွင် နွားနားမွေးစုတ်ဖြင့် ရွှေကို တို့ယူရသည်။ ပြီးနောက် ဖြူစင်သောဂွမ်းဖြင့် ရွှေချထားပြီးသောနေရာများကို ခပ်ဖွဖွပွတ်ပေးခြင်းဖြင့် ရွှေရောင်ဝင်းလက်တောက်ပြောင်စေလေသည်။ မှန်စီရွှေချရာတွင် အောက်ခံယွန်းထည် သစ်သားထည်များကို အပေါက်အပွဲ၊ အဖုအထစ်မရှိရအောင် ဖာထေးပြုပြင်ရသည်။ ပြီးလျှင် သစ်စေး၊ သရိုးနှင့် အခံရည်တို့ကို အထပ်ထပ်သုတ်ပေးခြင်းဖြင့် အောက်ခံအထည်များကိုပိုးမွှားဖျက်ဆီးခြင်း၊ ရာသီဥတုဒဏ်ခံရခြင်းတို့မှ ကာကွယ်ပေးသည်။ ထို့ကြောင့် မှန်စီရွှေချခြင်းသည် ယွန်းပညာရှင်၊ ပန်းပုပညာရှင်တို့၏ လက်ရာများကို ကာလရှည်ကြာစွာ ခိုင်ခံ့စေသည်။ ရွှေရောင် မှန်ရောင်တဝင်းဝင်းဖြင့် တစ်မျိုးတစ်ဖုံ ခန့်ညားတင့်တယ်စေပေသည်။



ယနေ့ခေတ်မှာတော့ မှန်စီရွှေချလက်ရာအများစု၏ မှန်များသည် ရွှဲလုံးများနှင့်ဖန်တီးထားသော မှန်များမဟုတ်ဘဲ ရောင်စုံမှုတ်ဆေးများခြယ်သထားသော မှန်များပင်ဖြစ်သည်။ မှန်နောက်တွင် ခဲပိတ်သည်မျိုးမရှိတော့ဘဲ ခဲပိတ်သောနေရာ၌ ခဲရောင်မှုတ်ဆေးကို အသုံးပြုထားခြင်းဖြစ်သည်။ ထို့ကြောင့် မှန်၏အရည်အသွေးကို နိမ့်ကျသွားသကဲ့သို့ တာရှည်ခံမှုမှာလည်း ကွာခြားသွားသည်။ ရှေးယခင်ခေတ်ကာလမှန်စီလက်ရာမှန်များသည် ယခုခေတ်အထိ အဝတ်နဲ့တိုက်လိုက်ရင် ပြောင်လက်သွားသည်။ ယခုခေတ်မှာ ၎င်းမှန်မျိုးကို မရတော့ချေ။ ယခုခေတ်တွင် မှန်စီလက်ရာကောင်းကောင်းလုပ်ချင်ပါက ယခင် မှန်စီလက်ရာများထဲမှ ဟောင်းနွမ်းစုတ်ပြတ်၍ မသုံးတော့သော ပစ္စည်းဟောင်းများကို ရှာဖွေစုဆောင်းရသည်။ ထို့နောက်မှ ကိုယ်ဖန်တီးမှုလက်ရာများတွင် ပြန်လည်ထည့်သွင်း လုပ်ကိုင်ကြသည်။

၁၉၇၀ ပြည့်နှစ် ဝန်းကျင်ခန့်က ခေတ်စားသောမှန်ကို လိုအပ်သလို အဝိုင်း၊ လေးထောင့်၊ ဆန္ဒွင်းမကင်းပုံဖြတ်ပြီး အင်္ဂတေနှင့်ကပ်သောပညာရပ်များသည် ယနေ့ခေတ်၌ လုပ်ကိုင်သူနည်းပါးလာသည်။ ၎င်းပညာရပ်သည် မှန်နုစီရွှေချပညာရပ်လောက် အနုမစိတ်သော်လည်း ပညာသားပါသောပညာရပ်တစ်ခုဖြစ်သည်။ လက်ရာမြောက်သော မှန်ကြမ်းစီ ရွှေချနံရံတစ်ချပ်သည် ပန်းချီကားတစ်ချပ်ကဲ့သို့ လှပသေသပ်အောင် ဖန်တီးလုပ်ဆောင်ရသော ပညာရပ်ဖြစ်သည်။

မှန်ကြမ်းစီရွှေချ နံရံတစ်ချပ်ဖြစ်လာရန် မှန်မစီခင်၌ လိုအပ်သောဒီဇိုင်းပုံကြမ်းကို ဦးစွာဆွဲပြီး မည်သည့်နေရာတွင် မှန်ဝိုင်းသုံးမည်၊ မည်သည့်နေရာတွင် မှန်လေးထောင့်သုံးမည်၊ မည်သည့်နေရာတွင် မှန်အနီရောင်သုံးမည်၊ မည်သည့်နေရာတွင် အဝါရောင်သုံးမည်၊ မည်သည့်နေရာတွင် အရောင်မပါသောမှန်သုံးမည်၊ မည်သည့်နေရာကို ကနုတ်လုပ်ထားမည်၊ ထိုကနုတ်အတိုင်း မှန်နှင့်ပုံဖော်ရမည်ဆိုသည်များကို တွက်ချက်ရခြင်းဖြစ်သည်။ ကြာရှည်ခံအောင် အင်္ဂတေကို အချိုးကျဖော်စပ်ရသည်။ အင်္ဂတေဖော်စပ်မှုမကောင်းလျှင် မှန်စီလက်ရာမည်မျှကောင်းကောင်း ကြာရှည်ခံရန် မလွယ်ကူလှပေ။ မှန်စီသောနေရာတွင် စကေးမှာအဓိကကျလှသည်။ မှန်မစီမီ ကြိုတင်တွက်ထားရသည်။ မိမိတွက်ထားသောစကေးအတိုင်း မှန်စီသောအခါ တိကျရန်လိုသည်။ မှန်စီသမားမှာ အင်္ဂတေမစိုမခြောက်၌ မည်သည့်အနေအထားလောက်တွင် ကပ်ရမည်ဆိုသည်ကို သိရှိထားရန်လိုပေသည်။ အင်္ဂတေနှင့် မှန်ကြမ်းစီသောနေရာတွင် ယခင်ခေတ်ကာလမှ မှန်စီဆရာများသည် မှန်ကောင်းရစေရန် ပြဒါးကို ကိုယ်တိုင်သုတ်ပြီး စီကြခြင်းဖြစ်ပြီး အနောက်ဘက်မှ ပြဒါးထူသည့်အတွက် မှန်မှာလည်း ပို၍ တာရှည်ခံသည်။

### ထိန်းသိမ်းစောင့်ရှောက်

ယနေ့ခေတ်တွင် မှန်စီဆရာများက မှန်ကို ကိုယ်တိုင်မလုပ်ကြတော့ဘဲ အသင့်သုံးမှန်များကိုအသုံးပြုပြီး ပြဒါးကိုလည်း ခပ်ပါးပါးသာ အသုံးပြုသည့်အတွက် တာရှည်မခံနိုင်ပေ။ မှန်စီရွှေချထည်များ၌လည်း ခြူးပန်းခြူးနွယ်များ၊ ဘုရင်၊ မိဖုရား၊ မင်းညီမင်းသားအရုပ်များ၊ ဂဠုန်၊ နဂါး အစရှိသောအရုပ်များဖြင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာရပ်များကို ရှုချင်စဖွယ် မွမ်းမံတန်ဆာဆင်ထားသည်။ ထို့ကြောင့် ယဉ်ကျေးမှုအနုပညာသရုပ်ပြ ယွန်းထည်၊ မှန်စီရွှေချထည်များကား အလွန်လက်ဝင်လှသည်။ အနုစိတ်လှသည်။ လုပ်ငန်းကျယ်ပြန့်သည့်အလျောက် အချိန်ကုန်ပေသည်။ ထိုလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူပညာရှင်များမှာ စိတ်ပါဝင်စားပြီး ဘက်စုံကျွမ်းကျင်လိမ္မာမှုရှိနေရန်လည်း လိုအပ်ပေသည်။ မှန်စီရွှေချလုပ်ငန်းသည် မြန်မာနိုင်ငံရှိရိုးရာလုပ်ငန်းများထဲတွင် မြတ်နိုးတန်ဖိုးထားစရာ လက်မှုလုပ်ငန်းဖြစ်သည့်အတွက် ယခုကဲ့သို့ ထိန်းသိမ်းထားနိုင်သည်မှာ ချီးကျူးဖွယ်ရာ ဖြစ်သည်။ ဆက်လက်၍လည်း မှန်စီရွှေချပညာရှင်များနှင့် ၎င်းတို့၏ အနုလက်ရာများကို မြန်မာ့မြေပေါ်တွင် ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ထားကြရမည် ဖြစ်ပါတော့သည်။

**ကိုးကား**

- မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၀)
- https://myanmar.mmtimes.com/news/104319.html





## ပြည်ထောင်စုလှေကြီး အတူတူစီး

တို့နေထိုင်တဲ့ မြန်ပြည်တွင်
တိုင်းရင်းသားတွေ ပေါင်းစုနှင်း။
ကချင်,ကယား ကရင်,ချင်း
တွဲလက်မပြတ် ရှေ့သို့နှင်း။
တစ်အူထုံ့ဆင်း ညီကိုတွေ
ချစ်ကြည်ရင်းနှီး ပေါင်းစပ်ပေ
ပန်းတိုင်သို့လေ ဦးတည်သွား
ညီညွတ်ခြင်းရဲ့ စွမ်းပကား။
ညီနောင်သားချင်း စိတ်ထားဖြူ
စိတ်ဝမ်းမကွဲ တို့အတူတူ။
ဖေးမကာကူ စဉ်အမြဲ
ဘယ်သူခွဲခွဲ တို့မကွဲ။
လက်တွဲမဖြုတ် တို့တစ်တွေ
မေတ္တာခေတ်တို့ ခိုင်ပါစေ။
ပြည်ထောင်စုလှေ အတူတူစီး
အောင်ပန်းဆက်မယ့် သည်ခရီး
တစ်နေ့နေ့တော့ ပန်းတိုင်နီး။

မောင်လင်းကို(ပညာရေး)

## စာဆိုတော်တို့ အလင်္ကာ

ရေးဖွဲ့ပေလှာ၊ ဗိသုကာနှင့်
ကျောက်စာမော်ကွန်း၊ စိုက်ထူညွှန်းသည်
လဝန်းပမာ လင်းလက်ဝေ။
စာတိုပေစ၊ လင်္ကာလှလျှင်
သက္ကရာဇ်အို၊ သမိုင်းပျိုလိမ့်
နဂိုရင်းစွဲတည်မြဲစေ။
ကာလရှည်လျား၊ ဆင့်ဆင့်ပွားလိမ့်
ရေးသားမှတ်တမ်း၊ စာဆိုစွမ်းခဲ့
ဆင့်ကမ်းမျိုးဆက်၊ နောင်သားသက်တိုင်
မပျက်ယွင်းစေထားသက်သေ။
ဘိုးဘွားဘီဘင်၊ စာဆိုရှင်တို့
လင်္ကာရသ၊ ရေးဖွဲ့ကြ၍
ဘဝဖုံဖုံ၊ ခေတ်စုံစုံလျှင်
မကြုံသော်လည်းသိနိုင်စေ။
စာဆိုတော်များ
ရည်မျှော်အတွေး၊ နောင်သားမြေးတိုင်
ကွာဝေးခေတ်ဆက်၊ ကလောင်သက်ဖြင့်
ရှန်းလက်ဝေမြဲဝေဆဲလေ။ ။

ဂျိန်း(မနောမြေ)

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

[စာတည်း]

# တိုင်းရင်းသားတို့ကို ရိုင်းပင်းစကား ဆိုပါမည်

တက္ကသိုလ်တင်ခ

မြန်မာစာအဖွဲ့ဝင် ဆရာမကြီး ဒေါ်ရှိန်းပိုင် ကြိုးစားအားထုတ် ရေးသားပြုစုထားသော ချင်းတိုင်းရင်းသား ကလေးချော့တေးစာစုကို ဂုဏ်ပြုဖော်ပြလိုပါသဖြင့် ဤအမှာစကားကို "တိုင်းရင်းသားတို့ကို ရိုင်းပင်းစကားဆိုပါမည်" ဟု ဖော်ညွှန်းမော်ကွန်းတင်အပ်ပါသည်။

ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်သော နိုင်ငံဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျွန်တော့်အနေဖြင့် စာရေးသူအမည်ပေးထားသော ရိုးရာသားချော့တေးတစ်ခုကို အမှာစကား ဟုရေးသားခြင်းမဟုတ်၊ စာပေမျိုးနွယ်စု တိုင်းရင်းသားတစ်ဦး အနေဖြင့် နိဒါန်းဖွင့်လိုပါသည်။

တကယ်ဆိုမူ ကျွန်တော်သည် ဘာသာဗေဒပညာရှင်တစ်ဦးမဟုတ်ပေ။ ကျွန်တော်သည် စကားပြေထက် ကဗျာကို ပိုမိုနှစ်သက်မိပါသည်။ ကျွန်တော်၏ ကလောင်အမည်ကို စတင်ယူစဉ်ကပင် ၁၉၅၇ ခုနှစ် မြန်မာ့အလင်း သတင်းစာ သကြံန်အထူးထုတ်တွင် "ပွဲသဘင် မန္တလေးချင် ဘဝင် နွမ်းကာပ" လေးချိုးကဗျာဖြင့် အမှတ်တရ ဖော်ပြခြင်းခံခဲ့ရပါသည်။

ထို့ကြောင့်ပင် ဆရာမကြီး ဒေါ်ရှိန်းပိုင် ဘာသာဗေဒပညာရှင် ပြုစုသော သားချော့တေးစာစုကို "တိုင်းရင်းသားတို့ကို ရိုင်းပင်းစကားဆိုပါမည်" ဟု ဂုဏ်ပြုရေးသားထားပါသည်။ ကျွန်တော်သည် စစ်တက္ကသိုလ် မြန်မာစာဌာနတွင် ကထိကဌာနမှူးတာဝန်ယူစဉ်ကပင် ကျွန်တော့် ယာဉ်မောင်းမှာ ချင်းတိုင်းရင်းသား "ဒိုးပုံ" ဖြစ်ပါသည်။ သူသည် ရိုးသားကြိုးစားတာဝန်ထမ်းခဲ့သူဖြစ်၍ ကျွန်တော့်မိသားစုဆွေမျိုးသားချင်းပမာ ခင်မင်စွာ ဆက်ဆံခဲ့ပါသည်။

ကျွန်တော်သည် အဆိုပါတက္ကသိုလ်တွင် မြန်မာစာဌာန၌ နည်းပြ၊ လက်ထောက်ကထိက၊ ပါမောက္ခဘဝဖြစ်စဉ် တိုင်းရင်းသားမိသားစုများ၏ သားချင်း ဗိုလ်လောင်းများကို စာပေပညာကို တတ်စွမ်းသမျှ ကြိုးပမ်းသင်ကြားပေးခဲ့ပါသည်။ ထို့ကြောင့် ယခု ဆရာမကြီး ဒေါ်ရှိန်းပိုင်၏ သားချော့တေးစာစုကို အမှာစာသဘောမဟုတ်၊ ရဲဘော်ရဲဘက် ညီနောင်သွေးချင်းပမာ ရေးခြင်းသာဖြစ်ပါကြောင်း သတင်းကောင်းပါးလိုပါသည်။

သူ၏ကလေးချော့တေး လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး ကိုးလလွယ်ဆယ်လမွေး ရင်သွေးနီတာထွေးလေးများအကြောင်း ရေးသားချက်များကို ဖတ်ရှုလေ့လာရပါသဖြင့် မိဘကျေးဇူးကို အထူးဆပ်သည့်အနေဖြင့် ရင်ထဲမှ လှိုက်လှဲစွာ ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

**"တွတ်တီးတွတ်တာ မပီကလာ ပီကလာ**
**စကားပြောတတ်ပြီဆိုလျှင် မိခင်နှင့် အဘွား၏**
**နှုတ်ကကြားရသည့် အချော့တေးကို သံယောင်လိုက်တတ်လာသည်။"**
**မေမေဘာလုပ်**
**မေမေဘာလုပ်၊ တကုပ်ကုပ်၊**
**ယာတောလယ်မှာ အလုပ်ရှုပ်၊**
**မေမေကလုပ်၊ တကုပ်ကုပ်။**

သားချော့တေးကို နားထောင်ရင်း ကလေးသည် ကြည်လင်ရွှင်ပျလာသည်။ အဘွားသည် အိမ်မှုဝေယျာကိစ္စကို ဆောင်ရွက်ရင်း ကလေးကို ထိန်းကျောင်းရသည်။ အဘွားလက်ကိုဆွဲကာ အဘွားသွားရာနောက်ကို တကောက်ကောက်လိုက်ရပါသည်။ ကလေးသဘာဝ မြင်သမျှ တွေ့သမျှကို စိတ်ဝင်စားသည်။ စူးစမ်းသည်။ စပ်စုသည်။ မေးမြန်းသည်။ ပတ်ဝန်းကျင်ကို ထိတွေ့ရင်းနှီးလာ၍ အာရုံစိုက်လာသည်။ အဘွားလုပ်သည်ကို ပါဝင်လိုစိတ် ဆောင်ရွက်လိုစိတ် တာဝန်ယူလိုစိတ်ဖြစ်လာရသည်။

ဆရာမကြီး ဒေါ်ရှိန်းပိုင်သည် ရေးဟန်သွက်သွက် အချက်အလက်စုံစုံ သံစုံတီးဝိုင်းပမာ ကလေးချော့တေးများကို မြည်သံစွဲအလင်္ကာဖြင့် တန်ဆာဆင်ရင်ဖွင့်ပြနိုင်ပေသည်။

**ထို့အတူ**
**ကြက်ကလေး၏ အမှာစကား**
**ဖျာကြီးဖျာကြီး၊ ကြိမ်ဖျာကြီး၊**
**ကျယ်ကာကြီးတာ မိုးလောက်နီး၊**
**သီးနှံစပါးဖြိုးကြွယ်ဝ၊**
**ကြိမ်ဖျာကြီးနှင့်အပြည့်အဝ။**

ကြက်၊ ဝက်၊ နွားနောက်များကို မွေးမြူသကဲ့သို့ ခွေးကိုလည်း အမြတ်တနိုး မွေးလေ့ရှိပုံ စသည်ကို သွက်သွက်လက်လက် တေးသံစုံတီးဝိုင်းပမာ ရေးပြနိုင်စွမ်းရှိသည်ကို တွေ့ရပါသည်။

ဤသို့ဖြင့် ဆရာမကြီး ဒေါ်ရှိန်းပိုင်သည် "စွမ်းရည်ကိုယ်စီ"ကဗျာဖြင့် ကြက်၊ ဝက်၊ နွားနောက်အစုံအညီ သံစုံတီးဝိုင်းပမာ စီကာစဉ်ကာ ရေးပြထားသဖြင့် ရသစုံ အတွေးစုံရေးပုံကောင်းမွန်ကြောင်း လေ့လာပါက တွေ့လာရမည်ဖြစ်ပါသည်။

စာရေးသူသည် "အထွေထွေ သားချော့တေး" အကြောင်းကို ကလေးအရွယ် လူမမယ်လေးများ အတွေးပွားအောင် ရေးသားစွမ်းဆောင်နိုင်ပါသည်။

**"ငါးကလေးတွေဖမ်းကြစို့"**
**သားချော့တေးကဗျာတွင်**
**ပူးမမအွဲ (ပုံပြင်) လေးရေ**
**ငါးပေးပါအုန်း၊**
**ရေကြည်နောက်လို့ငါးမရပါကွယ်၊**
**ဘာကြောင့်ရေကြည်နောက်ရပါတယ်**
**ပုစွန်လုံးခြစ်လို့ နောက်ရပါတယ်**
**ဘာကြောင့်ပုစွန်လုံးခြစ်ရပါတယ်**
**ကျောက်တုံးပိလို့ခြစ်ရပါတယ်**
**ဘာကြောင့်ကျောက်တုံးပိရပါတယ်**
**သစ်ကိုင်းကျိုးလို့ပိရပါတယ်**
**ဘာကြောင့်သစ်ကိုင်းကျိုးရပါတယ်**
**မျောက်ခုန်ကူးလို့ကျိုးကျပါတယ်**
**ဘာကြောင့်မျောက်ကလေးခုန်ကူးပါတယ်**
**ခွေးလေးဟောင်လို့ခုန်ကူးပါတယ်**
**ဘာကြောင့်ခွေးလေးဟောင်ရပါတယ်**
**သခင်ခိုင်းလို့ဟောင်ရပါတယ်**
**ဘာကြောင့်သခင်ခိုင်းရပါတယ်**
**ရေကြည်သွားပြီ ငါးကလေးတွေ ဖမ်းကြစို့။**

ကလေးသဘာဝရေးပြပုံ "ပြည့်စုံ" ထူးခြားပါသည်။

ချိုးတိုင်းရင်းသားရိုးရာဓလေ့တွင် မိခင်သည် ကိုယ်ဝန်ဆောင်လွယ်ရပြီဆိုလျှင် မွေးဖွားပြီးနောက်မကြာမီ ကင်ပွန်းမင်္ဂလာကျင်းပပုံကို ပြည့်စုံစွာ ရေးသားထားကြောင်း တွေ့ရပါသည်။ ကလေးသဘာဝ ကစားရာမှ ပညာရှာရပုံဓလေ့ကို အထူးပုံဖော်ရေးပြထားကြောင်း အထူးပြုလေ့လာနိုင်ပါသည်။

**နိဂုံးသုံးသပ်ချက်**

ချိုးတိုင်းရင်းသားများသည် မျိုးနွယ်စုအလိုက်စုဖွဲ့၍နေထိုင်သောဓလေ့ရှိကြောင်းတွေ့ရသည်။ မိသားစုအချင်းချင်း ဝိုင်းဝန်းစုပေါင်း တာဝန်ယူဆောင်ရွက်လေ့ရှိသည်။ သာရေးနာရေးကိစ္စများတွင် စုပေါင်းတာဝန်ယူဖြေရှင်းပေးလေ့ရှိသည်။ စည်းလုံးညီညွတ်မှု၊ တရားမျှတ တာဝန်ယူမှု၊ အမိန့်နာခံမှု၊ စည်းကမ်းဓလေ့ လိုက်နာတာဝန်ယူမှု ဓလေ့ကောင်းကို တွေ့ရသည်။

လုပ်ငန်းများဆောင်ရွက်ရာတွင် လက်စားလိုက်ဆောင်ရွက်သည့်စနစ်ကိုသုံးသည်။ လုပ်အား၊ တန်ဖိုးကို ချစ်မြတ်နိုးစေတနာထားတတ်ရန် အလေ့အကျင့်ဖန်တီးပေးသည်။ ကလေးငယ်များသည် မိဘများကို အလေ့အကျင့်အလိုက် လိုက်နာကျင့်သုံးလေ့ရှိသည်။ စုပေါင်းတာဝန်ယူရသလို တစ်ဦးချင်းကိုယ်စီ တာဝန်ယူရသည်။ တာဝန်ကိုယ်စီယူကာ အမေးအဖြေပြုလုပ်လေ့ရှိသည်။

သားချော့တေး ကဗျာစု စာအုပ်သည် ရှေးထုံးစဉ်လာ ရိုးရာဓလေ့ကို လိုက်နာကျင့်သုံးကြောင်း "တာဝန်ကိုယ်စီ" ယူရသည့်သဘောကို တွေ့ရပေသည်။ ပြည်ထောင်စုတိုင်းရင်းသား ဓလေ့ထုံးစံ၊ ကိုယ်စီတာဝန်၊ အဖွဲ့တာဝန်၊ စည်းကမ်းလိုက်နာမှု၊ တာဝန်သိတတ်မှု ၊ အကျင့်စာရိတ္တထိန်းသိမ်းမှုအစုစုခွဲခြားစုပေါင်း ညီညာလိုက်နာသည့် အကျင့်ကောင်း အကျင့်မြတ်ဖြစ်ကြောင်း ခြုံငုံသုံးသပ် လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် မြန်မာ့ဂီတသည် အစဉ်အလာ ရင့်ကျက်တည်ငြိမ်ကောင်းမွန်သော ဓလေ့ရှိသကဲ့သို့ ချိုးတိုင်းရင်းသား တေးဂီတဓလေ့စရိုက်သည် သူ့သဘာဝ၊ သူ့ဓလေ့၊ သူ့စည်းကမ်းနှင့်အညီ အစဉ်အလာထိန်းသိမ်းလိုက်နာကောင်းမွန်ကြောင်း ခြုံငုံသုံးသပ် တွေ့ရှိမှတ်တမ်းတင်လိုပေသည်။

# အင်းလေးဒေသ၏ နှစ်သက်စရာပုံရိပ်များ

ဗေဒါမောင်[ပညာရေး]

(ဒီဇင်ဘာ ၁၄ ရက်မှအဆက်)

မိမိလှေပေါ်တွင်ရှိသည့် အဖွဲ့သားအားလုံး တက်ညီလက်ညီရှိခြင်းဖြင့် ညီတူညာတူကြိုးစားမှုသာ အောင်မြင်မှုကို ရရှိသည်ဖြစ်၏။ အောင်မြင်မှုတစ်ခုရဖို့အတွက် မိမိတစ်ဦးတည်း ကြိုးစားရသည်မှာပင် ထင်သလောက်မလွယ်ကူ။ ဒုက္ခတွေကို ဖွဲ့နပဲရှိရှိဖြင့် ရင်ဆိုင်ရသလို စိတ်ဓာတ်ခိုင်မာဖို့လည်း အမှန်ပင်လိုအပ်သည်။ လူစုလူဝေးအများနှင့် ပူးပေါင်းကြိုးစားမှုတွင် ဖွဲ့နပဲဆိုသည့် စိတ်ဓာတ်တွေအပြင် တစ်ဦးနှင့်တစ်ဦး နားလည်မှုတွေပါရှိကြရပေမည်။ လူတစ်ဦး စိတ်တစ်မျိုးဆိုသည့်အတိုင်း လူသားအများစု၏ စိတ်ထားများကို တစ်နေရာတည်းသို့ စိတ်အာရုံတစ်ခုတည်းအဖြစ် ဖန်တီးကြရခြင်းဖို့ အင်မတန်မှ ခက်ခဲလှပေသည်။ ရည်ရွယ်ချက်တစ်ခုတည်းသို့ အဖွဲ့သားအားလုံး၏ စိတ်အာရုံက ဦးတည်နိုင်အောင် ကြိုးစားကြရသည်။ ဤသည်မှာ အင်းသူအင်းသားများ၏ အားကျအတုယူဖွယ် လုပ်ဆောင်မှုတစ်ခုဖြစ်သည်။

တကယ်တော့ လူသားတစ်ဦးအဖို့ မိမိ၏စိတ်ကိုပင် အစိုးရဖို့ ခက်ခဲလှသည်။ ယခုတွင်ကား မိမိအပါအဝင် အဖွဲ့သားအားလုံး၏ စိတ်ကိုပါ ထိန်းချုပ်ပေးရခြင်းဖြစ်သည်။ အင်းလေးဒေသမှာ ကျင်းပမြဲဖြစ်သည့် လှေပြိုင်ပွဲများကို သာမန်မျက်စိဖြင့်ကြည့်လျှင် သာမန်ပဲမြင်ရပေမည်။ ဆိုင်းသံဗုံသံတွေ ဆူဆူညံညံနှင့် လှော်တက်အား လက်ဖြင့် လှော်ခတ်ကြသူတွေ၊ ခြေထောက်ဖြင့် လှော်ခတ်ပြီး ပြိုင်ပွဲဝင်ကြသူတွေကို ကြည့်ခြင်းအားဖြင့် အင်မတန်မှခက်ခဲလှသော စိတ်အာရုံအချင်းချင်း ပေါင်းစပ်နေကြမှုဟု မြင်မိစေချင်ပါသည်။ လှေကို ခြေထောက်ဖြင့် လှော်ခတ်ခြင်းကလည်း အင်းလေးဒေသ၏ ကျော်ကြားမှုတစ်ခုပင်။ ဘဝတွင် တချို့အရာများက မိမိတစ်ဦးတစ်ယောက်တည်း စွမ်းဆောင်ရုံမျှဖြင့် မအောင်မြင်နိုင်ပါ။ စုပေါင်းလုပ်ဆောင်ခြင်းဖြင့် အောင်မြင်မှုဆီသို့ ညီတူညာတူ သွားကြရပေသည်။

ပန်းသီးစားချင်သူအတွက် ထိုက်တန်သောငွေကြေးဖြင့် ပန်းသီးဆိုင်သို့ သွားဝယ်လိုက်လျှင် ပန်းသီးစားရမည်။ လူတစ်ဦးက ပန်းချီစာအုပ်ထဲမှာ အိမ်ပုံတစ်ပုံဆွဲတတ်ဖို့က ဝန်မလေးပါ။ သို့သော် လက်တွေ့ကျကျအိမ်ကို တည်ဆောက်ရာမှာတော့ ခဲတံတစ်ချောင်းကိုင်ပြီး မိမိဘာသာတစ်ဦးတည်းဆွဲနေ၍ မရတော့။ အများနှင့်စုပေါင်းကာ အိမ်တစ်လုံးဖြစ်အောင် တည်ဆောက်ကြရသည်။ ပန္နက်စိုက်ရာမှအစ တစ်ဦးကကြိုးကိုင် တစ်ဦးကတိုင်းတာမှုပြုလုပ်နှင့် စုပေါင်းလုပ်ဆောင်ကြရသည်။ မိမိတာဝန်ကျရာ အခန်းကဏ္ဍကို တာဝန်ကျေပွန်စွာ လုပ်ဆောင်နိုင်ပါက လူများလျှင်များသလောက် အကျိုးရှိလေသည်။ လူတစ်ဦး၏စိတ်ကူးဖြင့် အိမ်ဆောက်ခြင်းထက် လူအများ၏ စိတ်ကူးတွေကို ပေါင်းစပ်ပြီး အဆောက်အဦတစ်ခုကို ဖွဲ့စည်းလိုက်ခြင်းက ပိုမိုလှပကောင်းမွန်လာမည်မှာ အမှန်ပင်။ မိမိမှာ အကြံကောင်း ဉာဏ်ကောင်းရှိနေသလို တခြားသူများမှာလည်း အနည်းနှင့်အများ ရှိနေကြမည်ပင်။ ထို့ကြောင့် အကြောင်းအရာကိစ္စတစ်ခုကို မိမိတစ်ဦးတည်း စွမ်းဆောင်ခြင်းထက် အများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းက ပိုမိုအရာရောက်လေသည်။

အင်းသူအင်းသားများက မိမိတို့၏ဓလေ့ရိုးရာများကို တာဝန်သိသိဖြင့် ညီညီညာညာ စုပေါင်းလုပ်ဆောင်နေမှုမှာ အင်းလေးဒေသ၏ ဂုဏ်ကျက်သရေကို တိုးတက်စေသည်။ မီးထွန်းပွဲတော်များတွင်လည်း အင်းတိုက်တေးကဗျာဖြင့် အင်းသူနှင့် အင်းသားတို့၏ ရင်းနှီးခင်မင်မှုကို ဖော်ကျူးပေးကြသည်။ အင်းတိုက်တေးကဗျာဟုဆိုရာ၌ ကဗျာကို မောင်တစ်လှည့် မယ်တစ်လှည့်ဖြင့် ရွတ်ဆိုရခြင်းဖြစ်သည်။ တစ်ဖက်က ပြောဆိုလာသည့် အကြောင်းအရာအပေါ် ကျန်တစ်ဖက်မှ လိုက်လျောညီထွေ တုံ့ပြန်ပေးတတ်ခြင်းက စကားပြောဆိုရာ၌ တစ်ဦး၏ဆန္ဒကို တစ်ဦးက အသိအမှတ်ပြုပေးခြင်း ဖြစ်သည်။ လူတစ်ဦးနှင့်တစ်ဦး ဆက်ဆံပြောဆိုကြရာ၌ တစ်ဖက်က ပြောဆိုလာသည့်စကားကို မိမိက မဆီမဆိုင် ပြန်လည်ပြောဆိုလိုက်မိပါက အဆင်မပြေပါ။ လူမှုဆက်ဆံရေးနယ်ပယ်တွင်လည်း ပေါင်းသင်းဆက်ဆံမှု ညံ့ဖျင်းသူဟု သတ်မှတ်ခြင်းခံရပေမည်။ ဥပမာ "ဘာဟင်းနဲ့ ထမင်းစားခဲ့သလဲ" ဟု မေးမြန်းလာမှုတွင် မိမိဖြေလိုသည့်အတိုင်း ဖြေဆိုခွင့်မရှိ။ အမေးနှင့်အဖြေ အစပ်အဟပ်တည့်နေရမည်။ ဘာဟင်းနှင့် စားခဲ့သည်ကို သိလို၍ မေးသည်မို့ မိမိစားခဲ့သည့် ဟင်းကိုသာ ပြောပြပေးရမည်။ ပေါင်းသင်းဆက်ဆံကြသော လူသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး တစ်ယောက်နှင့်တစ်ယောက် လိုက်လျောညီထွေရှိစေရန်အတွက် မိမိ၏ဆန္ဒတစ်ခုတည်းကိုသာ ရှေ့တန်းမတင်ပါဘဲ သူတစ်ပါး၏ဆန္ဒကိုလည်း မြင်အောင်ကြည့်၍ နားလည်ပေးတတ်ရပေမည်။

အင်းသူအင်းသားများသည် မိမိတို့နေထိုင်ရာ အင်းလေးကန်ထဲ၌ တံငါလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးမှုသည် မိမိကျရောက်ရာနေရာ၌ လိုက်လျောညီထွေ ပြုမူနေထိုင်ခြင်းဖြစ်သည်။ အင်းသူအင်းသားများက မိမိရောက်ရှိသောအရပ်ဒေသ၌ မိမိနှင့်သင့်လျော်သောအလုပ်ကို ပြုလုပ်နေကြခြင်းက တချို့လူသားများအနေဖြင့် တွေးတောင်မတွေးမိတတ်ကြပါ။ ရေပေါ်မှာ မည်သို့နေမည်နည်း။ ရေပေါ်မှာနေရင်း မည်သို့သောလုပ်ငန်းတွေကို လုပ်ကိုင်ကြမည်နည်း။ စဉ်းစားစရာပင်။ သို့သော် အင်းသူ အင်းသားများကတော့ဖြင့် အခြေအနေနှင့် အကြောင်းတရားကို မှန်ကန်စွာ ပေါင်းစပ်ပေးတတ်ကြလေသည်။

ရှုမောဖွယ် မြင်ကွင်းများဖြင့် အင်းလေးဒေသ၏အလှက မြန်မာနိုင်ငံ၏ ဂုဏ်ကျက်သရေကိုလည်း ထွန်းလင်းစေသည်။ အင်းသူအင်းသားများ၏ ခင်မင်ရင်းနှီးမှု၊ ဖော်ရွေပျူငှာမှုများဖြင့် အင်းလေးကန်ကြီးက လာရောက်ကြမည့်သူများကို ကြိုနေသည်ပင်။ ထိုမှတစ်ဆင့် မှတ်သားစရာမြင်ကွင်းများ၊ အားကျအတုယူစရာပုံရိပ်များကိုလည်း လက်ဆောင်ပေးတတ်ကြသည်။ "ယူတတ်လျှင် ရသည်"ဆိုသလို ဉာဏ်မျက်စိဖြင့်ကြည့်တတ်လျှင် အင်းလေးဒေသက ကျွန်တော်တို့အတွက် အတုယူစရာ

ပန္နက်စိုက်ရာမှအစ တစ်ဦးက ကြိုးကိုင် တစ်ဦးက တိုင်းတာမှု ပြုလုပ်နှင့် စုပေါင်းလုပ်ဆောင်ကြရသည်။ မိမိတာဝန်ကျရာ အခန်းကဏ္ဍကို တာဝန်ကျေပွန်စွာ လုပ်ဆောင်နိုင်ပါက လူများလျှင် များသလောက် အကျိုးရှိလေသည်။ လူတစ်ဦး၏ စိတ်ကူးဖြင့် အိမ်ဆောက်ခြင်းထက် လူအများ၏ စိတ်ကူးတွေကို ပေါင်းစပ်ပြီး အဆောက်အဦတစ်ခုကို ဖွဲ့စည်း လိုက်ခြင်းက ပိုမိုလှပကောင်းမွန်လာ မည်မှာ အမှန်ပင်

တွေ အများကြီးဖြစ်ပါသည်။

အင်းလေးဒေသ၏ စေတနာသဒ္ဓါတရားကောင်းမွန်မှု၊ တက်ညီလက်ညီ စုပေါင်းကြိုးစားမှု၊ ဘာသာတရားအပေါ် ရှိသေကိုင်းရှိုင်းမှု၊ စည်းလုံးညီညွတ်မှုများက မြတ်နိုးစရာကောင်းသည့် ပန်းချီကားကြီးတစ်ချပ်နှယ်။ အင်းလေးဒေသ၏ စည်းလုံးမှုများကဲ့သို့ နိုင်ငံသူ နိုင်ငံသားအားလုံး ထပ်တူထပ်မျှဖြစ်နေမည်ဆိုပါက မြန်မာနိုင်ငံဟာ ကမ္ဘာ့အလယ် ထင်ပေါ်ကျော်ကြားလာမည့် နိုင်ငံတစ်ခု ဖြစ်လာပေမည်။ တစ်ဆက်တည်းမှာပဲ ကမ္ဘာ့သူ ကမ္ဘာ့သားများ၏ အထင်ကြီးလေးစားမှုများကိုလည်း ရရှိလာမည်မှာအမှန်ပင်။ ထို့ကြောင့် အများနှင့်မတူ တစ်မူကွဲပြားကာ ရေလယ်မှာနေထိုင်ကြသည့် အင်းသူအင်းသားများ၏ နှစ်သက်ဖွယ်ကောင်းသော အပြုအမူများကို တတ်အားသရွေ့ တင်ပြပေးလိုက်ခြင်းဖြစ်ပါသည်။



(၄၅) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပစဉ်။ ဓာတ်ပုံ-တင်ထွန်း(ပြန်/ဆက်)

# ရခိုင်ပြည်နယ်နေ့နှင့် ရိုးရာကျင်ကိုင်ပွဲ

**အောင်ကြည်မိုး(စစ်တွေ)**

ဒီဇင်ဘာလ ၁၅ ရက်နေ့သည် ရခိုင်ပြည်နယ်နေ့ဖြစ်၏။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၁၉၇၅ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ရခိုင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့၍ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် (၄၅) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ ဖြစ်သည်။ ရခိုင်ပြည်နယ်နေ့ကို ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ (၄၅)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားကို စစ်တွေမြို့ရှိ ဦးဥတ္တမခန်းမ၌ ကျင်းပခဲ့သည်။

ရခိုင်ရိုးရာကျင်ပွဲ၌ ရွှေမောင်းတန်း၊ ငွေမောင်းတန်း (အကြီးတန်း၊ အငယ်တန်း) နှစ်ခုခွဲ၍ ကျင်းပကြသည်။ ငွေမောင်းတန်း (အငယ်တန်း)၌ ဆုရရှိဖူးသူဖြစ်မှ ရွှေမောင်းတန်းသို့ တက်ရောက်ကစားခွင့်ရရှိသည်။ ယနေ့ခေတ်ကာလတွင် ရိုးရာကျင်ပွဲများ ပိုမိုတွင်ကျယ်လာအောင် အသက်အရွယ်အလိုက် ကျင်အတန်းစားများခွဲခြား၍ ကျင်းပလာနေကြသည်။

**ထည့်သွင်းကျင်းပ**

ရခိုင်ရိုးရာကျင်ပွဲကို ရခိုင်ပြည်နယ်နေ့နှင့် ဗုဒ္ဓပူဇနိယပွဲတော်များ၌ စည်စည်ကားကား ထည့်သွင်းကျင်းပကြသည်။ ကျင်ပြိုင်ပွဲကို ရခိုင်လူမျိုးများ၌ ကျင်ကိုင်သည်ဟု ပြောဆိုသုံးစွဲကြပြီး ကျင်ကစားသူကို ကျင်သန်ဟု ခေါ်ကြသည်။ ကျင်ကိုင်ရာတွင် ကစားသမားနှစ်ဦး (ကျင်သန်နှစ်ဦး) ပါရှိရသည်။ ကျင်တွဲတစ်တွဲဟု သတ်မှတ်၏။ ကျင်တွဲတစ်တွဲကျင်ကိုင်ကြသည်ကို တာဝန်ယူထားသော ကျင်ဒိုင်နှစ်ဦးက ဘေးကနေပြီး ထက်ကြပ်မကွာ လိုက်ကြည့်ကြရသည်။ ကျင်ကစားသမားများသည် ကျင်မကိုင်မီ ပွဲကြည့်ပရိသတ်ကို ရှိခိုးပြီးမှ ကျင်ကွင်းထဲသို့ ဝင်ရသည်။ ကျင်ကစားကွင်းကို မြေပြင်၌ ပြုလုပ်ထားပြီး ကြိုးများဖြင့် အဝန်းအဝိုင်း ပြုလုပ်ထားသည်။ ကျင်သန်များ ကျင်မကိုင်မီ ပရိသတ်များကို လှည့်လည်၍ ကျင်ကွင်း (ကျင်ဟန်ရေး)ပြကြရသည်။ ကျင်သန်များသည် ဘောင်းဘီတိုဖြင့် ကျင်ကစားခွင့်မရှိပါ။ ခန္ဓာကိုယ်အပေါ်ပိုင်းဗလာ ပုဆိုးကို ခါးတောင်းကျိုက်၍ ကြိုးဖြင့်စည်းထားရသည်။ ကျင်ကစားရာတွင် အဖမ်းနှင့်အခံရှိပြီး ဖမ်းလှည့်၊ ခံလှည့်ကို တစ်ယောက်တစ်လှည့်စီ စည်းကမ်းအတိုင်း ကျင်ဒိုင်နှစ်ဦးက ခေါင်းပန်းလှန်၍ ဆုံးဖြတ်ပေးသည်။

ကျင်ကစားသမားတစ်ဦးက အဖမ်းဆိုလျှင် အခြားကစားသမားတစ်ဦး၏ လက်နှင့် ခန္ဓာကိုယ်ကို မိမိရရ ဖမ်းဆုပ်နိုင်ရန် အခံကျင်ကစားသမားက လက်နှစ်ဖက်ကို မြှောက်ထားပြီး ခန္ဓာကိုယ်တောင့်တောင့်ထားကာ သတိဖြင့် အဖမ်းသမား၏ကျင်ကွက်ကို ကြည့်နေရပြီး ရုန်းထွက်ခွင့်ရှိသည်။ အဖမ်းကစားသမားက အခံသမားအား လိမ်ကျစ်၍ မြေပြင်ကိုလဲချချိန် အခံသမားမြေပြင်ကျသွားလျှင် အဖမ်းသမား နိုင်သည်။

**ပရိသတ်များထံ ဆုခံယူ**

အဖမ်းသမားက ဦးစွာ မြေပြင်သို့ ခြေတင်လှဲမချဘဲ အခံသမားကဦးစွာ အဖမ်းသမားအား ခြေတင်ခြေလိမ် လုပ်ခွင့်မရှိ။ အခံသမားလဲမကျလျှင် အဖမ်းသမားအား ပြန်၍ခြေလိမ်ပိုင်ခွင့်ရှိသည်။ အဖမ်းသမား မြေပြင်ကျသွားလျှင် အခံသမားအား အနိုင်အဖြစ် ဒိုင်နှစ်ဦးက သတ်မှတ်လိုက်သည်။ ကျင်တွဲတစ်တွဲ ကစားပြီးတိုင်း မဏ္ဍပ်ထဲရှိ ဒိုင်ချုပ်များထံ ချက်ချင်းသတင်းပို့ရသည်။ ကျင်ပွဲပြီးလျှင် ကျင်ကစားသမားနှစ်ဦး မဏ္ဍပ်အတွင်းရှိ ပရိသတ်များထံ ဆုခံယူကြရသည်။ ကျင်ကစားကြခြင်းသည် ရခိုင်ရိုးရာ အားကစားနည်းတစ်ခုဖြစ်ပြီး ရှေးခေတ်အဆက်ဆက် ရခိုင်မင်းများလက်ထက်ကတည်းက ဆင်းသက်လာသည့် အားကစားနည်း အတတ်ပညာတစ်ရပ်ဖြစ်သည်။ ရှေးရခိုင်မင်းများလက်ထက် ရိုးရာကျင်ကိုင်ပွဲကို နန်းတွင်းသဘင်များ၌ ကျင်းပခဲ့ကြသည်။ ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ သျှစ်သောင်းပုထိုးတော် လိုဏ်ဂူအတွင်း၌ ကျင်အားကစားနည်းကို ရုပ်လုံးရုပ်ကွင်းများဖြင့် ထွင်းထုထားခဲ့သည်ကို ယနေ့တိုင်တွေ့မြင်နေရ၍ ကျင်အားကစားနည်းအတတ်ပညာသည် ရှေးခေတ်အဆက်ဆက် ရိုးရာအားကစားနည်းအဖြစ် ရှိနေခဲ့သည်။

**အားအင်နှင့် ပရိယာယ်ကို အသုံးပြု**

ရခိုင်ရိုးရာ ကျင်ကစားနည်းသည် အားခွန်ဗလသန်မာမှုနှင့် အတတ်ပညာကို အဓိကထား ကစားရသော ကစားနည်းဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ပြင်းပြင်းထန်ထန် တိုက်ခိုက်သတ်ပုတ်ထိုးကြိတ်၊ ကန်ကျောက်ပြီး ပြိုင်ဘက်အား အနာတရဖြစ်စေသည့် ကစားနည်းမဟုတ်ဘဲ အားအင်နှင့် ပရိယာယ်ကို အသုံးပြုပြီး အဖမ်းသမားမှ အခံသမားကို မြေပြင်သို့ လှဲချနိုင်စေရေး ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ပြိုင်ပွဲ၌ ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ အားကစားစိတ်ဓာတ်အပြည့်ဖြင့် အမျိုးသားရိုးရာ အားကစား၏ အနှစ်သာရကို ဖော်ထုတ်ကြခြင်းဖြစ်သည်။

ဒီဇင်ဘာလ ၁၅ ရက်နေ့ ရခိုင်ပြည်နယ်နေ့ ကျရောက်တိုင်း ရခိုင်လူမျိုးတို့၏ အမျိုးသားရေးလက္ခဏာ၊ အမျိုးဂုဏ်ယဉ်ကျေးမှု ပေါ်လွင်စေသည့် ရခိုင်ရိုးရာ ကျင်အားကစားနည်းကို လက်ဆင့်ကမ်းထိန်းသိမ်းခြင်းအားဖြင့် ကျင်းပနေကြကြောင်း တင်ပြလိုက်ရပါသည်။

